# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914


Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၄ ရက်　　၂၀၁၅ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ တနင်္ဂနွေနေ့၊　　အတွဲ [၅၄]၊ အမှတ် [၂၇၃]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗင်နီဇွဲလားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်　ဇူလိုင်　၅**

၂၀၁၅ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကျရောက်သည့် ဗင်နီဇွဲလား ဘိုလီဗာရီယန် သမ္မတနိုင်ငံ၏လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဗင်နီဇွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံ သမ္မတ မစ္စတာနီကိုလတ်စ် မာဒူရိုမိုရော့စ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ　ဦးသိန်းစိန်နှင့် ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်ကြစဉ်။　　(ဓာတ်ပုံ-ပြန်/ဆက်)

# သီလဝါအထူးစီးပွားရေးဇုန်ကို စက်တင်ဘာလအတွင်း ဖွင့်နိုင်ရန်စီစဉ်ထား ထားဝယ်အထူးစီးပွားရေးဇုန်ကို မြန်မာ-ထိုင်း-ဂျပန် အကောင်အထည်ဖော်မည်

**တိုကျို　ဇူလိုင်　၄**

ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေးကို ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ တွင် နိုင်ငံတော်ဧည့်ဂေဟာ၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများတက်ရောက်ကြပြီး ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးနှင့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိပ်သီးအစည်းအဝေးတွင် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်မှုနှင့် သီလဝါအထူးစီးပွားရေးဇုန်၏ အောင်မြင်မှုကို အခြေခံပြီး ထားဝယ်အထူးစီးပွားရေးဇုန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင် မထိခိုက်စေဘဲ ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ရေးအတွက် ဂျပန်နိုင်ငံ၏ နည်းပညာအကူအညီရယူဆောင်ရွက်ရေး၊ ရန်ကုန်မြို့ပတ်ရထားလမ်းနှင့် ရန်ကုန်-နေပြည်တော်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်နိုင်ရေး၊ *စာမျက်နှာ ၉ ကော်လံ ၁* ✻

## ယနေ့ မာတိကာ


ကမ္ဘာ့ပတ်ရန် ကြိုးစားနေသည့် ပထမဆုံးနေစွမ်းအင်သုံး လေယာဉ် နာရီ ပေါင်း ၁၁၈ နာရီ မရပ်မနားပျံသန်းပြီး ဟာဝိုင်ယီသို့ရောက် — စာ ၄

သက္ကတအက္ခရာ၊ သက္ကတမွေးစား စကားလုံး — ဆောင်းပါး — စာ ၆

ရွှေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာ — တွေ့ဆုံမေးမြန်း — စာ ၁၁

ကုန်အမှတ်တံဆိပ် ဥပဒေကြမ်း — စာ ၁၅





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အရေးအတွက်မှ အရည်အသွေးပြည့်မီအောင် ကြိုးပမ်း

ပညာသင်ယူမှုအပိုင်းတွင် အရည်အသွေးသည် အဓိက ဖြစ်ပါသည်။ သို့သော်လည်း လူတိုင်းအတွက် ပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရေအတွက်သည်လည်း အရေးကြီးပါသည်။ အရေအတွက်မှသည် အရည်အသွေးကို မြင့်မားတိုးတက်အောင် ဆောင်ရွက်ရပါမည်။ သို့မှသာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သော လူငယ် လူရွယ်များပေါ်ထွက်လာမည်ဖြစ်ပါသည်။ အရည်အသွေးမြင့်မားအောင် သင်ကြားရေးသည် အရေးကြီးပါသည်။

မြန်မာနိုင်ငံတွင် ယခုပညာသင်နှစ်အတွင်း အခြေခံပညာနှင့် အဆင့်မြင့်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ကိုးသန်းဝန်းကျင်ရှိကြောင်း သိရပါသည်။ လူငယ် လူရွယ်များသည် အနာဂတ်နိုင်ငံတော်အတွက် လူသားအရင်းအမြစ် များဖြစ်ပါသည်။ တန်ဖိုးရှိသော လူသားအရင်းအမြစ်များကို ပြုစု ပျိုးထောင်ရာတွင် ပညာရေးသည် အဓိကအကျဆုံးဖြစ်ပါသည်။ ပညာရေးတွင် အရည်အသွေးပြည့်မီစွာ သင်ကြားပေးခြင်းဖြင့် ထူးချွန်ထက်မြက်သော လူသားအရင်းအမြစ်များ ပေါ်ထွန်းလာမည် ဖြစ်ပါသည်။

ထို့ကြောင့်လည်း ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဇူလိုင်လ ၂ ရက်နေ့တွင် မကွေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိစဉ် လမ်းညွှန်မှာကြားရာ၌ ပညာရေးကဏ္ဍအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ခွဲဝေချထားပေးသည့်အသုံးစရိတ်သည် ဝန်ကြီးဌာနအသုံးစရိတ်အားလုံး၏ အဆင့်ငါးနေရာတွင်ရှိပါကြောင်း၊ အရည်အသွေးပိုင်း၌ တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများ၏ အရည်အသွေးပြည့်ဝမှသာ သင်ယူကြသည့် ကျောင်းသား ကျောင်းသူများအရည်အသွေးပြည့်မီနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ အရည်အသွေးကို အမြဲမြှင့်တင်ကြရန် လိုအပ်ပါကြောင်း၊ သင်ကြားမှုအပိုင်းတွင် လက်တွေ့အသုံးချနိုင်သည့်အဆင့်အထိ ထိရောက်အောင် သင်ကြားသည့် သင်ကြားမှုမျိုးဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့မှသာ နောင်တစ်ချိန်တွင် မျိုးဆက်သစ်များက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်ကြမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာ ဆရာမများထံမှ ၁၀၀ ရာခိုင်နှုန်းသင်ယူမှု အပြည့်အဝရရှိစေရေး ဆရာ ဆရာမများက ရာနှုန်းပြည့်အရည်အချင်းပြည့်မီစွာ သင်ကြားပြသနိုင်ရန် လိုအပ်ပါသည်။ ဆရာ ဆရာမများ၏ သင်ကြားရေးအပိုင်းသည် အရေးကြီးလာပါသည်။ ဆရာ ဆရာမများက အရည်အသွေးပြည့်မီစွာ သင်ကြားပေးနိုင်ပါမှ ကျောင်းသား ကျောင်းသူများသည် ဒေါင်ဒေါင်မြည် ပညာတတ်များဖြစ်လာမည်ဖြစ်ပါသည်။

ဆရာ ဆရာမတိုင်း အရည်အသွေးပြည့်မီစွာ သင်ကြားရေးသည် မိမိတို့သင်ကြားပေးရသည့် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု၊ ပိုင်နိုင်မှု၊ ရင့်ကျက်မှု၊ နှံ့စပ်မှု စသောအရည်အသွေးများဖြင့် အမြဲမပြတ် ပြည့်ဝနေစေရန် လေ့ကျင့်ပျိုးထောင်နေရမည်ဖြစ်သကဲ့သို့ သင်ကြားမှုအပိုင်းတွင်လည်း အကောင်းဆုံးဖြစ်ရန် လိုအပ်ပေလိမ့်မည်။ သို့ပါ၍ အရည်အချင်းပြည့်ဝသော လူငယ်များ ပေါ်ထွန်းလာစေရန် အရေအတွက်မှသည် အရည်အသွေးပြည့်မီစွာ သင်ကြားရေးကို အလေးပေးဆောင်ရွက်သင့်ပေကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန် / နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

**သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။**

# အမ်းမြို့နယ်အတွင်းရှိ ရေဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသော ကတ္တရာလမ်းများအားပြုပြင်

**နေပြည်တော် ဇူလိုင် ၄**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်အဖွဲ့သည် ဇူလိုင် ၂ ရက်က ရွှေအမ်းမြေရိပ်သာ၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ရေဘေးသင့်ပြည်သူများ၏ လက်ရှိအခြေအနေများ၊ ကယ်ဆယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများ၊ မူလနေရာများသို့ ပြန်လည်နေရာချထားမှုအခြေအနေများ၊ လတ်တလောနှင့် ရေရှည်ဆောင်ရွက်ပေးရမည့် အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် အမ်းမြို့နယ်၌ သဘာဝရေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ အဆိုးရွားဆုံး ဖြစ်ပေါ်ခဲ့သည့် စခန်းမော်ကျေးရွာသို့ သွားရောက်၍ ကျေးရွာအတွင်းရှိ ပျက်စီးဆုံးရှုံးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ စခန်းမော်ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်းသို့ သွားရောက်ကာ ရေဘေးသင့် ဒေသခံတိုင်းရင်းသားမိသားစု ၆၄ စုအား တွေ့ဆုံအားပေးစကားများပြောကြားခဲ့၍ လတ်တလော အထောက်အပံ့အဖြစ် ဆန်၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင်နှင့် မီးဖိုချောင်သုံးပစ္စည်းများကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇူလိုင် ၃ ရက်တွင် ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သည့် အမ်းမြို့နယ် ပျဉ်းတောရပ်ကွက် မြို့ဟောင်းနှင့်မြို့သစ် ဆက်သွယ်ထားသည့် ကတ္တရာလမ်း ပြုပြင်နေမှုကို သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများ ပုံမှန်သွားလာနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ကြရေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**





## e- Library ဖွင့်လှစ်နိုင်ရေး Open Society Foundation နှင့် ပူးပေါင်းလုပ်ဆောင်

**ရန်ကုန် ဇူလိုင် ၄**

တက္ကသိုလ်များတွင် e-Library ကို အသုံးပြု၍ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ ဆရာမများ သင်ကြားသင်ယူခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့်အချက်အလက်များရှာဖွေခြင်းတို့ကို ခေတ်သစ်ပညာရေးလောက၌ ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်လာသည်ကို တွေ့ရသည်။

နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Open Society Foundation ၏ ပံ့ပိုးမှုဖြင့် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၌ e- Library ကိုအသုံးပြုနိုင်ရန် သင်တန်းပေးလျက်ရှိရာ အဆိုပါတက္ကသိုလ်ရှိ စာကြည့်တိုက်ဌာနအပါအဝင် သက်ဆိုင်ရာ ဘာသာရပ်ဌာနများမှ ဆရာ ဆရာမများနှင့် ဝန်ထမ်းသုံးဦးစီအား သင်တန်းပေးလျက်ရှိသည်။

ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ခြင်းဖြင့် ကွန်ပျူတာတွဲဖက်၍ အီးမေးလ်၊ အင်တာနက်အသုံးပြုရန် Online တွင် ပညာရပ် ဘာသာရပ် ရှာဖွေခြင်းကို စနစ်တကျအလွယ်တကူ အသုံးပြုလာနိုင်ခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပြည်တွင်းတက္ကသိုလ်များ၏ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အချိန်တိုအတွင်း အကျိုးရှိရှိ အသုံးပြုနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဒဿနိကဗေဒဌာနပါမောက္ခ ဒေါက်တာရဲလွင်က ရှင်းပြသည်။

**(ပညာရေး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၄-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၄၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၈၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၃၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၄၀.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၈.၂၀ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆ |

**ခင်ရတနာ-စုစည်းသည်။**

# သမဝါယမလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များ ကြိုးပမ်းဆောင်ရွက်လျက်ရှိ




**နေပြည်တော်  ဇူလိုင်  ၄**

**"သာတူညီမျှ သမဝါယမ"** ဆောင်ပုဒ်ဖြင့် ၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ သမဝါယမဝန်ကြီးဌာန၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Cooperative Alliance-ICA) ဖွဲ့စည်းတည်ထောင်ပြီးနောက် ၁၉၂၃ ခုနှစ်မှစပြီး နှစ်စဉ်ကျင်းပခဲ့ရာ ယခုအကြိမ် ၉၀ ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ အလားတူ မြန်မာနိုင်ငံ၌ အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားကို ကျင်းပခဲ့သည်မှာ ယခုအကြိမ်တွင် ၂၁ ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း။

အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်သည် နိုင်ငံတကာရှိ သမဝါယမအသင်းများအချင်းချင်း ရင်းနှီးစွာ ပေါင်းသင်းထိတွေ့နိုင်ရန်နှင့် စီးပွားရေးအားဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ပြီး နိုင်ငံပေါင်း ၉၅ နိုင်ငံမှ အဖွဲ့ဝင်အသင်းပေါင်း ၂၈၀ ကျော်နှင့် သမဝါယမစီးပွားရေးလုပ်ငန်းများကို အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာတစ်ဝန်း ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများက ဖော်ဆောင်ပေးသည့် အလုပ်အကိုင်အခွင့်အလမ်းများထက် သမဝါယမလုပ်ငန်းများက သန်း ၁၀၀ ပိုမို ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ ထိုအောင်မြင်မှုများကြောင့် သမဝါယမလုပ်ငန်းများသည် အကြီးဆုံး လူမှုစီးပွားရေးလုပ်ငန်းဖြစ်ပြီး ကမ္ဘာ့လူဦးရေထက်ဝက်ဖြစ်သော လူသန်းပေါင်း ၃၀၀၀ ၏ အသက်မွေးဝမ်းကျောင်းများကို ခိုင်မာစေခဲ့ပါကြောင်းဖြင့် ကုလသမဂ္ဂက ထုတ်ပြန်ခဲ့ပါကြောင်း။

မိမိတို့ ပေါင်းကူးဆက်နွယ်ရာ ကမ္ဘာကြီးတွင် မညီမျှမှုများ တစ်နေ့တခြား မြင့်တက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ဝင်ငွေကွာဟမှုသည် ပြီးခဲ့သောနှစ်များအလွန်တွင် ပိုမိုကြီးမားလာပါကြောင်း၊ မကြာမီကထုတ်ပြခဲ့သည့် Credit Suisse ၏ အစီရင်ခံစာတစ်စောင်တွင် ကမ္ဘာ့လူဦးရေ၏ အထက်တန်းလွှာ ၁ ရာခိုင်နှုန်းသည် ကမ္ဘာ့ချမ်းသာမှု၏ တစ်ဝက်နီးပါးကို ပိုင်ဆိုင်ထားပြီး ကမ္ဘာ့လူဦးရေထက်ဝက်ရှိ အောက်ခြေအဆင့်လူများသည် ချမ်းသာကြွယ်ဝမှု၏ ၁ ရာခိုင်နှုန်းအောက်နည်းသော ပမာဏကို ပိုင်ဆိုင်သည်ဟု ခန့်မှန်းဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ မညီမျှမှုများသည် ပုံစံအမျိုးမျိုးနှင့်ဖြစ်ပေါ်နေပြီး လူမျိုး၊ ဒေသသွင်ပြင်လက္ခဏာ သို့မဟုတ် ကျား/မ၊ အသက်အရွယ် ပုဂ္ဂိုလ်ရေးစရိုက်လက္ခဏာများအပေါ်တွင် ကြီးမားစွာ သက်ရောက်လျက်ရှိပါကြောင်း။

အဆိုပါ မညီမျှမှုများကို တန်းတူရည်တူ သာတူညီမျှ ဖြစ်စေရန်ဆောင်ရွက်ပေးနိုင်သည့်အဖွဲ့အစည်းမှာ သမဝါယမဖြစ်ပြီး သမဝါယမ၏ အနှစ်သာရ၊ ကျင့်ဝတ်များကို ကြည့်ခြင်းအားဖြင့် တွေ့ရှိနိုင်ပါကြောင်း၊ သမဝါယမစနစ်သည် ၁၉ ရာစု အလယ်ပိုင်းတွင် စတင်ဖြစ်ပေါ်ခဲ့ပြီး အမျိုးသား၊ အမျိုးသမီးတန်းတူ မဲဆန္ဒပေးပိုင်ခွင့်ကို ကျင့်သုံးခဲ့၍ ကျား၊ မ တန်းတူညီမျှခြင်းဆိုသည့် သမဝါယမ၏ သန္ဓေပါအခွင့်အရေးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေပြီး သမဝါယမဝန်ကြီးဌာနကလည်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅ ခုနှစ် ဇူလိုင်လပထမပတ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျေးလက်ဒေသအိမ်ထောင်စုပေါင်း ရှစ်သန်းကျော်ရှိသည့်အနက် အိမ်ထောင်စုပေါင်း သုံးသန်းကျော်သည် အရင်းအနှီးချေးငွေကျပ် ၃၈၈ ဘီလီယံကျော် ခံစားနေကြရပြီး အရစ်ကျငွေချေစနစ်ဖြင့် လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံး စက်ပစ္စည်း ၁၅၄၂၈၉ စီးကို ရောင်းချထား၍ ၃၇၉၄ စီးသည် ငွေအကျေပေးသွင်းနိုင်ခဲ့သည်ကို သိရပါကြောင်း။

ငွေကြေးအဖွဲ့အစည်းများကို လက်လှမ်းမမီနိုင်သည့် အခြေခံပြည်သူများ အရင်းအနှီးရရှိခြင်း၊ မိမိဘာသာ ရပ်တည်နိုင်ခြင်း၊ နောက်ပိုင်း အမှီအခိုကင်းကင်းနှင့် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းစသည့် ရည်ရွယ်ချက်ကောင်းများဖြင့် ဆောင်ရွက်နေသော လုပ်ငန်းဖြစ်သည့်အတွက် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင်တွန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယခင်က ခိုင်မာကောင်းမွန်သော သမဝါယမအခြေခံသဘောတရားများကို လိုက်နာခြင်းမပြုကြဘဲ မည်ကာမတ္တ သမဝါယမအသင်းများဖွဲ့စည်းခဲ့ကြခြင်း၊ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အရည်အသွေးမီ ဝန်ဆောင်မှုများ ပေးနိုင်ခြင်းမရှိဘဲ အရေအတွက်အရသာ ဆောင်ရွက်ခဲ့ကြခြင်းတို့ကြောင့် သမဝါယမကဏ္ဍအပေါ် လူထု၏အထင်အမြင် လွဲမှုများ ဖြစ်ပေါ်စေခဲ့သည့် အတိတ်ကအမှားများကို သင်ခန်းစာယူပြုပြင်သွားရမည်ဖြစ်ပါကြောင်း၊ သမဝါယမအခြေခံသဘောတရားများပြန့်ပွားရေး၊ အသင်းဖွဲ့စည်းမှုမှန်ကန်ရေး၊ စာရင်းဇယားများ ပြည့်စုံတိကျမှန်ကန်ရေး၊ စစ်ဆေးကြပ်မတ်ရေး၊ ပညာပေးရေး၊ သင်တန်းများပို့ချရေး၊ သတင်းမီဒီယာတိုးချဲ့ရေးနှင့် သုတေသနပြုရေးတို့ကို အလေးထားဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း။

သမဝါယမဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ်တွင် အသင်းသားပြည်သူများ၏ ယုံကြည်မှုတည်တံ့ခိုင်မာလာရေးနှင့် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်မှ ပေးပို့သည့်သဝဏ်လွှာကို အစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းစုချုပ် ဒါရိုက်တာအဖွဲ့ဝင် သမဝါယမတက္ကသိုလ်(သန်လျင်)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာဌေးဌေးလွင်က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးခဲ့ကြသူများနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုခဲ့ကြသည့် အသင်းအဖွဲ့များ၊ သမဝါယမနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါးနှင့် ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုတံဆိပ်များ ပေးအပ်ခဲ့သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတဦးညဏ်ထွန်းသည် သမဝါယမဝန်ကြီးဌာနအတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် သမဝါယမပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးညဏ်ထွန်း သမဝါယမဝန်ကြီးဌာနအတွင်း ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သမဝါယမပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမေရိကန်နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်  ဇူလိုင်  ၄**

ဇူလိုင် ၄ ရက်တွင် ကျရောက်သည့် အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အမေရိကန်ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျွန် အက်ဖ် ကယ်ရီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဗင်နီဇွဲလားလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော်  ဇူလိုင်  ၅**

၂၀၁၅ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကျရောက်သည့် ဗင်နီဇွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဗင်နီဇွဲလားဘိုလီဗာရီယန် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ဒယ်လ်စီ ရိုဒရီဂွေ့ဇ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## မက္ကဆီကိုနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးကျော်တင် ခန့်အပ်လွှာပေးအပ်

**နေပြည်တော်  ဇူလိုင်  ၅**

မက္ကဆီကိုပြည်ထောင်စုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်တင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် ဇွန် ၁၉ ရက်တွင် မက္ကဆီကိုမြို့တော်၌ မက္ကဆီကိုပြည်ထောင်စုနိုင်ငံ သမ္မတ မစ္စတာ အင်န်ရစ်ခ် ပီညဲ နီတိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ဗီယက်နမ်ကွန်မြူနစ် ပါတီဥက္ကဋ္ဌ ပထမဦးဆုံးအကြိမ် အမေရိကန်သို့ သွားရောက်လည်ပတ်မည်

**ဟန္နိုင်း ဇူလိုင် ၄**

လာမည့်အပတ်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ အကြီးအကဲ အမေရိကန်သို့ ပထမအကြိမ်သွားရောက်လည်ပတ်မည်ဖြစ်ပြီး သမ္မတ အိုဘားမားအနေနှင့် ဗီယက်နမ်သို့ ယခုနှစ်ကုန်ပိုင်းတွင် လာရောက်မည်ဟု မျှော်လင့်ရကြောင်း ၎င်းကဆိုသည်။

နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှစ်(၂၀) ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံအကြား ယုံကြည်မှုတည်ဆောက်ပြီး အခွင့်အလမ်းကောင်းများ ပိုမိုပုံဖော်ကြရန် မျှော်လင့်ကြောင်း ပါတီအထွေထွေအတွင်းရေးမှူးချုပ် ငုယင်ဖူထန်က ပြောသည်။

ထန်အနေနှင့် အင်္ဂါနေ့တွင် အိမ်ဖြူတော်သို့ လာရောက်မည်ဖြစ်ပြီး နှစ်နိုင်ငံခေါင်းဆောင်များသည် ကုန်သွယ်ရေး၊ လူ့အခွင့်အရေးနှင့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြမည်ဖြစ်သည်။ အိုဘားမား၏ ဗီယက်နမ်သို့ ပထမဆုံးခရီးစဉ်ကို အတည်မပြုနိုင်သေးပေ။

နိုဝင်ဘာလတွင် အိမ်နီးချင်း ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အစည်းအဝေးသို့ အိုဘားမားတက်ရောက်မည်ဟု မျှော်လင့်ရသည်။

ထန်သည် သောကြာနေ့က သတင်းထောက်တစ်စုနှင့်တွေ့ဆုံပြီး ၎င်းတို့၏မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားပေးခဲ့သည်။

ကမ္ဘာပေါ်ရှိ နှစ်နိုင်ငံကြား ဆက်ဆံရေးများကဲ့သို့ပင် ဗီယက်နမ်နှင့် အမေရိကန်နိုင်ငံတို့အကြား ဒီမိုကရေစီစနစ်၊ လူ့အခွင့်အရေးနှင့် ကုန်သွယ်ရေးတို့အပေါ်ထားရှိသော သဘောထားအမြင်များ ကွဲပြားခြားနားကြကြောင်း ထန်က အေပီသတင်းဌာန၏ မေးခွန်းအပေါ် ခွန်းတုံ့ပြန်ဖြေဆိုသည်။

မတူညီမှုများကို ဖြေရှင်းရန် အထိရောက်ဆုံးနည်းလမ်းမှာ နှစ်ဦးနှစ်ဖက် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးရန်ဖြစ်ပြီး သို့မှသာ နှစ်နိုင်ငံဆက်ဆံရေးအတားအဆီးများကို ကျော်လွှားနိုင်မည်ဖြစ်ကြောင်း ထန်က ရေးသားဖော်ပြခဲ့သည်။ **(ပီတီအိုင်)**




# ကမ္ဘာပတ်ရန်ကြိုးစားနေသည့် ပထမဆုံးနေစွမ်းအင်သုံးလေယာဉ် နာရီပေါင်း ၁၁၈ နာရီ မရပ်မနားပျံသန်းပြီး ဟာဝိုင်ယီသို့ရောက်

**ဟိုနိုလူလူ ဇူလိုင် ၄**

ကမ္ဘာပတ်ရန်ကြိုးစားနေသည့် ပထမဆုံးနေစွမ်းအင်သုံး Solar Impulse 2 သည် ပစိဖိတ်သမုဒ္ဒရာကို ၁၁၈ နာရီကြာမရပ်မနားပျံသန်းခဲ့ပြီးနောက် သောကြာနေ့ ဒေသစံတော်ချိန် နံနက် ၅ နာရီ ၅၁ မိနစ်တွင် ဟာဝိုင်ယီပြည်နယ် ဟိုနိုလူလူမြို့ရှိ ကာလေလောလေဆိပ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံးလေယာဉ်သည် ဂျပန်နိုင်ငံ နာဂိုယာမှ ကီလိုမီတာ ၈၂၀၀ ကွာဝေးသော ကာလေလောလေဆိပ်သို့ မရပ်မနား ပျံသန်းလာခြင်းဖြစ်သည်။ ဆွစ်ဇာလန်လေယာဉ်မှူး အင်ဒရေးဘော့ရှ်ဘတ်သည် အဆိုပါ လေဆိပ်သို့ဆင်းသက်ရန် တစ်နာရီမက အချိန်ယူခဲ့ရပြီး နောက်ဆုံးတွင် အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်ဟု ဆိုသည်။

အဆိုပါလေယာဉ်သည် ဟိုနိုလူလူကောင်းကင်ယံသို့ ဒေသစံတော်ချိန် နံနက် ၂ နာရီကတည်းက ရောက်ရှိခဲ့သော်လည်း လေဆိပ်အလင်းရောင်ကောင်းစွာမမြင်ရ၍ အချိန်လေးနာရီကြာ ကောင်းကင်တွင်ဝဲပျံခဲ့ရပြီး အရုဏ်မိုးသောက်အလင်းရောက်မှသာ ဆင်းသက်နိုင်ခဲ့သည်ဟု ဆိုသည်။

ယင်းလေယာဉ်သည် မတ် ၉ ရက်မှစ၍ ယူအေအီးနိုင်ငံ အဘူဒါဘီမှ ခရီးစတင်ခဲ့ရာ ကမ္ဘာပတ်ခရီး ကီလိုမီတာ ၃၅၀၀၀ ၏ ရှစ်နေရာမြောက် ဟာဝိုင်ရီ တွင် ခရီးတစ်ထောက်ရပ်နားခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်သည် မူလက တရုတ်နိုင်ငံ နန်နင်းမှ မေ ၃၁ ရက်တွင် ဟာဝိုင်ယီသို့ ထွက်ခွာရန် ပြင်ဆင်ထားခဲ့သော်လည်း ရာသီဥတုအခြေအနေကြောင့် ဂျပန်တွင်ဆင်းသက်ခဲ့ရသည်ဟုဆိုသည်။ ယင်းလေယာဉ်သည် မြန်မာနိုင်ငံ မန္တလေးမြို့တွင်လည်း ခရီးတစ်ထောက်ရပ်နားခဲ့သော လေယာဉ်ဖြစ်သည်။

ဆိုလာလေယာဉ် Impulse 2 သည် ဟိုနိုလူလူမှ အရီဇိုးနားပြည်နယ် ဖီးနစ်မြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး ယင်းမှတစ်ဆင့် အတ္တလန္တိတ်သမုဒ္ဒရာကို ကျော်ဖြတ်ကာ အဘူဒါဘီသို့ ပြန်လည်ဆင်းသက်ရန်စီစဉ်ထားသည်။ ယင်းဆိုလာ လေယာဉ်ကို ၁၂ နှစ်ကြာ အချိန်ယူတည်ဆောက်ခဲ့ရပြီး လေယာဉ်တောင်ပံများပေါ်တွင် ဆိုလာဆဲလ် ၁၇၀၀၀ တပ်ဆင်ထားသည်။ ကမ္ဘာတစ်ပတ် ပတ်မိစေရန် ပျံသန်းရက် ၂၅ ရက်ကြာမြင့်လိမ့်မည်ဟု ခန့်မှန်းထားသည်။ ၁၂ ခုမြောက် ခရီးစဉ်ကို အမြန်နှုန်း တစ်နာရီကီလိုမီတာ ၅၀ မှ ၁၀၀ ကြား မောင်းနှင်ခဲ့ပြီး ဟာဝိုင်ယီလမ်းကြောင်းတွင် တစ်နာရီကီလိုမီတာ ၇၀ နှုန်းဖြင့် ပျံသန်းခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ဆော်ဒီဦးဆောင်၍ ယီမင်၌ လေကြောင်းတိုက်ခိုက်

**ဆာနား ဇူလိုင် ၄**

ဇူလိုင် ၃ ရက်က ယီမင်တွင် ဆော်ဒီဦးဆောင်လေကြောင်း တိုက်ခိုက်မှုများကြောင့် လူ ၁၆ ဦးသေဆုံးခဲ့ကြောင်း နိုင်ငံ၏ နယ်ပယ်အတော်များများကို လွှမ်းမိုးထားသော ဟူသီတပ်ဖွဲ့များက ပြောခဲ့သည်။ ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ဘေးဒုက္ခရောက်သော ပြည်သူများကို ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးနိုင်ရန် စစ်ပွဲကို ခေတ္တခဏရပ်စဲပေးရန် တောင်းဆိုခဲ့သည်။

ဖြုတ်ချခံသမ္မတ မန်ဆောဟာဒီကို အာဏာပြန်လည်ရရှိရန် လှုံ့ဆော်မှုများစတင်သည့် မတ်လကတည်းက အာရပ်မဟာမိတ်တပ်ဖွဲ့များသည် အီရန်မဟာမိတ် ဟူသီတပ်ဖွဲ့များနှင့် အခြားမဟာမိတ်အဖွဲ့များကို လက်နက်ကြီးများဖြင့် အဆက်မပြတ် တိုက်ခိုက်ခဲ့သည်။

မြို့တော်ဆာနားခရိုင်ရှိ အယ်လ်ဂျာရတ်ဒေသကို အရုဏ်ဦးလေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးအပါအဝင် လူခြောက်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဟူသီသတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။

ဟူသီလက်အောက်ခံ ဆာနားသတင်းအေဂျင်စီက ဆော်ဒီဦးဆောင်တပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် လူ ၁၁ ဦး သေဆုံးခဲ့ကြောင်း ဖော်ပြခဲ့သည်။ နောက်ထပ် ဟူသီရှစ်ဦးလည်း ပင်လယ်နီဆိပ်ကမ်းမြို့တော်ရှိ ပြည်သူ့စာကြည့်တိုက် ပေါက်ကွဲမှုကြောင့် အသက်သေဆုံးခဲ့ရသည်။

အရုဏ်ဦးတိုက်ခိုက်မှုတွင် လေယာဉ်များက သတင်းအချက်အလက်ဝန်ကြီးဌာနကို တိုက်ခိုက်ခဲ့ရာမှ အနီးဝန်းကျင်ရှိ အဆောက်အအုံများ မီးလောင်ကျွမ်းခဲ့ကြောင်း ဒေသတွင်း ဆာနားသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ **(ရိုက်တာ)**

# အစ္စရေးသို့ ဒုံးကျည်များပစ်ခတ်မှု အီဂျစ်ရှိ အိုင်အက်စ်အဖွဲ့ဝင်များလက်ချက်ဟုဆို

**ဂျေရုဆလင် ဇူလိုင် ၄**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်ရှိ စစ်သွေးကြွများသည် သောကြာနေ့က အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်များ ပစ်ခတ်ခဲ့သည်။

အဆိုပါဖြစ်ရပ်တွင် အသေအပျောက် မရှိသော်လည်း အစ္စလာမ့်စစ်သွေးကြွများနှင့် အီဂျစ်လုံခြုံရေး အင်အားစုများအကြား ဖြစ်ပွားနေသော တိုက်ပွဲများနှင့် ဆက်စပ်မှုရှိကြောင်း သိရသည်။

ဆိုင်းနိုင်းရှိ အိုင်အက်စ်အဖွဲ့ဝင် အပေါင်းအပါများက Grad ဒုံးကျည်သုံးစင်းကို အသိမ်းပိုက်ခံ ပါလက်စတိုင်းမြေသို့ ပစ်လွှတ်ခဲ့သည်ဟုပြောကြောင်း ၎င်းတို့ကို ထောက်ခံသူများက တွစ်တာ၌ ဖော်ပြထားသည်။

အစ္စရေးစစ်ဘက်ဆိုင်ရာများက ဒုံးကျည်များသည် အစ္စရေး၊ ဂါဇာကမ်းမြောင်ဒေသနှင့် စူးအက်တူးမြောင်းတို့ကို နယ်နိမိတ်ခြားထားသည့် ဆိုင်းနိုင်းကျွန်းဆွယ်မှ ပစ်ခတ်လာခြင်းဖြစ်သည်ဟု ဆိုသည်။ ဒုံးကျည်အကြွင်းအကျန် အစအနများကို တွေ့မြင်ရကြောင်း အစ္စရေးရဲများက ပြောသည်။ ထိခိုက်မှုနှင့် သေကြေပျက်စီးမှုမရှိပေ။

အစ္စရေးစစ်ဘက်ဆိုင်ရာက ဇူလိုင် ၃ ရက်က အီဂျစ်နယ်စပ်တစ်လျှောက် တောင်ပိုင်းရှိအမြန်လမ်းကို ပိတ်ခဲ့သည်။ အီဂျစ်လုံခြုံရေး အင်အားစုများက အီဂျစ်တို့ ပိုင်နက်နယ်မြေမှ ဒုံးကျည်ပစ်ခတ်လိုက်သည်ဟူသော ခိုင်မာသည့် အထောက်အထားဖော်ပြချက်မရှိသေးကြောင်း ပြောဆိုခဲ့သည်။

အဆိုပါဒုံးကျည်ပစ်ခတ်မှုသည် ဆိုင်းနိုင်းတွင်ဖြစ်ပွားနေသော တိုက်ပွဲနှင့် ပတ်သက်မှုရှိကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ လွန်ခဲ့သောရက်အနည်းငယ်အတွင်းက ကန္တရဒေသများတွင် လေကြောင်းတိုက်ခိုက်မှုကြောင့် လူများစွာ သေဆုံးခဲ့သည်။ **(ရိုက်တာ)**

# တောင်ကိုရီးယား ရေတပ်အရာရှိအား တရုတ်အတွက် သူလျှိုဆောင်ရွက်မှုဖြင့်ဖမ်းဆီး

**ဆိုးလ် ဇူလိုင် ၄**

စစ်ရေးလျှို့ဝှက်ချက်များကို တရုတ်နိုင်ငံသို့ တိတ်တဆိတ် ပေါက်ကြားစေမှုဖြင့် တောင်ကိုရီးယား ရေတပ်အရာရှိတစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ကာကွယ်ရေးဆိုင်ရာ လုံခြုံရေးစစ်တိုင်း ဗိုလ်မှူးသည် တရုတ်နိုင်ငံ၌ ၎င်းပညာသင်ကြားနေစဉ် ၂၀၀၉ မှ ၂၀၁၂ ခုနှစ်အတွင်း လုံခြုံရေးအဆင့်သတ်မှတ်ထားသော သတင်းအချက်အလက်များအား တရုတ်သူလျှိုတစ်ဦးထံ ပေးအပ်ခဲ့သည့်အတွက် အရေးယူခံရသည်ဟု သိရသည်။

၎င်းသည် ငွေကြေးအတွက် တက္ကသိုလ်ကျောင်းသားတစ်ဦးထံ စစ်သုံးပစ္စည်းများ တိတ်တဆိတ်ပေးပို့ခဲ့သည်။ အဆိုပါ တရုတ်ကျောင်းသားမှာ သူလျှိုတစ်ဦးဟု တောင်ကိုရီးယားအာဏာပိုင်များက ယူဆသည်။

ပြီးခဲ့သည်လကလည်း ကာကွယ်ရေးဆိုင်ရာ လုံခြုံရေးစစ်တိုင်းမှ အရာရှိနှစ်ဦးအား လက်နက်ကုန်သည်များကို လျှို့ဝှက်သတင်းပေးပို့ခဲ့သည့်အတွက် တစ်ဦးကို ထောင်ဒဏ်ခြောက်နှစ်နှင့် နောက်တစ်ဦးကို လေးနှစ် အသီးသီးချမှတ်ခဲ့သည်။

အဆိုပါဖြစ်ရပ်သည် သူလျှိုဆောင်ရွက်မှုကို တားဆီးကာကွယ်ရေးနှင့် စစ်တပ်အတွင်း စည်းကမ်းကောင်းမွန်စေရေးကို ဆောင်ရွက်နေသော ကာကွယ်ရေးဆိုင်ရာ လုံခြုံရေးစစ်တိုင်းကို ထိတ်လန့်တုန်လှုပ်စေခဲ့သည်။ **(ပီတီအိုင်)**

# ၂၀၁၆ အိမ်ဖြူတော်ပြေးလမ်းတွင် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကန်တို့အတွက် စိန်ခေါ်မှုများ

**ထွန်းတောက်**


နိုင်ငံရေးလေ့လာသူများက ယခုပစ္စုပ္ပန်ကာလအချိန်တွင် အမေရိကန် ပြည်ထောင်စု၌ ပြောင်းလဲမှုများစွာဖြစ်ပေါ်နေသည့်အတွက် ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်မည်သူအနိုင်ရနိုင်သည်ကိုခန့်မှန်းရခက်ခဲနေသည်ဟု ယူဆကြသည်။

နိုင်ငံရေးသုတေသီ အေရွန်ဒေးဗစ်မင်လာက သမ္မတရွေးကောက်ပွဲတွင် နိုင်ခြေရှိသူကို ခန့်မှန်းရာ၌ထည့်သွင်းစဉ်းစားရမည့်အချက်များကို မကြာမီက ဝက်ဘ်ဆိုက်တွင် လွှင့်တင်ထားသည်။

**၁။အာဏာရပါတီက ဆက်လက်အနိုင်ရတတ်ခြင်း**

၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် အာဏာရ ဒီမိုကရက်တစ်ပါတီ ဆက်လက်အောင်ပွဲခံနိုင်မည့်အကြောင်းများရှိသည်။ ခေတ်သစ်သမိုင်း၌ သမ္မတရွေးကောက်ပွဲခုနစ်ကြိမ်တွင် ဒီမိုကရက်တစ်ပါတီက ငါးကြိမ်မျှအနိုင်ရရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

၂၀၁၆ ခုနှစ်၌ဒီမိုကရက်တစ်ပါတီ အနိုင်ရရှိရန်မှာ ကွန်ဂရက်လွှတ်တော်တွင် ဒီမိုကရက်တစ်ဥပဒေပြုအမတ်နေရာ ၂၇၀ လိုမည်ဖြစ်ရာ ကယ်လီဖိုးနီးယား




ပြည်နယ်ကိုထိန်းချုပ်နိုင်ရုံမျှဖြင့် ၅၅ မဲရပြီးသား ဖြစ်နေခြင်းကြောင့် ဒီမိုကရက်တစ်ပါတီအင်အားသာ နိုင်ပေသည်။

ထို့ပြင် ဒီမိုကရက်တစ်ပါတီကိုယ်စားပြု ယှဉ်ပြိုင်မည့်သမ္မတလောင်း ဟီလာရီကလင်တန်တွင် အားသာချက်များအဖြစ် ပြည်သူတို့ အသိအမှတ်ပြုခံထားရခြင်း၊ ရန်ပုံငွေအမြောက်အမြားရနိုင်သည့် အဆက်အသွယ်များပြားခြင်း၊ ပါတီတွင်းစိန်ခေါ်မည့်သူမရှိခြင်း၊ လူကြိုက်များသည့်သမ္မတဟောင်း၏ဇနီးဖြစ်နေခြင်း စသည်များအပြင် ပြိုင်ဘက် ရီပတ်ဘလစ်ကန်ပါတီတွင် အုပ်စုကွဲနေခြင်း၊ အမေရိကန်သမိုင်းတွင် သမိုင်းတွင်မည့် ပထမဆုံးအမျိုးသမီးသမ္မတ ဖြစ်လာနိုင်ခြင်းဟူသော ထူးခြားသည့်လက္ခဏာများရှိနေသည်ကို တွေ့ရှိရသည်။

သို့သော် ဟီလာရီကလင်တန်တွင် ရှိနေသည့်အားနည်းချက်များမှာ အမေရိကန်နိုင်ငံရေးလောကတွင် ကျင်လည်ပြီးသားလူဟောင်းဖြစ်နေခြင်း၊ ဘင်ဂါဇီ အမေရိကန် သံရုံးပြဿနာရှိနေခြင်း၊ ကလင်တန်ဖောင်ဒေးရှင်း (Climton Global Imitiatives) အဖွဲ့သို့ နိုင်ငံခြားမှအလှူငွေများ စီးဝင်နေခြင်း၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ပုဂ္ဂိုလ်ရေးအီးမေးအကောင့်အသုံးပြုခြင်းစသည့် ချို့ယွင်းချက်များပင်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၏ နိုင်ငံရေးသမိုင်းအစဉ်အလာအရ အာဏာရ နိုင်ငံရေးပါတီတစ်ရပ်သည် သမ္မတသက်တမ်း သုံးကြိမ်ဆက်တိုက် ဆက်လက်အာဏာရရှိလာခဲ့ဖူးသည်။ ဥပမာအားဖြင့်သမ္မတဂျော့ဘုရှ်(စီနီယာ) သက်တမ်းတစ်ကြိမ်၊ ပြီးနောက် သမ္မတဂျော့အိတ်ချ်ဒဗလျူဘုရှ်သမ္မတ သက်တမ်းနှစ်ကြိမ်ဖြင့် ရီပတ်ဘလစ်



ကန်ပါတီသည် သုံးကြိမ်ဆက်တိုက်အာဏာ ရရှိလာခဲ့ဖူးသည်။

ထို့ကြောင့် ထိုအစဉ်အလာမျိုးအရ ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဟီလာရီကလင်တန်အနိုင်ရရှိနိုင်ပြီး ဒီမိုကရက်တစ်ပါတီ သုံးကြိမ်ဆက်တိုက် အာဏာရရှိလာနိုင်ကြောင်း၊ သို့သော် အမေရိကန်ပြည်သူတို့သည် ပါတီတစ်ရပ် နှစ်ကြိမ်ဆက်တိုက် အာဏာရရှိမှုကို ငြီးငွေ့လေ့ရှိပြီးနောက် တခြားပါတီကိုရွေးကောက်လေ့ရှိသည်ဟု နိုင်ငံရေးသုတေသီမင်လာက သုံးသပ်ထားသည်။

**၂။ လက်ရှိသမ္မတ၏နိုင်ငံရေးဩဇာ**

နောက်ထပ်အရေးကြီးသည့်အချက်မှာ ယခုလက်ရှိအချိန်၌ သမ္မတ အိုဘားမား၏ ဦးဆောင်နိုင်မှု အခြေအနေနှင့် ၂၀၁၆ ခုနှစ်နှောင်းပိုင်းတွင် အိုဘားမားအပေါ် ပြည်သူတို့၏ ထောက်ခံမှုအခြေအနေများ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် သမ္မတအပေါ် လူထုထောက်ခံမှု စစ်တမ်းများကို အချိန်အခါအားလျော်စွာကောက်ယူလေ့ရှိပြီး လူထုထောက်ခံမှုအနည်းအများကွဲပြားချက် အများဆုံးရရှိသည့် သမ္မတများစာရင်းတွင် အိုဘားမားလည်းပါဝင်သည်။ ၂၀၀၉ ခုနှစ် သမ္မတတာဝန်စတင်သည့်အချိန်မှ အိုဘားမားအပေါ် လူထုထောက်ခံမှုစစ်တမ်းများကိုကောက်ယူလေ့လာခဲ့ကြသည်။

သမ္မတအိုဘားမားအပေါ် လူထုထောက်ခံမှုမှာနည်းလိုက်များလိုက် မတည်မငြိမ်ဖြစ်မှုကို ရီပတ်ဘလစ်ကန်နိုင်ငံရေးသမားများက အခွင့်ကောင်းယူ၍ဒီမိုကရက်တစ်သမ္မတလောင်းကို ကန့်ကွက်ဝေဖန်ကြမည်ဖြစ်သည်။

အထူးသဖြင့် ဟီလာရီကလင်တန်ကို ကန့်ကွက်ရန်ပိုမိုလွယ်ကူမည်ဟု သုတေသီမင်လာကဆိုသည်။ အိုဘားမား၏ ပထမသမ္မတ သက်တမ်းတွင် နိုင်ငံခြားရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည့် ဟီလာရီကလင်တန်အပေါ် အိုဘားမား၏ နိုင်ငံရေးဩဇာများလွှမ်းမိုးနေမည်သာဖြစ်သည်။

အာဖရိကန္ဒယ်ဖွား အမေရိကန်နိုင်ငံသားများ၊ ဟစ်ပင်းနစ်မျိုးနွယ်စုနှင့် လူငယ်မဲဆန္ဒရှင်များ၏ ထောက်ခံမှုရရှိရန် ဟီလာရီသည် အိုဘားမားကို အားကိုးရမည် ဖြစ်သည်။

ထို့ကြောင့် ဒုတိယသမ္မတသက်တမ်းအဆုံးတွင် အိုဘားမားအပေါ် လူထုထောက်ခံမှုရာခိုင်နှုန်းသည် သမ္မတရွေးကောက်ပွဲအတွက် အလွန်အရေးပါသည်။ နိုင်ငံရေးပညာရှင်တစ်ဦး၏ ခန့်မှန်းချက်အရ အိုဘားမားအပေါ် လူထုထောက်ခံမှု ၅၀ ရာခိုင်နှုန်းအောက်လျော့ကျလျှင် ရီပတ်ဘလစ်ကန်သမ္မတလောင်းအတွက် အခြေအနေကောင်းသည်။ ၅၀ ရာခိုင်နှုန်းအထက်ကျော်လျှင် ဒီမိုကရက်တစ်သမ္မတလောင်း နိုင်ခြေရှိသည်။ ယခုနှစ် ဧပြီလကုန်တွင် အိုဘားမားအပေါ် လူထုထောက်ခံမှုမှာ ၄၈ ရာခိုင်နှုန်းရှိသည်။

**၃။ ရီပတ်ဘလစ်ကန်သမ္မတလောင်းအတွက် စိန်ခေါ်မှု**

ရီပတ်ဘလစ်ကန်သမ္မတလောင်းအတွက် စိန်ခေါ်မှုမှာ ပြိုင်ဘက်ဒီမိုကရက်တစ်ပါတီမှ လူကြိုက်များနေသည့်သမ္မတလောင်းအပြင် ပြည်ထောင်စုအတွင်း လူမျိုးနွယ်အုပ်စုဝင်များ အရေအတွက် ပမာဏပြောင်းလဲခြင်းများလည်း ပါဝင်သည်။

၂၀၁၂ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ရီပတ်ဘလစ်ကန် သမ္မတလောင်းမစ်ရွမ်းနီသည် လူဖြူအုပ်စု၏ထောက်ခံမှု ၅၉ ရာခိုင်နှုန်းရရှိခဲ့သည်။ လူဖြူအများစုက မစ်ရွမ်းနီကိုထောက်ခံခဲ့ကြသော်လည်း မစ်ရွမ်းနီရှုံးနိမ့်ခဲ့သည်။

ဒီမိုကရက်တစ် အမတ်လောင်းအိုဘားမားသည် လူဖြူလူနည်းစု ၄၀ ရာခိုင်နှုန်းနှင့် အာဖရိကန္ဒယ်ဖွား၊ ဟစ်ပင်းနစ်နွယ်ဖွားနှင့် အာရှနွယ်ဖွားများ၏ ထောက်ခံမှုဖြင့် သမ္မတဖြစ်လာခဲ့ခြင်း ဖြစ်သည်။

အစဉ်အလာအားဖြင့် ရီပတ်ဘလစ်ကန်များကို ထောက်ခံသည့် လူဖြူသက်ကြီးပိုင်းများ၊ လူဖြူပညာတတ်များ၊ အိမ်ထောင်ရှင်များနှင့်ကျေးလက်ဒေသနေထိုင်သူများ ဦးရေမှာ ကျဆင်းနေသည်။ စစ်တမ်းကောက်ယူမှုအရ လူဖြူများ၏ ကလေးမွေးနှုန်းကျချိန်တွင် အာရှနွယ်ဖွားနှင့် ဟစ်ပင်းနစ်နွယ်ဖွားများ၏ ကလေးမွေးနှုန်းနှစ်ဆဖြစ်နေသဖြင့် (၂၁) ရာစုနှစ်အကုန်တွင် အမေရိကန် ပြည်ထောင်စု၌ လူများစုအဖြစ်သတ်မှတ်နိုင်မည့်မျိုးနွယ်စုအုပ်စုမရှိခြင်းမျိုး ဖြစ်လာနိုင်သည်။

ထို့ကြောင့် ရီပတ်ဘလစ်ကန်ပါတီအနေဖြင့် မဲဆန္ဒရှင်များကို ဆွဲဆောင်နိုင်မည့်အသွင်သစ်ရှိသည့် သမ္မတလောင်းကိုရွေးချယ်ရမည်ဖြစ်သည်။ ထိုသို့မရွေးချယ်နိုင်ခဲ့လျှင် ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် နိုင်ခြေနည်းသည့် ရီပတ်ဘလစ်ကန်သမ္မတလောင်းသည် ဟစ်ပင်းနစ်မျိုးနွယ်ဝင်များနှင့် လူနည်းစုမျိုးနွယ်ဝင်များကို စည်းရုံးနိုင်ပြီး စီးပွားရေးအခွင့်အလမ်းများ တိုးချဲ့ရေးကို အလေးထားသူဖြစ်ရမည်ဟု နိုင်ငံရေးသုတေသီမင်လာက ဝေဖန်ပြောဆိုသည်။

**၄။ နိုင်ငံခြားရေးမူဝါဒလည်းအရေးပါ**

ကမ္ဘာ့အခြေအနေအရပ်ရပ်ကလည်း အမေရိကန်နိုင်ငံရေးနှင့် သမ္မတရွေးကောက်ပွဲအပေါ် ဩဇာလွှမ်းမိုးနေသည်။ အမေရိကန်ပြည်သူအများစုမှာ ပြည်တွင်းရေးပြဿနာ၊ အထူးသဖြင့် စီးပွားရေးကိုအာရုံစိုက်လေ့ရှိသော်လည်း ယခုအကြိမ်၌ သမ္မတလောင်း၏ နိုင်ငံခြားရေးမူဝါဒကလည်း အနိုင်အရှုံးဆုံးဖြတ်ရာတွင် အရေးပါနိုင်သည်။

အရှေ့အလယ်ပိုင်းနှင့်ကမ္ဘာတစ်လွှားတွင် ဒေသတွင်း စစ်ပွဲများတောက်လောင်နေမှုကြောင့် အမေရိကန်ပြည်သူတို့က သတ္တိရှိသောသမ္မတလောင်းကို ထောက်ခံကြဖွယ်ရှိသည်။

ထို့ကြောင့် ၂၀၁၆ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲတွင် မည်သည့်သမ္မတလောင်း ကောင်းကျိုးရရှိနိုင်မည်ဟု ကြိုတင်ပြောရန်မလွယ်ကူလှပေ။

ရီပတ်ဘလစ်ကန်သမ္မတလောင်းများတွင် နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အတွေ့အကြုံမရှိပေ။ ဒီမိုကရက်တစ်သမ္မတလောင်းဟီလာရီကလင်တန်တွင် နိုင်ငံခြားရေး မူဝါဒအတွေ့အကြုံရှိသည်ဟုဆိုနိုင်သော်လည်း နိုင်ငံတကာရေးရာတွင် သမ္မတအိုဘားမား၏ မပီပြင်သော ဦးဆောင်မှုအောက်တွင် တာဝန်ထမ်းဆောင်ခဲ့သည့်အပြင် ပေါက်မြောက်အောင်မြင်ခဲ့သည့်လုပ်ရပ်မှတ်တမ်းမရှိခဲ့ပေ။ ထို့ကြောင့်ပင် ဤအချက်ကလည်း ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဟီလာရီကလင်တန် နိုင်ခြေရှိနိုင်မှုကို အထောက်အကူမဖြစ်သေးပါဟု နိုင်ငံရေးသုတေသီ အေရွန်ဒေးဗစ်မင်လာက သုံးသပ်ပြသည်။

---



## ဂျမေကာရှိ တောင်များကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်

**ကင်စတန် ဇူလိုင် ၄**

ယူနက်စကိုအဖွဲ့မှ ဂျမေကာနိုင်ငံ၏ ဘလူးနှင့် ဂျွန်ခရိုးတောင်အမျိုးသားဥယျာဉ်ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အဖြစ် သောကြာနေ့က သတ်မှတ်ခဲ့သည်။ ဂျမေကာနိုင်ငံအတွက် ပထမဆုံးအကြိမ် ကမ္ဘာ့အမွေအနှစ် ထိန်းသိမ်းရေးနယ်မြေအဖြစ် အသိအမှတ်ပြုခံရခြင်းဖြစ်ပြီး ကယ်ရီဘီယန်ဒေသ၏ ယဉ်ကျေးမှုနှင့် သဘာဝအလှတရားတို့ပေါင်းစပ်ထားခြင်းလည်းဖြစ်ကြောင်း ဂျမေကာလူငယ်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ဘလူးနှင့်ဂျွန်ခရိုးတောင်အမျိုးသားဥယျာဉ်သည် ဂျမေကာအရှေ့ဘက်ပိုင်းတွင် တည်ရှိသည်။ ဘလူးမောင်တိန်သည် ကမ္ဘာတစ်ဝန်းဈေးအကြီးဆုံးဂျမေကာ ဘလူးမောင်တိန်ကော်ဖီထွက်ရှိရာ ဒေသဖြစ်ပြီး ဂျွန်ခရိုးတောင်သည် ကိုလိုနီစနစ်ကို ဆန့်ကျင်သည့် သမိုင်းဝင်နေရာအဖြစ် ကျော်ကြားသည်။

ဂျွန်ခရိုးတောင်ဒေသ၌ အခြေချနေထိုင်သော အာဖရိကလုပ်သားများ လွတ်မြောက်လာခဲ့သည့် ၁၆ ရာစုတွင် ဂျမေကာကိုလိုနီစနစ်ဆန့်ကျင်ရေး လှုပ်ရှားမှု ပေါ်ပေါက်ခဲ့သည်။ နှစ်ပေါင်း ၈၀ ကျော်ကြာ စစ်ပွဲဆင်နွှဲပြီးနောက် ၁၇၃၉ ခုနှစ်၌ ဗြိတိသျှ ကိုလိုနီများနှင့် ဒေသခံများကြား ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်ခဲ့သည်။

**(ဆင်ဟွာ)**

# သက္ကတအက္ခရာ၊ သက္ကတမွေးစားစကားလုံး

**မောင်ခင်မင်(ဓနုဖြူ)**

"ဘဘ၊ မြန်မာစာမှာ ဗျည်း ၃၃ လုံးထဲ မပါတဲ့ ဗျည်းတစ်လုံးရှိသေးတယ် မဟုတ်လား"

"ဟေ. . . ဘယ်ဗျည်းပါလိမ့် သမီးရယ်"

"သမီးတို့သင်ခဲ့ရတဲ့ ရာဇကုမာရ်ကျောက်စာစကားပြေထဲမှာ စစချင်း 'ရှရီ' ဆိုတဲ့ စာလုံးက ဂငယ်အလယ်က အစက်ကလေး နဲ့ မဟုတ်လားဘဘ။ အဲဒီစာလုံးကို ရရစ်ပြီး လုံးကြီးတင်ဆန်ခတ်ထည့်ထားတာလေ။ အဲဒီ စာလုံးက ဗျည်း (၃၃) လုံးမှာ မပါဘူးမဟုတ်လားဘဘ"

"ဩော်. . . ဟုတ်ပါပြီ။ အဲဒီစာလုံးက သက္ကတဘာသာကဗျည်းလေ။ အဲဒီလို သက္ကတဗျည်း နှစ်လုံးရှိတယ်။ ဂငယ်အလယ်မှာ အစက်ကလေးနဲ့ ဗျည်းကို 'ဂသျှ'လို့ ခေါ်တယ်။ ပစောက်အလယ်မှာ အစက်ကလေးနဲ့ ဗျည်းကိုတော့'ပသျှ' လို့ခေါ်တယ်။ ဒီလိုရေးရတာပေါ့။ (ကျွန်တော်က စာရွက်မှာ ၈ နှင့် ၉ ကို ရေးပြလိုက်ပါသည်။)

အဲဒီ စာလုံးနှစ်လုံးစလုံးကို 'ရှ'လို့ အသံထွက်ရတယ်"

"ဟုတ်ကဲ့ပါ ဘဘ"

"ရာဇကုမာရ်ကျောက်စာ စစချင်း 'ရှရှိ' လို့ ရေးတာက ကောင်းမြတ်တင့်တယ်ခြင်းနှင့် ပြည့်စုံပါစေသတည်းလို့ ဆုတောင်းတဲ့ သဘောပါ။ အဲဒီသက္ကတစကားလုံး ရှရီက ပါဠိစကားလုံး 'သိရီ'နဲ့ အဓိပ္ပာယ်အတူတူပဲ။ မြန်မာကတော့ 'သီရိ' လို့ အသံပြောင်း သုံးတယ်လေ"

"ကျောက်စာတွေမှာ စစချင်း စကားမပြတ် ဆုတောင်းတဲ့သဘောပေါ့နော် ဘဘ"

"ဟုတ်ပါတယ်"

"မြန်မာစကားထဲမှာ သက္ကတဘာသာက ယူထားတဲ့ စကားလုံးတွေလည်းရှိမှာပေါ့နော်"

"ရှိတာပေါ့။ ဘဘတစ်ခါပြောဖူးတယ်ထင်တယ်။ ထင်ရှားတဲ့ စကားလုံး တစ်လုံး နှစ်လုံး ပြောပြမယ်။ ဒီနေ့ အင်မတန် အသုံးတွင်ကျယ်နေတဲ့ 'ဆရာ' ဆိုတဲ့ စကားလုံးဟာ သက္ကတဆီက မွေးစားထားတဲ့ စကားလုံးပဲကွဲ့"

"ဩော်. . . . ဟုတ်ကဲ့ပါ"

"ဆရာကို ပါဠိလို 'အာစရိယ' လို့ ခေါ်တယ် မဟုတ်လား။ အဲ သက္ကတလိုကတော့ 'အာစာရျ' လို့ခေါ်တယ်။ ရကို ယပင့်ရေးတယ်။ အဲဒီ 'အာစာရျ' ကို မြန်မာကယူလိုက်တော့ ပုဂံခေတ်မှာ 'ဆရျာ' လို့ ဖြစ်လာတယ်။ ခုခေတ်ကျတော့ 'ဆရာ' ဖြစ်လာတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

" 'အာစာရျ' ကနေပြီး 'ဆရာ' ဖြစ်လာတာ အထောက်အထားခိုင်ခိုင်မာမာ ရှိပါတယ်။ တကယ်လို့ ပါဠိ 'အာစရိယ' ကလာတာဆိုရင်တော့ 'ဆရိယာ၊ ဆိယာ' ဆိုတာမျိုး၊ လုံးကြီးတင်ပါမှာပေါ့။ အာစာရျက လာတာဆိုတော့ လုံးကြီးတင်မပါဘူးပေါ့။ စိတ်ဝင်စားစရာကောင်းတာက အဲဒီ 'အာစာရျ' ကို ဘဘတို့မြန်မာတွေက 'ဆရာ'လို့ ယူသလို မွန်က 'အာကျာ'လို့ သူတို့အသံထွက်နဲ့ယူတယ်။ ထိုင်းကလည်း 'အာကျန်' လို့ ယူတယ်ကွဲ့"

> **ပါဠိရယ်၊ မွန်ရယ်၊ မြန်မာရယ် အက္ခရာ အတူတူပဲလေ၊ အထူးသဖြင့် မွန်နဲ့ မြန်မာက အတူဆုံးပဲ၊ ဗျည်းသရတွေရော၊ အသတ်တွေရော၊**

"မှတ်ထားပါမယ် ဘဘ"

" အဲဒီရင်းမြစ်ကို သတိမပြုမိတဲ့ ပုဂ္ဂိုလ်တွေကတော့ 'ဆရာ' ဆိုတာ 'ဆာယာ' ဆိုတဲ့ ပါဠိစကားကလာတယ်။ 'အရိပ်' လို့အဓိပ္ပာယ်ရတယ် ဆိုတာမျိုး။ 'ဆရာ' ဆိုတာ သင့်မသင့် ရာမရာ ချိန်ဆတတ်တဲ့သူမို့ 'ဆရာ' လို့ခေါ်တယ် ဆိုတာမျိုးကြံဆကြတာပေါ့ကွယ်။ အဲနောက်တစ်လုံးက 'အမတ်' ဆိုတဲ့ စကားလုံးပေါ့"

"လွှတ်တော်အမတ်ကိုသုံးတာမျိုးလား ဘဘ"

"အေး. . . ဟုတ်ပါတယ်။ အဲဒီ 'အမတ်' ကို ပုဂံခေတ် 'အမတ်တျာ' လို့ ရေးတယ်ကွဲ့။ အမတ်တျာကြီး 'မင်းကြီးအမတ်တျာ မဟာသေနာပတိ' ဆိုတဲ့ အသုံးတွေရှိတယ်။ အဲဒီစကားလုံးရဲ့ရင်းမြစ်က သက္ကတမှာ 'အမာတျ' လို့ရှိ တယ်။ ပါဠိ'အမစ္စ'နဲ့ အတူတူပဲ။ ဘုရင်မင်းနဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက်ကို ခေါ်တာပေါ့ကွယ်။ အဲဒီ'အမာတျ' ကနေပြီး 'အမတ်တျာ၊' အဲဒီကနေ 'အမတ်' ဖြစ်တာပဲကွဲ့"

"ဟုတ်ကဲ့ပါ"

"တချို့ကတော့ 'အမစ္စ' ဆိုတဲ့ ပါဠိကလာတာလို့ယူဆကြတယ်။ ဒါပေမယ့် ပါဠိ'အမစ္စ'ကိုယူတာဆိုရင် 'အမစ်' ပဲဖြစ်ဖို့ရှိတာပေါ့။အခု 'အမတ်' လို့ ဖြစ်နေတော့ 'အမာတျ' ကယူတာ သေချာတာပေါ့ကွယ်"

"မှတ်ထားပါမယ် ဘဘ"

" မြန်မာစကားမှာ သက္ကတကမွေးစားယူထားတဲ့ စကားလုံးတွေအများကြီးပါ။ စကြာ၊ ကြမ္မာ၊ စကြာ၊ သကြ်န်၊ ပြာသာဒ်၊ စကြဝဠာ စသည်ဖြင့်ပေါ့ကွယ်"

"ပုဂံခေတ်မှာ သက္ကတ ဘာသာကိုလည်း အသုံးများတာပေါ့နော်ဘဘ"

"အသုံးများပါတယ်။ ဘုရင်တွေရဲ့ ဘွဲ့တော်တွေကစပြီး သက္ကတ စကားလုံးတွေ အများကြီး မြန်မာစကားထဲမှာ ဝင်နေတာပါ။ မွန်စကားထဲမှာလည်း သက္ကတစကားလုံးတွေ အများကြီးပါတာမို့ မွန်တွေဆီကတစ်ဆင့် ယူတာတွေလည်း ပါမှာပါပဲ"

"မြန်မာစာအရေးအသားကို သက္ကတဆီကလည်း ယူတယ်လို့ သမီး ဖတ်ဖူးပါတယ်။ ရှင်းပြပါဦး ဘဘရယ်"

" အင်း . . . မြန်မာစကားထဲမှာ သက္ကတစကားလုံးတွေ အများကြီး ရှိပေမယ့် ရေးတဲ့အက္ခရာကတော့ မွန်တွေသုံးတဲ့အက္ခရာကိုယူတာပဲ။ အဲဒီ အက္ခရာတွေနဲ့ ပါဠိ၊ ပိဋကတ်တော်တွေလည်း ရေးတာမို့ မြန်မာစာ အရေးအသားဟာ မွန်နဲ့ ပါဠိကို အခြေခံတာပါပဲ။ ပြီးတော့ ပုဂံခေတ်မှာ သက္ကတကျောက်စာတွေရှိပေမယ့် သုံးတဲ့အက္ခရာက ဘဘတို့သုံးတဲ့ အက္ခရာမျိုးမဟုတ်ဘူး သမီးရဲ့။ ဒေဝနာဂရီ အက္ခရာနဲ့ အရေးများတယ်။ နောက်တော့ သမီးသိလာမှာပါ"

"ဟုတ်ကဲ့ပါ ဘဘ"

"ကဲ. . . အစောဆုံး မြန်မာစာလို့ အသိအမှတ်ပြုထားတဲ့ မြစေတီ-ရာဇကုမာရ် ကျောက်စာကိုပဲကြည့်။ ရေးထိုးတားတဲ့ ဘာသာလေးမျိုးက ပါဠိ၊ ပျူ၊ မွန်၊ မြန်မာလေ။ သက္ကတဘာသာနဲ့ ရေးထိုးမထားဘူးမဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"ဒီလိုဆိုရင် အဲဒီအချိန်မှာ သက္ကတဘာသာဟာ တခြားဘာသာတွေလောက် မတွင်ကျယ်ဘူးလို့ ယူဆနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ပြီးတော့ ပါဠိရယ်၊ မွန်ရယ်၊ မြန်မာရယ် အက္ခရာအတူတူပဲလေ။ အထူးသဖြင့် မွန်နဲ့ မြန်မာက အတူဆုံးပဲ။ ဗျည်းသရတွေရော၊ အသတ်တွေရော၊ ပြီးတော့ အစောပိုင်း မြန်မာကျောက်စာတွေမှာ မွန်ဆန်တဲ့ရေးပုံတွေ၊ အသတ်တွေလည်းတွေ့ရတော့ မြန်မာစာအရေးအသားကို မွန်တွေက တီထွင်ပေးတယ်။ စာမရှိသေးတဲ့မြန်မာတွေကို စာပေအဆင့်အတန်း မြင့်နေပြီဖြစ်တဲ့ မွန် ဆရာတွေ၊ မွန်ရဟန်းတော်တွေက ပါဠိ၊ ပိဋကတ်တော်တွေ သင်ပေးပြီး မြန်မာစာတီထွင်ရာမှာလည်း သင်ပြပေးတယ်ဆိုတဲ့ အယူအဆဟာ အကျိုးအကြောင်းသင့်ပြီး ယုတ္တိရှိတဲ့ အယူအဆပါပဲသမီးရယ်"

"တော်တော်နားလည်သွားပါပြီဘဘ။ သမီးမှတ်ထားပါ့မယ်"

"သမီးပြောတဲ့ အဲဒီ ဂသျှတို့ ပသျှတို့ဟာလည်း အက္ခရာမတူတဲ့ သက္ကတကျောက်စာတွေထဲက တိုက်ရိုက်ယူတာထက် အက္ခရာတူတဲ့ မွန်ကျောက်စာတွေမှာ သုံးတဲ့အတိုင်း အလိုက်သင့်ကလေး ယူလိုက်တာ မျိုးဖြစ်ဖို့က ပိုများပါတယ်။ ဒါပေမယ့် မြန်မာဗျည်းအဖြစ်တော့ ထည့်မသုံးပါဘူး"

"သမီးဆက်ပြီး လေ့လာပါ့မယ်ဘဘ။ ဗျည်း (၃၃) လုံး အကြောင်း မေးချင်တာ တစ်ခုကျန်နေပါသေးတယ်"

"မေးလေ"

"ဗျည်း ၃၃ လုံးမှာ နောက်ဆုံးဗျည်းကို 'အ' လို့ ပြတာရော၊ 'အံ' လို့ ပြတာရော တွေ့လို့ပါ ဘဘ။ ဘယ်ဟာမှန်သလဲဆိုတာ သိချင်လို့ပါ"

" 'က၊ ခ' ကနေပြီး 'သ၊ ဟ၊ ဠ' ဆိုပြီးတော့ အဆုံးမှာ 'အံ' လို့ ပြတာက ပါဠိဗျည်း စဉ်အတိုင်း ရေးတာပါ။ ပါဠိမှာ နောက်ဆုံးဗျည်းက 'နိဂ္ဂဟိတ်' လို့ခေါ်တယ်။ မြန်မာလိုပြောရင် သေးသေးတင်ပေါ့။ အဲဒီဗျည်းကိုဆိုရင် အမ်(မ်) လို့ ပါးစပ်ကိုပိတ်ပြီး ဆိုရတယ်။ ဒီတော့ အဲဒီဗျည်းကိုပြရင် အောက်က ဘာစာလုံးမှမပါဘဲ သေးသေးတင် သက်သက်လည်း ပြလို့ရတာပေါ့။ ဒီလိုလေ။ (ကျွန်တော်က ံဟု ရေးပြသည်။)

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် သေးသေးတင် သက်သက်ပြလေ့မရှိဘဲ အောက်က အ-အက္ခရာထည့်ပြီး 'အံ'လို့ ပြတာများတယ်"

"ဟုတ်ကဲ့ပါ"

"မြန်မာမှာကျတော့ ပါဠိမှာလို ပါးစပ်ပိတ်ပြီးဆိုရတဲ့ အမ်(မ်) ဗျည်းမရှိဘူးလေ။ ဒီတော့ သေးသေးတင်မထည့်တော့ဘဲ 'အ'လို့ပဲပြတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ။ ဘဘ 'အ'က သရမဟုတ်လား။ ဘာကြောင့် ဗျည်းထဲမှာ ပါနေရတာပါလဲ"

"အဲဒီပြဿနာလည်းရှိတယ်။ 'အ'ကို ဗျည်းမဟုတ်ဘဲ ဗျည်း(၃၃)လုံးထဲမှာ ထည့်ထားတယ်။ 'အ၊ အာ၊ ဣ၊ ဤ'ဆိုတဲ့ သရထဲမှာလည်း 'အ' ပါနေတယ်။ ဒီတော့ 'အ' ဟာ ဗျည်းလား၊ သရလားလို့ ဆွေးနွေးကြတာတွေရှိတယ်လေ"

"ဟုတ်ကဲ့ပါ"

"အင်. . . အသံအရတော့ 'အ'ဟာ သရပဲ မဟုတ်လား။ ဒါပေမယ့် 'အ' ကို တခြားဗျည်းတွေလို ဗျည်းအနေနဲ့လည်း သုံးလို့ရတယ်လေ"

"အဲဒါ. . . ဘာပြောတာပါလဲ ဘဘ"

"ဩော်. . . ဆိုပါတော့ သမီးရယ်။ 'က'ဆိုတဲ့ ဗျည်းကို သရတွေနဲ့ တွဲပြီး ရေးရင် 'ကာ၊ ကီ၊ ကူ၊ ကန်၊ ကံ' ဆိုတာမျိုးရေးတယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘ"

"အဲဒီ က ဗျည်းနေရာမှာ 'အ' ကိုထည့်ပြီး ရေးရင် 'အာ၊ အီ၊ အူ၊ အန်၊ အံ'ဆိုပြီး ဖြစ်လာတယ်မဟုတ်လား။ 'အ'ကို က ဗျည်းနေရာမှာ ဗျည်းလိုလည်းသုံးလို့ရတယ် မဟုတ်လားကွယ်"

"ဟုတ်ပါတယ်"

"ဒီတော့ 'အ' ဟာ အသံအရ သရပေမယ့် သုံးတဲ့အခါ ဗျည်းကိုလည်း သုံးလို့ရတာမို့ နှစ်ဖက်စလုံးမှာပါနေတာလို့ ဆိုနိုင်တာပေါ့ကွယ်"

"ကျေးဇူးတင်ပါတယ် ဘဘ"



## ကျောက်မျက်ရတနာပြပွဲ ကျောက်စိမ်းအတွဲ ၁၂၀ ကို ဈေးပြိုင်စနစ်ဖြင့်ရောင်းချ

**နေပြည်တော် ဇူလိုင် ၄**

(၅၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ (၁၁) ရက်မြောက်နေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိပြီး**(အပေါ်ပုံ)** ကျောက်စိမ်းအတွဲအမှတ် ၈၆၀၉ မှ အတွဲအမှတ် ၈၇၂၈ အထိ ကျောက်စိမ်းအတွဲ ၁၂၀ ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့သည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၈၆၀၈ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဇွန် ၂၈ ရက်မှ ဇူလိုင် ၃ ရက်အထိ ရောင်းချရာ၌ ကျောက်စိမ်းအတွဲ ၅၇၂၅ တွဲ ရောင်းချခဲ့ရပြီး ရာခိုင်နှုန်းအားဖြင့် ၆၆ ဒသမ ၅၁ ရာခိုင်နှုန်း ရောင်းချခဲ့ရကြောင်း သိရသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇူလိုင် ၆ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျန်ရှိသည့် ပြပွဲ နှစ်ရက်တာကာလ၌ ကျောက်စိမ်းအတွဲအမှတ် ၈၇၂၉ မှ အတွဲအမှတ် ၈၉၄၃ အထိ ကျောက်စိမ်းအတွဲ ၂၀၀ ကျော်ကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## တနင်္သာရီဆေးရုံ၌ သွေးသိုလှောင်နိုင်မည့် နေရာလိုအပ်

**တနင်္သာရီ ဇူလိုင် ၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံ၌ ယခုနှစ် ကျေးရွာများမှ ကျောင်းသားအရွယ် ကလေးသူငယ်များ၊ ဒေသခံပြည်သူများ၊ ငှက်ဖျားအပြင်းရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါနှင့် မွေးလူနာရှင်များ၊ အရေးပေါ် သွေးထွက်လွန် ဒဏ်ရာရသူများအတွက် မြို့နယ်ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ကုသမှုခံယူကြရသည့် လူနာများအတွက် အရေးပေါ် သွေးလိုအပ်ချက်အရ အမျိုးအစားအလိုက် ရှာဖွေရန် အခက်အခဲများစွာရှိသည်။

တနင်္သာရီမြို့တွင် သွေးလှူရှင်များက အခမဲ့ သွေးလှူဒါန်းလျက်ရှိသော်လည်း လိုအပ်သည့်အချိန်၌ အဆင်သင့်မရှိသည်က များသည်။



ထို့ကြောင့် အရေးပေါ်လူနာများအတွက် သွေးအမျိုးအစားအလိုက် သွေးများ အသင့်စုဆောင်းထားရှိနိုင်ရေးအတွက် သွေးလှူဘဏ်အဆင့် မဖြစ်နိုင်လျှင်ပင် သွေးပုလင်းများ သိုလှောင်ထားရှိနိုင်မည့် Solar နှင့် ဆက်စပ်ပစ္စည်းများ၊ ရေခဲသေတ္တာများ အထူးလိုအပ်လျက်ရှိကြောင်း၊ သွေးလှူရှင်များနှင့် ဆေးရုံသို့ရောက်ရှိလာကြသော ဝေဒနာရှင်များက ဆန္ဒပြုလျက်ရှိသည်။

**နန်းသာရီ-ထိန်ဝင်း**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဂျပန် NEC ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် Sumitomo ကော်ပိုရေးရှင်းဥက္ကဋ္ဌတို့ သီးခြားစီ လာရောက်တွေ့ဆုံ


**တိုကျို ဇူလိုင် ၄**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဂျပန်နိုင်ငံ NEC ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာ ဒေါက်တာနိုဘူဟီရို အင်ဒိုတို့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုသည့် Hotel New Otani ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်သမ္မတနှင့် ဆူမီတိုမိုကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာ ကာဇူအို အိုမိုရီတို့သည် Hotel New Otani ၌ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးခင်မောင်စိုး၊ ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဆူမီတိုမိုကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာ ကာဇူအို အိုမိုရီတို့ တွေ့ဆုံဆွေးနွေးစဉ်။
(ဓာတ်ပုံ-ပြန်/ဆက်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့အား ဂျပန်-မြန်မာအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ




**တိုကျို ဇူလိုင် ၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ ဒေသစံတော်ချိန် ည ၇ နာရီ ၁၅ မိနစ်တွင် တိုကျိုမြို့ရှိ ခါဆူမိဂဆဲခိ အဆောက်အအုံ၌ ဂျပန်-မြန်မာအသင်းဥက္ကဋ္ဌ မစ္စတာ ဝါတာနာဘဲ ဟိဒဲအိုနှင့် ဂျပန်နိပ္ပွန် ဖောင်ဒေးရှင်းဥက္ကဋ္ဌ မစ္စတာ ဆာဆာခါဝတို့နှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့အား ဂျပန်-မြန်မာအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်-မြန်မာအသင်းက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။**
(ဓာတ်ပုံ-ပြန်/ဆက်)

## မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် ဘောလုံးလက်ဆောင် ပေးအပ်ပွဲ



**မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် ဘောလုံးလက်ဆောင် ပေးအပ်ပွဲ အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**
(သတင်း-စာ-ဂ)
(ဓာတ်ပုံ-ပြန်/ဆက်)



# မြန်မာနိုင်ငံသည် မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဂျပန်နိုင်ငံတို့နှင့်အတူပူးပေါင်းပြီး မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်

တိုကျို ဇူလိုင် ၄

**(၇)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်သည်။** (အပေါ်ပုံ)

အစည်းအဝေးသို့ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ မဲခေါင်ဒေသခွဲ နိုင်ငံများမှ ခေါင်းဆောင်များ ဖြစ်ကြသော ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၊ လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာပရာယုဒ်ချန်အိုချာ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ ဂျပန်နိုင်ငံနှင့်မဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြသည်။

နံနက် ၈ နာရီ မိနစ် ၅၀ တွင် ထိပ်သီးအစည်းအဝေး ကျင်းပမည့် နိုင်ငံတော်ဧည့်ဂေဟာသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် မဲခေါင်ဒေသခွဲနိုင်ငံများမှ ခေါင်းဆောင်များ ရောက်ရှိလာရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခေါင်းဆောင်များကမိန့်ခွန်းပြောကြားကြသည်။

နိုင်ငံတော်သမ္မတက ဂျပန်နိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ် တိုကျိုမဟာဗျူဟာအရ မဲခေါင်ဒေသတွင်းနိုင်ငံများနှင့်ဂျပန်နိုင်ငံတို့အတူတကွ ဖွံ့ဖြိုးတိုးတက်စေရန် လွန်ခဲ့သည့် သုံးနှစ်အတွင်း ယန်း ဘီလီယံ ၆၀၀ ကျော် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကို ကျေးဇူးတင်ရှိကြောင်း။

မဲခေါင်ဒေသတွင်း နိုင်ငံများတွင် လူဦးရေ သန်း ၂၄၀ နီးပါးနေထိုင်ပြီး ဂျီဒီပီ ပမာဏ အမေရိကန်ဒေါ်လာ ၆၆၄ ဘီလီယံခန့် ရှိသည့်အတွက် စီးပွားရေးဖွံ့ဖြိုးရန် ကြီးမားသည့် ဈေးကွက်ကို ပိုင်ဆိုင်ထားပါကြောင်း၊ ဂျပန်နိုင်ငံနှင့် မဲခေါင်နိုင်ငံများအကြား ကုန်သွယ်မှုမှ အရည်အသွေး ရှိသည့်တိုးတက်မှုကို ဖော်ဆောင်နိုင်ပြီး မိမိတို့နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် လျော့နည်းသွားစေမည်ဖြစ်ကြောင်း။

ယခုထိပ်သီးအစည်းအဝေးတွင် တိုကျိုမဟာဗျူဟာ၂၀၁၅ ကို ချမှတ်နိုင်မည်ဖြစ်သည့်အတွက် များစွာ ဝမ်းမြောက်မိပါကြောင်း၊ ယင်းတိုကျိုမဟာဗျူဟာ ၂၀၁၅ သည် မဏ္ဍိုင်လေးရပ်တွင် ပူးပေါင်းဆောင်ရွက်မှုများအဖြစ် စက်မှုအခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းသော မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မဲခေါင်ဒေသတွင်းနိုင်ငံများနှင့် သက်ဆိုင်သူများအကြား ညှိနှိုင်း ဆောင်ရွက်သွားရေးတို့ကို ထည့်သွင်းဖော်ပြထားပါကြောင်း။

စီးပွားရေးတိုးတက်မှုကို အမှန်တကယ် ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်း ငြိမ်းချမ်းရေးနှင့်တည်ငြိမ်မှုရှိရန်လိုအပ်ကြောင်း၊ နောင်လာမည့် သုံးနှစ်တာကာလအတွက် ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကူညီထောက်ပံ့မှုများကို ယန်းဘီလီယံ ၇၅၀ ပေးအပ်သွားရန် ဂျပန်အစိုးရက ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက ဆုံးဖြတ်ခဲ့ခြင်းအတွက် ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီး အစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးများကိုကျင်းပခဲ့ပြီး လေးနိုင်ငံ အတူတကွ ပူးပေါင်းဆောင်ရွက်ဆဲလုပ်ငန်းများ၊ ရှေ့ဆက်မည့် အနာဂတ်တွင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များကို ထင်ဟပ်ဖော်ပြသည့် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါကြောင်း။

အလားတူ (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးတွင် နေပြည်တော်ကြေညာစာတမ်းနှင့် အက်မက်စ်လုပ်ငန်းအစီအစဉ် ၂၀၁၆-၂၀၁၈ တို့ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးမှ ထုတ်ပြန်သည့် ကြေညာချက်နှင့်အက်မက်စ် ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်သည့် စာတမ်းများမှာ အလှူရှင်နိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများက အကူအညီများ ပိုမိုရရှိရေးအတွက် တိုးမြှင့်ဆောင်ရွက်သွားကြရန်လည်း သဘောတူညီခဲ့ပါကြောင်း။

စီအယ်လ်အမ်ဗွီနှင့် အက်မက်စ် ထိပ်သီး အစည်းအဝေးများက အတည်ပြုချမှတ်ခဲ့သည့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကို ဂျပန်နိုင်ငံ၏ ပံ့ပိုးမှုများက များစွာ အထောက်အကူ ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

မဲခေါင်ဒေသ ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအနေဖြင့် ရှမ်းပြည်နယ်တွင် မဲခေါင်တက္ကသိုလ်ဟု အမည်ပေးထားသည့် တက္ကသိုလ်တစ်ခုတည်ထောင်ရန် ရည်ရွယ်ထားပါကြောင်း၊ ၎င်းတက္ကသိုလ် ထူထောင်နိုင်ခြင်းဖြင့် မဲခေါင်ဒေသရှိ နိုင်ငံများအကြား ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့လာနိုင်ကာ ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်နောက်ပိုင်း မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးတွင် အဓိကဦးစားပေး ဆောင်ရွက်စေလိုသည့် နယ်ပယ်သုံးခုဖြစ်သည့် လမ်းပန်းဆက်သွယ်မှု အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး၊ အဖွဲ့ဝင်နိုင်ငံများအကြား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးကဏ္ဍများတွင် အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် မဲခေါင်ဒေသတွင်း နိုင်ငံများနှင့် ဂျပန်နိုင်ငံတို့နှင့်အတူ ပူးပေါင်းပြီး မဲခေါင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် စပ်လျဉ်းသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲကို နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကျင်းပရာ မဲခေါင်- ဂျပန် အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံခေါင်းဆောင်များက အမှာစကားပြောကြားကြကာ သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မဲခေါင်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် ဘောလုံးလက်ဆောင် ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ ဂျပန်နိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ မဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများက ဘောလုံးပေါ်တွင် အမှတ်တရ လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာနိုင်ငံအလိုက် အသင်းအဖွဲ့ခေါင်းဆောင်များထံ ဘောလုံးများ လက်ဆောင်ပေးအပ်ခဲ့သည်။

ယင်းနောက် မွန်းတည့် ၁၂ နာရီတွင် နိုင်ငံတော်သမ္မတသည် ဂျပန်စီးပွားရေးအသင်း (KEID-ANREN)နှင့် ဂျပန် စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်း (JCCI) က မဲခေါင်ဒေသခွဲ နိုင်ငံများမှ ခေါင်းဆောင်များအား တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**




**မဲခေါင်-ဂျပန် အစည်းအဝေးသို့ တက်ရောက်သည့် နိုင်ငံခေါင်းဆောင်များ မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့်စပ်လျဉ်းသည့် ပူးတွဲသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်စဉ်။** (ဓာတ်ပုံ-မြန်/ဆက်)

# ရန်ကုန်မြို့ပတ်ရထားလမ်း စီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး စီမံကိန်းအဆင့်(၂)နှင့် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး ဖွံ့ဖြိုးရေး စီမံကိန်းတို့အတွက် ချေးငွေအကူအညီ ယန်းဘီလီယံ ၁၀၀ ပေးအပ်ရန် ဂျပန်အစိုးရက အတည်ပြု

* ရှေ့ဖုံးမှ

ရန်ကုန်မြို့တော် အများပြည်သူ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းများ တိုးမြှင့်ရေးနှင့် ယာဉ်ကြောပိတ်ဆို့မှု ပြဿနာဖြေရှင်းနိုင်ရေး၊ လယ်ယာထွက်ကုန်များကို တန်ဖိုးမြှင့်နိုင်ရေးအတွက် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်လေ့ကျင့်ရေး သင်တန်းကျောင်းများ၊ ဘဏ္ဍာရေးဆိုင်ရာ သင်တန်းများအပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ အာရှဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ကိုရီးယားကျွန်းဆွယ် တည်ငြိမ်အေးချမ်းရေး၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ဂျပန်နိုင်ငံက စီမံကိန်း ၅၀အတွက် ODA Grant ဂျပန်ယန်း ၇၂ ဒသမ ၁၈ ဘီလီယံ ပေးအပ်ခဲ့သည်။ ယခုခရီးစဉ်တွင် ရန်ကုန်မြို့ပတ်ရထားလမ်းစီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးစီမံကိန်း အဆင့်(၂)နှင့် အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီး ဖွံ့ဖြိုးရေးစီမံကိန်းတို့အတွက် ချေးငွေအကူအညီယန်း ဘီလီယံ ၁၀၀ ပေးအပ်ရန် ဂျပန်အစိုးရက အတည်ပြုခဲ့ကြောင်း သိရှိရသည်။



ဂျပန်-မြန်မာ ထိပ်သီးအစည်းအဝေးကျင်းပစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

ထို့နောက် ဂျပန်-မြန်မာ ပူးတွဲသတင်းစာရှင်းလင်းပွဲကို ကျင်းပရာ ဂျပန်နိုင်ငံဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတတို့က အမှာစကားပြောကြားကြသည်။


နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် ဂျပန်နိုင်ငံက တက်ကြွစွာပါဝင်ကူညီဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်ကို လာမည့် စက်တင်ဘာလအတွင်း ဖွင့်လှစ်နိုင်ရန် စီစဉ်ထားပြီး ထားဝယ် အထူးစီးပွားရေးဇုန်ကိုလည်း မြန်မာ-ထိုင်း-ဂျပန် ပူးပေါင်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း။

ဂျပန်နိုင်ငံအနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ပူးပေါင်းပြီး ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးတို့အတွက် တက်ကြွစွာဆောင်ရွက်နေမှုများကို နားလည်ထောက်ခံပါကြောင်း၊ လုံခြုံရေးကောင်စီ ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးအတွက် ဂျပန်နိုင်ငံ၏ကြိုးပမ်းဆောင်ရွက်ချက်များကို ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံတွင် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာ၌ အရင်းအနှီး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်များစွာရှိနေသည့်အတွက် ဂျပန်နိုင်ငံက ပါဝင်ပူးပေါင်းကူညီဆောင်ရွက်ရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ထားဝယ်အထူးစီးပွားရေးဇုန် MOI လက်မှတ်ရေးထိုးပွဲကို ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာ၊ ဝန်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Nakane နှင့် ထိုင်းနိုင်ငံပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Arkhom တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

**(သတင်းစဉ်)**



ထားဝယ်အထူးစီးပွားရေးဇုန် MOI လက်မှတ်ရေးထိုးပွဲတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ပရာယုဒ် ချန်အိုချာတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)



ဂျပန်-မြန်မာ ပူးတွဲသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။ (ဓာတ်ပုံ-ပြန်/ဆက်)

# ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ပညာရည်ပြည့်ဝသူများနှင့် ထူထောင်ကြရမည်ဖြစ်

**နေပြည်တော် ဇူလိုင် ၄**

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့်ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်အကောင်းဆုံး ကျောင်းများအား ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ပွဲ အခမ်းအနားများကို ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်တို့၌ ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့ကကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်ပြီး ဆုများချီးမြှင့်သည်။

အခမ်းအနားများသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ ကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများတက်ရောက် ကြသည်။

အခမ်းအနားများတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က မိမိသည် ပျော်ဘွယ်နှင့် ရမည်းသင်းဒေသများ၌ ပညာရည်ထူးချွန်ဆုပေးအပ်ခြင်းနှင့် ကျောင်းအဆင့်မြှင့်တင်ခြင်းစသည့်ပညာရေးအားပေးမှုများကို ၂၀၀၉ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့သည်မှာ ယနေ့ထိဖြစ်ပါကြောင်း၊ နယ်မြေတစ်ခုအား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်ရာတွင် ပညာရေး၊ ကျန်းမာရေးတို့ဖြင့် တည်ဆောက်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ဆင်းရဲနွမ်းပါးပညာသင် ထောက်ပံ့ကြေးဖောင်ဒေးရှင်းကိုတည်ထောင်ပြီး ပညာသင်ဆုများကို လစဉ်ပေးအပ်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းများသည် ပညာရေးရည်မှန်းချက် အောင်




မြင်ရန်အတွက်ပင် ဖြစ်ပါကြောင်း။

ပညာသင်ကြားခြင်း၏ ရည်မှန်းချက်တွင် အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ကိုင်နိုင်ရေး ပါဝင်ပါကြောင်း၊ ပညာရေးတွင် မိမိတို့သားသမီး၊ တပည့်များ၏ ကိုယ်ရည်ကိုယ်သွေးမြင့်မားရေးနှင့် မှန်ကန်သင့်လျော်သည့် လမ်းကြောင်းသို့ ရောက်ရှိရန် မိဘနှင့်ဆရာများက စောင့်ကြည့်တည့်မတ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒုတိယတစ်ချက်မှာ လူငယ်လူရွယ်များသည် အသိပညာ နယ်ပယ်ကျယ်ဝန်းပြီး နိုင်ငံကြီးသားပီသကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံကြီးသားပီသရန် အတ္တနှင့်ပရမ္မတခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ စည်းကမ်းရှိခြင်း၊ စိတ်ဓာတ်ကောင်းမွန်ခြင်း စသည်တို့ ပြည့်စုံကြရမည်ဖြစ်ပါကြောင်း၊ တစ်နည်းဆိုသော် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂ စသည့် ဗလငါးတန်နှင့် ပြည့်စုံကြရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် ပညာရည်ပြည့်ဝသူများနှင့် ထူထောင်ကြရမည် ဖြစ်ပါကြောင်း၊ ရှေးဦးစွာ စာမတတ်သူပပျောက်ရေးကို ဆောင်ရွက်ခဲ့ကြရပါကြောင်း၊ ထို့အပြင် ကျောင်းနေအရွယ်ကလေးသူငယ်တိုင်း ကျောင်းနေနိုင်ရေးအတွက် မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများက ဂရုစိုက်စောင့်ရှောက်ပေးရန် လိုအပ်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာတတ်မြောက်ရေး လုပ်ငန်းကိုလည်း စီမံပေးရန်လိုအပ်ပါကြောင်း၊ ထိုသို့စီမံဆောင်ရွက်ပေးခြင်းများသည် ဆင်းရဲမှုလျှော့ချရေးအတွက်လည်း အဓိကအရေးပါသည့် အခန်းကဏ္ဍများပင် ဖြစ်ပါကြောင်း၊ လူတိုင်း အခြေခံပညာတတ်မြောက်ရန်လိုအပ်ပြီး တတ်မြောက်သင့် တတ်မြောက်အပ်သည့် အတတ်ပညာအသိပညာများကို အမှန်တကယ်တတ်မြောက် သိမြင်ပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ရန် လိုအပ်ပါကြောင်း။

အမျိုးသားပညာရေး ဥပဒေကိုလည်း ပညာရှင်များ၊ကျောင်းသားများနှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပညာရေးဥပဒေကိုစဉ်းစားရာတွင် ကမ္ဘာ့နိုင်ငံများနှင့်အဆင့်အတန်းမီရန်၊ မိမိတို့နိုင်ငံနှင့် သင့်လျော်ကိုက်ညီရန် အမျိုးမျိုးစဉ်းစားချင့်ချိန် ဆောင်ရွက်ကြရပါကြောင်း၊ မိခင် ပညာရေးဥပဒေပြီးသည့်အခါ အခြေခံပညာဆိုင်ရာဥပဒေ၊ အဆင့်မြင့်ပညာဆိုင်ရာဥပဒေ၊ အသက်မွေးမှုဆိုင်ရာဥပဒေ စသည့် ဥပဒေခွဲများကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးစနစ်သစ်အတွက် ရေရှည်မျှော်တွေးပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ ဥပဒေများကိုလည်း လေ့လာထားကြရမည်ဖြစ်ပြီး မိမိတို့သားသမီးများပညာရည် တိုးတက်မြင့်မားရေးအတွက် အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ထားကြရမည် ဖြစ်ပါကြောင်း။

ဆရာဆရာမများအနေဖြင့်လည်း ပညာရေးဆိုင်ရာစာအုပ်စာတမ်းများကို စနစ်တကျ လေ့လာပြီး မိမိတို့ဝမ်းစာအဖြစ်ဖြည့်တင်းကာ မိမိတို့တပည့်များကို နည်းလမ်းမှန်ကန်စွာ ဖြန့်ဖြူးသင်ကြားပေးကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေး ဘတ်ဂျက်နှင့်ကျောင်းသားဦးရေကိုအချိုးချပြီး နိုင်ငံ၏ဘတ်ဂျက်အခြေအနေအရ သုံးသင့်သုံးထိုက်သည်များကို သုံးရမည်ဖြစ်ပါကြောင်း၊ ဆရာဆရာမကောင်းများဖြစ်ရန် လေ့ကျင့်သင်ကြားဆန်းစစ်ပေးရမည် ဖြစ်ပါကြောင်း၊ သင်ကြားသည့်ဘာသာရပ်နှင့် ဆရာဆရာမများ၏ ကျွမ်းကျင်မှုကိုက်ညီရန် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ချီးမြှင့်ရန်လည်းလိုအပ်ပါကြောင်း၊ ဥပမိရုပ်မကောင်းသည့် ကျောင်းများနှင့် အန္တရာယ်ရှိသည့် ကျောင်း အဆောက်အအုံများကို နိုင်ငံတော်မှ ပြုပြင်ပေးလျက်ရှိပါကြောင်း။

သင်ကြားရေးကဏ္ဍတွင် နှုတ်ဖြင့်သင်ကြားပို့ချခြင်းထက် သရုပ်ပြခြင်းက ပိုမိုသိမြင်လွယ်ပြီး သရုပ်ပြခြင်းထက် လက်တွေ့ဆောင်ရွက်စေခြင်းက ပိုမိုသိမြင်တတ်ကျွမ်းပါကြောင်း၊ ဘာသာရပ်တိုင်း၌ သင်ကြားခြင်း၊ သရုပ်ပြခြင်းများ၊ လက်တွေ့လုပ်ငန်းများအတွက် သင်ထောက်ကူပစ္စည်းများလိုအပ်ပါကြောင်း၊ သိပ္ပံနှင့်ဝိဇ္ဇာနယ်ပယ်အသိအမြင် ကျယ်ဝန်းရန် အသက်အရွယ်အလိုက် ဖတ်သင့်ဖတ်ထိုက်သည့် စာပေများတည်ရှိရာ ကျောင်းစာကြည့်တိုက်များ ရှိရမည် ဖြစ်ပါကြောင်း၊ ကျောင်းသူကျောင်းသားများဖတ်ရှုရန် တိုက်တွန်းလမ်းညွှန်ပေးကြရမည်ဖြစ်ပါကြောင်း၊ ကျေးလက် စာကြည့်တိုက်များကိုလည်း ဆက်လက်ရှင်သန်နိုင်ရန် ဆောင်ရွက်ပေးသွားကြရမည် ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရန် စာပေအသင်းများဖွဲ့စည်းတည်ထောင်ခြင်း၊ အသိပညာအတတ်ပညာများ ဖြန့်ဖြူးပေးနိုင်သည့် စာပေဟောပြောခြင်းများနှင့် စာဖတ်ဝိုင်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ထူးချွန်ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှဒေသအတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့်စပ်လျဉ်းသည့် နိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အရေးပေါ်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

အရှေ့တောင်အာရှ ဒေသအတွင်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့် စပ်လျဉ်းသည့် နိုင်ငံဖြတ်ကျော် မှုခင်းဆိုင်ရာ အာဆီယံဝန်ကြီးအဆင့် အရေးပေါ်အစည်းအဝေး (EAMMTC) ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဇူလိုင် ၂ ရက်က ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနမှ ဝန်ကြီး၊ ဒုတိယဝန်ကြီးများခေါင်းဆောင်သည့် ကိုယ်စားလှယ် ၈၀ ခန့် တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့ ပါဝင်သည့် ကိုယ်စားလှယ်ခုနစ်ဦး တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအာမက်ဇာဟင်ဟာမီဒီက ဆောင်ရွက်ခဲ့ပြီး အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက အရှေ့တောင်အာရှဒေသအတွင်း အထူးသဖြင့် မလေးရှားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံများအား ထိခိုက်စေသည့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်း သွားလာသူများနှင့် စပ်လျဉ်းသော ကိစ္စရပ်များနှင့် ပူးပေါင်းဖြေရှင်းရန် ရှေ့ဆက်ဆောင်ရွက်မည့်နည်းလမ်းများ၊ လုပ်ငန်းလမ်းစဉ်များကိုလည်းကောင်း၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့် ဆက်နွှယ်ပေါ်ပေါက်သည့် လူကုန်ကူးမှု၊ လူမှောင်ခိုမှုကိစ္စရပ်များကို ပူးပေါင်းဖြေရှင်းရန်အတွက် မူဝါဒလမ်းစဉ်များ၊ ထောက်လှမ်းရေးသတင်းအချက်အလက်များ ဖလှယ်မှုမှတစ်ဆင့် ဒေသတွင်းအဆင့်နှင့် နိုင်ငံတကာအဆင့်တို့တွင် အခြားသောနိုင်ငံဖြတ်ကျော်မှုခင်းဆိုင်ရာ ပုံစံအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ပုံမှန်မဟုတ်သောရွှေ့ပြောင်းသွားလာမှုများနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအထူးအဖွဲ့ ထူထောင်ပြီး လေ့လာဆန်း



စစ်မှုများပြုလုပ်ရန် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကိစ္စရပ်များ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာရာမှ ဒုက္ခကြုံရသူတို့အား လူသားချင်း စာနာထောက်ထားမှု အကူအညီများပေးအပ်ရေးအတွက် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ စေတနာအလျောက် ထည့်ဝင်နိုင်သော အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ စီမံခန့်ခွဲမည့် ရန်ပုံငွေထူထောင်မှုဆိုင်ရာ ကိစ္စရပ်များ၊ ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ရန် အထူးအဖွဲ့ ဖွဲ့စည်းနိုင်ရန်အတွက် အာဆီယံ ခေါင်းဆောင်များထံသို့ ထောက်ခံ တင်ပြကြရန်တို့ကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးအပြီးတွင် အစည်းအဝေး သဘာပတိ၏ ကြေညာချက်ကို ထုတ်ပြန်သည်။

ယင်း အစည်းအဝေး၌ မြန်မာနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က မိမိပိုင်နက်နယ်မြေအတွင်း လှေစီးရွှေ့ပြောင်းသွားလာသူများအား တွေ့ရှိကယ်ဆယ်ခဲ့ရာမှ လူသားချင်းစာနာထောက်ထားသော အကူအညီများပံ့ပိုးပေးခြင်း၊ ယင်း ရွှေ့ပြောင်းသွားလာသူများအား နိုင်ငံသားစိစစ်အတည်ပြုပြီး အိမ်နီးချင်းနိုင်ငံမှ နိုင်ငံသားအများစုအား စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်း၊ ဒုတိယသမ္မတ ဦးစီးသော အရေးပေါ်စီမံခန့်ခွဲရေးကော်မတီ၊ ယင်း၏လက်အောက်ခံ အထူးအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစီးသော လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့တို့၏ ဆောင်ရွက်ချက်များကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးဖက်နိုင်ငံများမှလည်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ အရေးယူဆောင်ရွက်မှု၊ တုံ့ပြန်ချက်တို့သည် နှစ်သက်ဖွယ်ရာ ဖြစ်ကြောင်း၊ ရွှေ့ပြောင်းသွားလာသူအများစုမှာ မြန်မာနိုင်ငံတစ်ခုတည်းသာ မဟုတ်ဘဲ ဘင်္ဂလားပင်လယ်အော်နိုင်ငံအများအပြားမှ ထွက်ခွာလာကြကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာမှုများအပေါ် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များ၊ အရေးယူဆောင်ရွက်ချက်များကို အစည်းအဝေးတွင် ချပြ ဆွေးနွေးနိုင်ခဲ့သည့် အပြင် နိုင်ငံတကာ၏စွပ်စွဲချက်များကို ချေပနိုင်ခဲ့သဖြင့် ယခုကျင်းပခဲ့သော အစည်းအဝေးသည် အာဆီယံနိုင်ငံများ၏ အပြန်အလှန်ယုံကြည်မှုဖြစ်ထွန်းစေခဲ့သည့် အစည်းအဝေးဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ဒုတိယပိုင်းတွင် နေပြည်တော်အသင်း လူအပြောင်းအလဲပြုလုပ်ကာ ကစားအား မြှင့်တင်ခဲ့သော်လည်း ကစားအားတက်မလာခဲ့ပေ။ ရခိုင်အသင်းမှာ တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့ပြီး ပြည်မိုး အပိုင်အခွင့်အရေး နှစ်ကြိမ် လွဲချော်ခဲ့သည်။

**(ကျောက်တိုင်ကွင်း)**

ဧရာဝတီ- နှစ်ဂိုး
ဟံသာဝတီ- ဂိုးမရှိ

**(အောင်ဆန်းကွင်း)**

ဇွဲကပင်- တစ်ဂိုး
ချင်းယူနိုက်တက်- ဂိုးမရှိ

**(မုံရွာကွင်း)**

ဇေယျာရွှေမြေ- သုံးဂိုး
မနောမြေ- တစ်ဂိုး

**ယနေ့ပွဲ**

**(ဗထူးကွင်း)**

ရတနာပုံ- ရန်ကုန်

**(သုဝဏ္ဏကွင်း)**

မကွေး- ကမ္ဘောဇ

**သတင်း-ညီမြတ်သော်တာ**

## မှတ်သုံလေအားကောင်း

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေမည်။

# ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာ

မင်းမင်းဇော်(သတင်းစဉ်)
ဓာတ်ပုံ-သစ္စာမေတ္တာ

**နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသည့် အချုပ်အခြာအာဏာသုံးရပ် ကျင့်သုံးဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များကိုရွေးချယ်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်းတို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူညီနိုင်ပေ။ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာလုပ်ငန်းစဉ်များကို ယင်းနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေများနှင့် နည်းဥပဒေများ၌ သတ်မှတ်ပြဋ္ဌာန်းကြသည်။**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအနေဖြင့် (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှတ်တော် ရွေးကောက်ပွဲများကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ၊ ပွင့်လင်းမြင်သာမှုရှိသည့် ရွေးကောက်ပွဲများ၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် တာဝန်ရှိသူများအပါအဝင် သက်ဆိုင်ရာအစိုးရဌာနများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် ရွေးကောက်ပွဲလေ့လာအကဲခတ်သူများ၊ သတင်းမီဒီယာများအနေဖြင့် ဖြူစင်သန့်ရှင်းသည့် စိတ်စေတနာတို့ဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ လေ့လာသိရှိနိုင်ရန် ရွေးကောက်ပွဲဆိုင်ရာများနှင့်စပ်လျဉ်း၍ **ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်**နှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။

**မေး။ ရွေးကောက်ပွဲဆိုတဲ့ စကားရပ်ရဲ့ အနက်အဓိပ္ပာယ်ကို သိပါရစေ။**

ဖြေ။ ရွေးကောက်ပွဲဆိုတာ အများနားလည်သလိုပြောရရင် အဖွဲ့အစည်းတစ်ခုမှာ ပါဝင်နေသူတွေက ဒါမှမဟုတ် နိုင်ငံတစ်နိုင်ငံမှာ နေထိုင်နေတဲ့သူတွေက မိမိတို့ နှစ်သက်တဲ့သူကို မိမိတို့ခေါင်းဆောင်အဖြစ် ရွေးချယ်နိုင်ဖို့ ကျင်းပပြုလုပ်ပေးတဲ့ ပွဲတစ်ပွဲသာ ဖြစ်ပါတယ်။ ဥပမာ-ဆယ်အိမ်မှူး၊ ရာအိမ်မှူး ရွေးကောက်ပွဲ၊ စည်ပင်သာယာရွေးကောက်ပွဲ စတာတွေကနေ လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်းမျိုးကို ဆိုလိုတာဖြစ်ပါတယ်။

**မေး။ ရွေးကောက်ပွဲကော်မရှင်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ကော်မရှင်ရဲ့ အဓိကတာဝန်ကြီးတွေကိုလည်း သိပါရစေ။**

ဖြေ။ ရွေးကောက်ပွဲကော်မရှင်ဆိုတာ လွှတ်တော်အသီးသီးအတွက် ကိုယ်စားလှယ်တွေကို ရွေးကောက်တင်မြှောက်ပေးဖို့ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါတယ်။ ကော်မရှင်ရဲ့ အဓိကတာဝန်ကြီးတွေကတော့ ရွေးကောက်ပွဲများ ကျင်းပပေးခြင်း၊ ကြီးကြပ်ခြင်း၊ လွှတ်တော်ဆန္ဒမဲနယ်မြေအသီးသီးကို သတ်မှတ်ပေးခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပေးခြင်း၊ ရွေးကောက်ပွဲအငြင်းပွားမှုကို ရွေးကောက်ပွဲခုံအဖွဲ့ ဖွဲ့စည်းစစ်ဆေးခြင်း၊ နိုင်ငံရေးပါတီတွေကို မှတ်ပုံတင် ခွင့်ပြုခြင်း၊ နိုင်ငံရေးပါတီများတည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီဖြစ်ဖို့ ကြီးကြပ်ခြင်းတို့ဖြစ်ပါတယ်။

**မေး။ ရွေးကောက်ပွဲကျင်းပတဲ့အခါ ဘယ်လိုလူတွေ မဲပေးခွင့်ရရှိပြီး ဘယ်သူတွေ မဲပေးခွင့် မရကြမှာပါလဲ။**

ဖြေ။ ရွေးကောက်ပွဲ စတင်ကျင်းပတဲ့နေ့မှာ အသက် ၁၈ နှစ် ပြည့်ပြီးတဲ့သူတွေ၊ နိုင်ငံသား၊ ဧည့်နိုင်ငံသားနဲ့ နိုင်ငံသားပြုခွင့်ရသူတွေနဲ့ သက်ဆိုင်ရာမဲစာရင်းတွေမှာ ပါဝင်တဲ့သူတွေ မဲပေးခွင့်ရရှိကြမှာဖြစ်ပြီး သာသနာ့ဝန်ထမ်းတွေ၊ ထောင်ဒဏ်ကျခံနေရတဲ့သူတွေ စိတ်ပေါ့သွပ်နေသူအဖြစ် သတ်မှတ်ခြင်းခံရတဲ့သူတွေ၊ လူမွဲအဖြစ်ဆုံးဖြတ်ကြေညာထားခြင်းမှ လွတ်မြောက်ခွင့်မရသေးတဲ့သူတွေ၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခံရသူတွေနဲ့ နိုင်ငံခြားသား (သို့မဟုတ်) နိုင်ငံခြားသားအဖြစ်ခံယူထားတဲ့သူတွေကတော့ မဲပေးခွင့်မရှိပါဘူး။

**မေး။ မဲစာရင်းတွေကို ဘယ်နေရာတွေမှာ အလွယ်တကူကြည့်ရှုနိုင်ပါသလဲ။**

ဖြေ။ မဲစာရင်းတွေကို ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေနဲ့ UEC Website မှာလည်း အလွယ်တကူ ကြည့်ရှုနိုင်ပါတယ်။



ဦးမြင့်နိုင်
ပြည်ထောင်စု
ရွေးကောက်ပွဲ
ကော်မရှင်
အဖွဲ့ဝင်

**မေး။ မဲစာရင်းမှာ မိမိနာမည်မပါရင် ဘယ်လိုဆက်လက်ဆောင်ရွက်ရပါမလဲ။**

ဖြေ။ မဲစာရင်းမှာ မိမိနာမည်မပါရင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ရွေးကောက်ပွဲ ပုံစံ(၃)ကို တောင်းယူဖြည့်သွင်းလျှောက်ထားနိုင်ပါတယ်။

**မေး။ မဲစာရင်းအမည်ထပ်နေရင်၊ ကွယ်လွန်ပြီးသူတွေရဲ့ အမည်တွေ ပါဝင်နေရင်၊ မပါဝင်သင့်တဲ့ သူတွေရဲ့ အမည်တွေပါဝင်နေရင် ဘယ်လိုဆောင်ရွက်ရပါမလဲခင်ဗျာ။**

ဖြေ။ မဲစာရင်းမှာ မိမိရဲ့အမည်ထပ်နေရင် အမြဲတမ်းနေရပ်သန်းခေါင်စာရင်း ပုံစံ-၆၆/၆ နဲ့ အတူ မူလမဲစာရင်းကို အတည်ပြုပေးပြီး အခြားမဲဆန္ဒနယ်ရဲ့ မဲစာရင်း(သို့) မိမိတို့ မဲဆန္ဒနယ်ရဲ့မဲစာရင်းမှာ ရွေးကောက်ပွဲ ပုံစံ(၄-ဂ)နဲ့ ပြင်ဆင်ပေးဖို့ လျှောက်ထားနိုင်ပါတယ်။

**❑ မဲစာရင်းမှာ မိမိနာမည်မပါရင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ ရွေးကောက်ပွဲပုံစံ(၃)ကို တောင်းယူဖြည့်သွင်းလျှောက်ထားနိုင်**

**❑ မဲစာရင်းမှာ မိမိရဲ့အမည်ထပ်နေရင် အမြဲတမ်းနေရပ် သန်းခေါင်စာရင်း ပုံစံ-၆၆/၆ နဲ့အတူ မူလမဲစာရင်းကို အတည်ပြုပေးပြီး အခြားမဲဆန္ဒနယ်ရဲ့ မဲစာရင်း(သို့) မိမိတို့ မဲဆန္ဒနယ်ရဲ့မဲစာရင်းမှာ ရွေးကောက်ပွဲ ပုံစံ(၄-ဂ)နဲ့ ပြင်ဆင်ပေးဖို့ လျှောက်ထားနိုင်**

ကွယ်လွန်ပြီးသူတွေရဲ့ အမည်တွေပါနေရင်၊ မိမိတို့ မဲစာရင်းမှာ မပါဝင်သင့်တဲ့သူတွေပါဝင်နေရင် ရွေးကောက်ပွဲပုံစံ(၄)နဲ့ ကန့်ကွက်ရပါမယ်။

**မေး။ မဲရုံတွေမှာ မဲပေးတဲ့အခါ ဘယ်လိုဆောင်ရွက်ရပါမလဲ။**

ဖြေ။ မဲရုံတွေမှာ ဆန္ဒမဲပေးတဲ့အခါ ပယ်မဲမဖြစ်အောင် သတိထားဆောင်ရွက်ရပါမယ်။ ဥပမာ-ဆန္ဒမဲလက်မှတ်မှာ မဲရုံမှူးလက်မှတ် ပါ/မပါ၊ မဲလက်မှတ်စုတ်ပြဲနေခြင်း ရှိ/မရှိ ကြည့်ရမယ်။ ဆန္ဒမဲလက်မှတ်ပေါ်မှာ မိမိဆန္ဒပြုလိုသူကို ထင်ထင်ရှားရှားဖြစ်အောင်ဆန္ဒပြုရမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် ဆန္ဒမဲတစ်မဲ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းအတွက် တစ်မဲ၊ တိုင်းဒေသကြီး(သို့) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ဆန္ဒမဲတစ်မဲအတွက် သုံးကြိမ်မဲပေးရပါမယ်။ အကယ်၍ တိုင်းရင်းသားလူမျိုးဖြစ်ပြီး တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်ရှိခဲ့ရင် မိမိတို့တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက်လည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိပါတယ်။

**မေး။ ကြိုတင်မဲအကြောင်း ရှင်းပြပေးပါ။**

ဖြေ။ ကြိုတင်မဲဆိုတာ ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ မိမိရဲ့မဲစာရင်းပါရှိရာမဲရုံကို ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်တဲ့အတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ခြင်းကို ဆိုလိုပါတယ်။ ကြိုတင်မဲကို မဲဆန္ဒရှင်တိုင်း ပေးခွင့်မရှိပါဘူး။ ဥပမာ- မဲဆန္ဒနယ်အတွင်းမှာရှိနေတဲ့ အချုပ်ခံနေရတဲ့သူတွေ၊ အတွင်းလူနာအဖြစ် ဆေးရုံတက်နေရတဲ့သူတွေ၊ နေအိမ်မှာမီးဖွားနေသူတွေ၊ အသက်အရွယ်ကြီးရင့်သူ၊ အိုမင်းမစွမ်းရှိတဲ့သူတွေ၊ အနာကြီးရောဂါစွဲကပ်သူတွေ၊ ရွေးကောက်ပွဲကျင်းပတဲ့နေ့ရက်မှာ တာဝန်အရ မဲဆန္ဒနယ်ပြင်ပကို သွားရောက်တာဝန်ထမ်းဆောင်ဖို့ ရှိတဲ့ဝန်ထမ်းတွေနဲ့ မဖြစ်မနေ ခရီးဝေးသွားရမယ့်သူတွေအပါအဝင် မဲဆန္ဒနယ်ပြင်ပမှာ ရောက်နေတဲ့ သင်တန်းတက်ရောက်နေသူတွေ၊ ဆေးကုသမှုခံယူနေသူတွေနဲ့ အစိုးရခွင့်ပြုချက်နဲ့ နိုင်ငံပြင်ပတာဝန်ထမ်းဆောင်နေသူ၊ အလုပ်လုပ်ကိုင်နေသူ၊ သင်တန်းသူ၊ သင်တန်းသားတွေ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိပါတယ်။

**မေး။ မဲဆန္ဒနယ်မြေတွေကို ဘယ်လိုသတ်မှတ်ပါသလဲ။**

ဖြေ။ မဲဆန္ဒနယ်မြေတွေကို ပြည်သူ့လွှတ်တော်အတွက် မဲဆန္ဒနယ် ၃၃၀ ထက်မပိုဘဲ သတ်မှတ်ပါတယ်။ မြို့နယ်နဲ့ လူဦးရေကို အခြေခံပြီးသတ်မှတ်ပါတယ်။ အမျိုးသားလွှတ်တော်အတွက် မဲဆန္ဒနယ် ၁၆၈ နေရာ သတ်မှတ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တစ်ခုစီမှာ မဲဆန္ဒနယ်မြေ ၁၂ နေရာစီ အညီအမျှသတ်မှတ်ရမှာဖြစ်တယ်။ လူဦးရေကို အခြေမခံပါဘူး။ မဲဆန္ဒနယ် ၁၂ နယ်စီ သတ်မှတ်တဲ့နေရာမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ပါဝင်နေရင် အဲ့ဒီအတွက်ပါ သတ်မှတ်ပေးရပါမယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အတွက် တစ်မြို့နယ်ကို မဲဆန္ဒနယ် ၁ နဲ့ ၂ ဆိုပြီး နှစ်နေရာစီ သတ်မှတ်ရပါတယ်။ အဲ့ဒီလို သတ်မှတ်တဲ့နေရာမှာ လူဦးရေကွာခြားမှု မများလွန်းစေရပါဘူး။ တစ်ဆက်တစ်စပ်တည်းဖြစ်အောင်လည်း သတ်မှတ်ရပါတယ်။ တကယ်လို့ အဲ့ဒီတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေမှာ တိုင်းရင်းသားလူမျိုးတစ်မျိုးဟာ တစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေရဲ့ ၀ ဒသမ ၁ ရာခိုင်နှုန်း အထက်မှာ ရှိနေမယ်ဆိုရင် အဲ့ဒီလူမျိုးက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလည်း မရရှိသေးဘူးဆိုရင် သူတို့အတွက် မဲဆန္ဒနယ်တစ်နယ်စီ သတ်မှတ်ပေးရပါတယ်။ အဲဒီ မဲဆန္ဒနယ်ကတော့ တိုင်းဒေသကြီးတစ်ခုလုံး သို့မဟုတ် ပြည်နယ်တစ်ခုလုံး ဖြစ်ပါတယ်။

**မေး။ ဆန္ဒမဲပေးတာနဲ့ ပတ်သက်လို့ တရားမဝင် ရွှေ့ပြောင်းလုပ်သားတွေအတွက် ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ပြည်ပမှာ ရောက်နေတဲ့ တရားမဝင် ရွှေ့ပြောင်းလုပ်သားတွေအတွက်ကတော့ အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ပြည်ပမှာရောက်နေသူတွေမဟုတ်တဲ့အတွက် ရွေးကောက်ပွဲ ကျင်းပတဲ့နေ့မှာ ဆန္ဒမဲပေးချင်ရင် မဲစာရင်းရှိတဲ့ဒေသမှာပဲ ပြန်ပြီးမဲပေးကြရမှာဖြစ်တယ်။ သူတို့ရဲ့ မဲစာရင်းတွေကလည်း သူတို့အမြဲနေထိုင်တဲ့ ဒေသတွေမှာ ရှိနေမှာပါ။

**မေး။ ပယ်မဲဆိုတာကိုလည်း သိပါရစေ။**

ဖြေ။ ကော်မရှင်က အတည်ပြုထားတဲ့ အမှတ်အသားမပါတဲ့ ဆန္ဒမဲလက်မှတ်၊ မဲရုံမှူးလက်မှတ်မပါတဲ့ ဆန္ဒမဲလက်မှတ်၊ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပိုပြီး ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်၊ ဆန္ဒပြုထားခြင်းမရှိတဲ့ ဆန္ဒမဲလက်မှတ်၊ ဆန္ဒပြုခြင်း မသေချာ၊ မထင်ရှားတဲ့ ဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲလက်မှတ်အတုဖြစ်တယ်လို့ မဲရုံမှူးက ဆုံးဖြတ်တဲ့ ဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲပေးသူကို သိနိုင်အောင် အမှတ်အသားပြုထားတဲ့ ဆန္ဒမဲလက်မှတ်၊ စုတ်ပြဲထားတဲ့ ဆန္ဒမဲလက်မှတ်နဲ့ ကော်မရှင်ကပယ်မဲအဖြစ် သတ်မှတ်ထုတ်ပြန်ထားတဲ့ ဆန္ဒမဲလက်မှတ်တွေပဲ ဖြစ်ပါတယ်။

**မေး။ ကိုယ်စားလှယ်လောင်းတွေကို အမည်စာရင်းတင်သွင်းတဲ့အခါ ဘယ်လိုအခြေအနေမျိုးမှာ ကန့်ကွက်နိုင်ပါသလဲ၊ ဘယ်လိုကန့်ကွက်ရပါမလဲ။**

ဖြေ။ ကိုယ်စားလှယ်လောင်းတွေကို အမည်စာရင်းတင်သွင်းတဲ့အခါ ကိုယ်စားလှယ်လောင်းတစ်ဦးအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းနဲ့ မပြည့်စုံဘူးဆိုရင် ယှဉ်ပြိုင်ဘက် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးက ကန့်ကွက်နိုင်ပါတယ်။ ဥပမာ-ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဟာ အသက် ၂၅ နှစ် ပြည့်ရမယ်လို့ သတ်မှတ်ထားတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးဟာ အသက် ၃၀ ပြည့်ရမယ်လို့ ကန့်သတ်ထားပါတယ်။ ဒီသတ်မှတ်ချက်နဲ့မညီရင် ကန့်ကွက်နိုင်တယ်။ အဲ့ဒီလိုပဲ နိုင်ငံသားမိဘနှစ်ပါးက မွေးဖွားသူဖြစ်ရမယ်။ ရွေးကောက်ပွဲကျင်းပတဲ့နေ့မတိုင်မီ မြန်မာနိုင်ငံအတွင်းမှာ ၁၀ နှစ်တစ်ဆက်တည်း နေထိုင်သူဖြစ်ရမယ်လို့ သတ်မှတ်ထားတယ်။ ဒီလိုသတ်မှတ်ချက်တွေနဲ့မညီဘူးဆိုရင်လည်း ကန့်ကွက်နိုင်တယ်။ ကန့်ကွက်မယ်ဆိုရင် ကိုယ်စားလှယ်လောင်းစိစစ်တဲ့နေ့မှာ ကန့်ကွက်နိုင်တယ်။ ကန့်ကွက်လွှာကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက ခုနစ်ရက်အတွင်း အပြီးစိစစ်ဆုံးဖြတ်ပါတယ်။ ဆုံးဖြတ်တာကို မကျေနပ်တဲ့သူက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဖွဲ့ခွဲရုံးကို အယူခံတင်နိုင်ပါတယ်။ အယူခံမှုမှာ ဆုံးဖြတ်တာက အပြီးအပြတ်ဖြစ်ပါတယ်။

**မေး။ ရွေးကောက်ပွဲမှာ သတင်းမီဒီယာတွေ သတင်းရယူနိုင်ဖို့ ဘယ်လိုဆောင်ရွက်ရပါမလဲ။**

ဖြေ။ ရွေးကောက်ပွဲမှာ သတင်းမီဒီယာတွေ သတင်းရယူနိုင်ဖို့အတွက် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲတွေနဲ့ ဆက်သွယ်နိုင်ပါတယ်။ သတင်းမီဒီယာတွေရဲ့ ကျင့်ဝတ်ကို လိုက်နာရမယ်။ မဲရုံအတွင်း ဝင်ပြီး ဓာတ်ပုံရိုက်ခွင့်မရှိပါဘူး။ မဲရုံအပြင်ကနေပဲ ဓာတ်ပုံရိုက်ခွင့်ရှိပါတယ်။ အဓိကကတော့ ဆန္ဒမဲပေးသူတွေနဲ့ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်တွေကို မနှောင့်ယှက်မိဖို့နဲ့ လျှို့ဝှက်ဆန္ဒမဲပေးခြင်းကို မထိခိုက်စေဖို့ အရေးကြီးပါတယ်။

**မေး။ လေ့လာသူတွေအနေနဲ့ ဘယ်လိုစောင့်ကြည့်လေ့လာသင့်ပါသလဲ။**

ဖြေ။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူတွေရဲ့ ကျင့်ဝတ်တွေကို အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ထုတ်ပြန်ထားပါတယ်။ အဲ့ဒီကျင့်ဝတ်တွေအတိုင်း လိုက်နာဆောင်ရွက်သွားကြရပါမယ်။ ဒါ့အပြင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတွေက စောင့်ကြည့်လေ့လာခွင့်ရဖို့ လျှောက်ထားခြင်းနဲ့ အသိအမှတ်ပြုလွှာများ ထုတ်ယူနိုင်ခွင့်တွေနဲ့ ပတ်သက်ပြီး လုပ်ငန်းစဉ်ကို အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပါဝင်ရေးဆွဲထားပါတယ်။

**မေး။ နိုင်ငံရဲ့ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ သမိုင်းအတွေ့အကြုံအကျဉ်းချုပ်ကိုလည်း သိပါရစေ။**

ဖြေ။ ရှေးမြန်မာမင်းတွေလက်ထက်က ရွေးကောက်ပွဲတွေနဲ့စပ်လျဉ်းပြီး ဘုရင်ကို ရွေးချယ်တင်မြှောက်တဲ့ ဘုရင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့ ထားရှိတာကို တွေ့ရတယ်။ ဒါ့အပြင် ဘုရင်ဖြစ်ထိုက်သူရဲ့ အရည်အချင်းတွေ၊ မင်းတိုင်ပင်ဖြစ်ထိုက်သူရဲ့ အရည်အချင်းတွေကို သတ်မှတ်ထားတာလည်း တွေ့ရတယ်။ လွှတ်တော်နဲ့ လွှတ်တော်အဆောက်အအုံတွေကို သက္ကရာဇ် ၅၇၃ ခုနှစ်လောက်ကတည်းက ပေါ်ပေါက်ခဲ့တယ်လို့ လေ့လာတွေ့ရှိရတယ်။ အင်္ဂလိပ်တွေ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးတဲ့ ၁၈၈၆ ခုနှစ် ဧပြီလ ၁ ရက်နေ့မှာ မြန်မာဘုရင့်လွှတ်တော်ကို ဗြိတိသျှတွေက ဖျက်သိမ်းခဲ့တယ်။ ၁၉၂၂၊ ၁၉၂၅၊ ၁၉၂၈ နဲ့ ၁၉၃၂ ခုနှစ်တွေမှာ ရွေးကောက်ပွဲတွေ ကျင်းပခဲ့ပေမယ့် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ အလွန်နည်းပါးတယ်။ ၂၄ ရာခိုင်နှုန်းလောက်ပဲရှိတယ်။ အဲ့ဒီတုန်းက အသက် ၁၈ နှစ် ပြည့်ရုံနဲ့ မဲပေးလို့မရဘူး။ သဿမေဓ အခွန် ၅ ကျပ်ဆောင်သူဖြစ်ရမယ်။ ဒါမှမဟုတ် အမြတ်တော်ခွန် ၄ ကျပ် ဆောင်သူဖြစ်ရမယ်။ ရွေးကောက်ပွဲကျင်းပပေးတယ်ဆိုပေမယ့် သူတို့အုပ်စိုးမှုအခွန့်ရှည်အောင် ကျင်းပခဲ့ခြင်းသာ ဖြစ်တယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ် ပါလီမန်အထွေထွေရွေးကောက်ပွဲကို ၁၉၅၁ ခုနှစ် ဇွန်လ ၁၂ ရက်ကနေ ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့အထိ သုံးကြိမ်ခွဲပြီး ကျင်းပခဲ့တယ်။ ဒုတိယအကြိမ်ကို ၁၉၅၆ ခုနှစ် ဧပြီလ ၂၇ ရက်နေ့မှာ ကျင်းပခဲ့တယ်။ တတိယအကြိမ်ကို ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ ကျင်းပခဲ့တယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ဖို့ ပထမအကြိမ် ပြည်သူ့လွှတ်တော်နဲ့ ပြည်သူ့ကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲတွေကို ၁၉၇၃ ခုနှစ်မှာ ကျင်းပခဲ့တယ်။ ၁၉၇၇ ခုနှစ်မှာ ဒုတိယအကြိမ်၊ ၁၉၈၁ ခုနှစ်မှာ တတိယအကြိမ်နဲ့ ၁၉၈၅ ခုနှစ်မှာ စတုတ္ထအကြိမ် ကျင်းပခဲ့တယ်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့တာဝန်ယူစဉ်ကာလ ၁၉၉၀ ပြည့်နှစ်မှာ ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ၂၀၁၀ ပြည့်နှစ်မှာ ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့တယ်။

# သတင်းနှင့်စာနယ်ဇင်းအတတ်ပညာဆိုင်ရာအခြေခံများ သင်တန်းဆင်းပွဲကျင်းပ




**ရန်ကုန် ဇူလိုင် ၄**

Prague Freedom Foundation (PFF)၏ ပံ့ပိုးကူညီမှုဖြင့် RFA အသံလွှင့်ဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့ ပူးပေါင်းဖွင့်လှစ်သည့် သတင်းနှင့်စာနယ်ဇင်း အတတ်ပညာဆိုင်ရာ အခြေခံများ (Foundation of Journalism) သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ PFF နှင့် RFA အသံလွှင့်ဌာနတို့မှ တာဝန်ရှိသူများက သင်တန်းနှင့် စပ်လျဉ်း၍ သုံးသပ်ပြောကြားကြပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား တိုင်းရင်းသူ သင်တန်းသား ၃၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

၁။ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက်အကျိုးရှိစွာအသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသို့ စနစ်တကျ ခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကိုစိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိပါသည်။

၂။ ၂၀၁၅ ခုနှစ်၊ ဇွန်လအတွင်း ပါရဂူဘွဲ့/မဟာဘွဲ့သင်တန်းသို့ ပညာသင်(၇)ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training)သို့ ပညာသင် ၂၄၁ ဦး စုစုပေါင်း ပညာသင်၂၄၈ ဦးကို ပြည်ပနိုင်ငံ ၂၂ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပါသည်။ ဇွန်လအတွင်း နိုင်ငံ့ဝန်ထမ်းများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ ပညာသင်အများဆုံးစေလွှတ်ခဲ့ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီ**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

# စစ်ကိုင်းတိုင်းဒေသကြီး ၂၃ မြို့နယ်၌ သွေးလွန်တုပ်ကွေးကူးစက်ဖြစ်ပွားနေ၊ ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်

စစ်ကိုင်း ဇူလိုင် ၄

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာမြို့အပါအဝင် ၃၇ မြို့နယ်အနက် ၂၃ မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါဦးရေ ၈၀၀ ကျော် ကူးစက်ဖြစ်ပွားပြီး ခြောက်ဦးအထိ သေဆုံးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ပြုစုထားသောစာရင်းများအရ သိရသည်။**

တစ်နိုင်ငံလုံး၌ စစ်ကိုင်းတိုင်းဒေသကြီးသည် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုအဆင့်(၆)နေရာတွင် ရောက်ရှိနေသောကြောင့် ဗဟို ပြည်သူ့ကျန်းမာရေးဦးစီးဌာနရောဂါနှိမ်နင်းရေး ညွှန်ကြားရေးမှူး ဒေါက်တာ သန္တာလွင်၊ ဒုတိယညွှန်ကြားရေးမှူးတို့ ပါဝင်သောအဖွဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၂ ရက်က ရောက်ရှိ၍ သွေးလွန်တုပ်ကွေးရောဂါထိန်းချုပ်ရေး၊ ကာကွယ်ရေးအတွက် ရောက်ရှိလာခဲ့သည်။

"နေပြည်တော်ကနေ ဇူလိုင် ၂ ရက်ကတည်းက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအတွက် ကုသရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ရောက်ရှိလာကြတာပါ။ ကမ္ဘာ့နိုင်ငံတွေမှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတာဟာ အပူပိုင်းနိုင်ငံတွေမှာ များပါတယ်။ မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေမှာ ဖြစ်ပွားမှုနှုန်းမြင့်မားပါတယ်။ ကမ္ဘာ့သွေးလွန်တုပ်ကွေးရောဂါဟာ ၁၉၅၅ ခုနှစ်ကတည်းက စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပါတယ်။

"၂၀၁၀ ပြည့်နှစ်မှာ အဆ ၂၀၀၀ ကျော် ပိုများလာတာ နှစ်ပေါင်း ၆၀ အတွင်း ၂ ဒသမ ၂ သန်းအထိ ကူးစက်ဖြစ်ပွားနေပါတယ်။ ၂၀၁၃ ခုနှစ်မှာ ကမ္ဘာမှာ ပြင်းပြင်းထန်ထန် ဖြစ်ပွားတာ လူဦးရေ ငါးသိန်းလောက်ဖြစ်ပွားခဲ့ပြီး ၁၂၀၀၀ လောက် သေဆုံးခဲ့ပါတယ်။ နှစ်စဉ်သန်း ၄၀၀ လောက် သွေးလွန်တုပ်ကွေးဟာ ကူးစက်ခံနေရပါတယ်။ မြန်မာနိုင်ငံမှာတော့ ၁၉၇၀ ပြည့်နှစ်လောက်က ရန်ကုန်တိုင်းဒေသကြီးမှာ သွေးလွန်တုပ်ကွေး စတင်ဖြစ်ပွားပြီး ၁၉၇၄ ခုနှစ်နောက်ပိုင်းမှာ ရောဂါဖြစ်ပွားမှု ကျယ်ပြန့်လာပြီး နှစ်စဉ် ချင်းပြည်နယ်နဲ့ ကယားပြည်နယ်ကလွဲရင် ကျန်တဲ့နေရာအားလုံးမှာ သွေးလွန်တုပ်ကွေးဖြစ်ပွားရာက အခုအခါမှာ ချင်းပြည်နယ်ကလွဲရင် ကျန်တဲ့နေရာအားလုံးမှာ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားနေပြီဖြစ်ပါတယ်။

"၂၀၁၅ ခုနှစ် နှစ်ဝက်ကာလမှာ မြန်မာနိုင်ငံမှာ သွေးလွန်တုပ်ကွေးရောဂါဟာ ပိုဆိုးလာတဲ့အတွက် ပြည်သူ့ကျန်းမာရေးဌာန တစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရနိုင်တဲ့အတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့၊ ပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ကြဖို့အတွက် လာရောက်ကြခြင်းဖြစ်ပါတယ်။ မိုးမကျခင်ကာလကတည်းက ယခုနှစ် သွေးလွန်တုပ်ကွေးဖြစ်နိုင်ခြေရှိတဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကြိုတင်ကာကွယ်ရေးတွေ ဆောင်ရွက်ဖို့ နှိုးဆော်ထားပြီဖြစ်ပါတယ်။

လက်ရှိ ဇူလိုင် ၂ ရက်အထိ သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုဟာ မြန်မာနိုင်ငံမှာ ဧရာဝတီတိုင်းဒေသကြီးက နံပါတ်(၁)၊ မွန်ပြည်နယ်က (၂)၊ ရန်ကုန်တိုင်းဒေသကြီးက (၃)၊ မန္တလေးတိုင်းဒေသကြီးက (၄)၊ တနင်္သာရီတိုင်းဒေသကြီးက (၅)၊ စစ်ကိုင်းတိုင်းဒေသကြီးက (၆)၊ ကရင်ပြည်နယ်က (၇)အဖြစ် ဖြစ်ပွားနေပါတယ်" ဟု ညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်သန္တာလွင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားနေသော ၂၃ မြို့နယ်အနက် ယခုလက်ရှိအထိ မုံရွာ၌ ၁၀၇ ဦး၊ ဘုတလင်၌ ၄၈ ဦး၊ တန့်ဆည်၌ ၂၀၁ ဦး၊ ရေဦး၌ ၄၄ ဦး၊ ကနီ၌ ၄၄ ဦး၊ ကန့်ဘလူ၌ ၅၇ ဦး၊ ရွှေဘို၌ ၅၄ ဦး အများဆုံးဖြစ်ပွားလျက်ရှိရာ ဘုတလင်မြို့နယ်၊ တန့်ဆည်မြို့နယ်တို့မှ နှစ်ဦးစီ၊ ရေဦးမြို့နယ်နှင့် ကနီမြို့နယ်တို့မှ တစ်ဦးစီ စုစုပေါင်း ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးဖြစ်ပွားမှုတွင် ၂၀၀၁ ခုနှစ်က ၉၅၁ ဦး၊ ၂၀၀၂ ခုနှစ်က ၁၁၈၉ ဦး၊ ၂၀၀၃ ခုနှစ်က ၃၃၁ ဦး၊ ၂၀၀၄ ခုနှစ်က ၁၇၉ ဦး၊ ၂၀၀၅ ခုနှစ်က ၁၃၆၅ ဦး၊ ၂၀၀၆ ခုနှစ်က ၁၉၂၇ ဦး၊ ၂၀၀၇ ခုနှစ်က ၅၉၁ ဦး၊ ၂၀၀၈ ခုနှစ်က ၂၀၉၇ ဦး၊ ၂၀၀၉ ခုနှစ်က ၂၂၉၉ ဦး၊ ၂၀၁၀ ပြည့်နှစ်က ၁၅၂၀ နှင့် ၂၀၁၁ ခုနှစ်က ၁၃၆၁ ဦး၊ ၂၀၁၂ ခုနှစ်က ၂၇၇ ဦး၊ ၂၀၁၃ ခုနှစ်က ၂၀၂၉ ဦး၊ ၂၀၁၄ ခုနှစ်က ၁၁၉၈ ဦးနှင့် ယခု ၂၀၁၅ ခုနှစ် ဇူလိုင် ၂ ရက်အထိ ၈၀၀ ကျော် သွေးလွန်တုပ်ကွေး ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းများမှ သိရသည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း သေဆုံးမှုအနေဖြင့် ၂၀၀၁ ခုနှစ်တွင် ၁၄ ဦးသေဆုံးပြီး ၂၀၀၂ ခုနှစ်တွင် ၁၀ ဦး၊ ၂၀၀၃ ခုနှစ် တွင် ၁၃ ဦး၊ ၂၀၀၄ ခုနှစ်တွင် သေဆုံးသူမရှိဘဲ ၂၀၀၅ ခုနှစ်တွင် ၁၅ ဦး၊ ၂၀၀၆ ခုနှစ်တွင် ၁၀ ဦး၊ ၂၀၀၇ ခုနှစ်တွင် ကိုးဦး၊ ၂၀၀၈ ခုနှစ် တွင် ၁၆ ဦး၊ ၂၀၀၉ ခုနှစ်တွင် ငါးဦး၊ ၂၀၁၀ ပြည့်နှစ်တွင် ရှစ်ဦး၊ ၂၀၁၁ ခုနှစ်တွင် ငါးဦး၊ ၂၀၁၂ ခုနှစ်တွင် နှစ်ဦး၊ ၂၀၁၃ ခုနှစ်တွင် ၁၂ ဦး၊ ၂၀၁၄ ခုနှစ်တွင် ငါးဦးနှင့် ၂၀၁၅ ခုနှစ် ယခုအချိန်ထိ ခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

"သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုများလာတာရဲ့အကြောင်းရင်းက ကမ္ဘာကြီးပူနွေးလာပြီး လမ်းပန်းဆက်သွယ်ရေးတွေ တိုးတက်ကောင်းမွန်လာတဲ့အတွက် ခရီးသွားလာမှု မြန်ဆန်လာတာနဲ့အမျှ ရောဂါပိုးပြန့်ပွားမှုက မြန်ဆန်ပါတယ်။ သွေးလွန်တုပ်ကွေးရောဂါပိုး မျိုးကွဲအပြောင်းအလဲဖြစ်လာပြီး တောရွာတွေရဲ့ လူမှုဘဝနေထိုင်မှုများဟာ လျင်မြန်စွာ မြို့ပြဆန်လာသလို သွေးလွန်တုပ်ကွေးရောဂါအပေါ် သတိရှိမှု အားနည်းလာတဲ့အတွက် ဖြစ်ပွားတာ များလာတယ်လို့ လေ့လာပေါင်းစပ်အဖြေထုတ်ထားတဲ့အချက်တွေအရ ပြောရတာဖြစ်ပါတယ်" ဟု ဗဟိုပြည်သူ့ကျန်းမာရေးဦးစီးဌာန (သွေးလွန်တုပ်ကွေးနှင့် ဆင်ခြေထောက်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်နန်းလုံက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**




**ဖခင်အမည်မှန်**

ရွှေပြည်သာမြို့နယ် အလက(၇) သတ္တမတန်း(A)မှ မအေးငြိမ်းဖြူ၏ ဖခင်အမည်မှန်မှာ ဦးဝင်းဇော်ဦး ၁၂/ရပသ(နိုင်)၀၄၃၂၄၃ ဖြစ်ပါသည်။

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သွပ်ပိုင်းကြီးရပ်ကွက်မှ အမိဒေါ်ခင်ဌေး ၁၂/သဃက(နိုင်)၀၂၈၄၃၈၏သမီး ဒေါ်နွယ်နီခိုင် ၁၂/သဃက(နိုင်)၁၅၈၇၆၁အား ယနေ့မှစ၍ ဒေါ်စုရွှေရည်အဖြစ် ပြောင်းလဲခေါ်ဆိုပေးပါရန်။ ဒေါ်စုရွှေရည်

**ဖခင်အမည်မှန်**

မြောက်ဒဂုံမြို့နယ် အလက(၃)ပဉ္စမတန်း(C)တွင် ပညာသင်ကြားနေသော မောင်ထွန်းထွန်းမင်း၏ ဖခင်အမည်မှန်မှာ ဦးကိုမင်း ဖြစ်ပါကြောင်း။
ဦးကိုမင်း ၈/ပဖန(နိုင်)၀၇၈၂၁၅

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၉၃၀/ခ၊ မြေကွက်တည်နေရာအမှတ် ၉၃၀/ခ၊ အင်း၀ ၇ လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်(ဒေါ်ထွေးရီ)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် အစ်မဝမ်းကွဲ (ဒေါ်ထွေးရီ)ကွယ်လွန်သဖြင့် ဒေါ်ကြည် ၁၂/ဥကတ(နိုင်)၁၆၃၅၃၆က တစ်ဦးတည်းသောညီမဝမ်းကွဲတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ် ၁၈၃/၂၀၁၄၏ အမွေထိန်းလက်မှတ်စာ တရားမအထွေထွေမှုအမှတ် ၆၉/၂၀၁၅၏ အမွေဆက်ခံခွင့်လက်မှတ်လျှောက်ထားခြင်းအား ခွင့်ပြုသည့်အမိန့်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❍ *ကျောဖုံးမှ*

၂၀၀၈ ခုနှစ်ခန့်မှစ၍ တဖြည်းဖြည်းပြောင်းလဲလာသော ဧရာဝတီရေလမ်းကြောင်းအခြေအနေကြောင့် ၂၀၁၄ ခုနှစ်အတွင်း ကျွတ်တန်းကုန်း၊ ထောက်ရှာပင်၊ နိဗ္ဗာန်ကျွန်း၊ ဆင်မကျွန်း၊ သံကိုင်း၊ မရိုးကုန်း၊ ရွာသစ်၊ သရက်ကုန်း၊ သနပ်ကုန်း အစရှိသည့်ကျေးရွာများတွင် ကမ်းပါးပြိုမှုများ ဖြစ်ပွားခဲ့ပြီး ၂၀၁၅ ခုနှစ် မိုးဦးကာလများ၌ ပခုက္ကူနှင့် စလင်းမြို့နယ်ရှိ ကျေးရွာများတွင် ဇွန် ၂၂ ရက်မှစတင်၍ တာဝန်ရှိအဖွဲ့အစည်းများ၏ အကူအညီဖြင့် လူနေအိမ်အချို့ ပြောင်းရွှေ့နေရသည်။

“ပြီးခဲ့တဲ့နှစ်ကတော့ နှစ်ဘီလီယံလောက် အကုန်အကျခံပြီး သောင်တူးတာတွေ၊ ရေကာဆောက်တာတွေနဲ့ မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်ခဲ့ပါတယ်။ ကျွတ်တန်းကုန်း၊ ဆင်မကျွန်း၊ သနပ်ကုန်း၊ သံပရာကန်နေရာလေးခုမှာ သောင်တွေတူးပေးခဲ့ပြီး ရေကြောင်းသွားလာရေးတွေ အဆင်ပြေခဲ့ပါတယ်။ ဒီနှစ်ထဲမှာတော့ ကံမကမ်းပြိုကာကွယ်ရေးအတွက် ပေ ၄၀၀ ကျောက်ဖြည့် မျောတိုင်စိုက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးသွားပါပြီ။ စကု အထက(၁)ကျောင်းနားက မန်းချောင်းကမ်းပါးအတွက်လည်း ရှစ်ပေအမြင့် သံကျင်းနှစ်ထပ် ရေကာလေးခု လုပ်နေပါတယ်။ မျောအစား ခြောက်မူး၊ သုံးမူးလုံးတွေနဲ့ ရေကာပုံစံဖရိန်ခွေပြီးတော့ ကျောက်ဖြည့်တယ်၊ နောက်မှာ ပူလစ်ဖစ်ခံထားပါတယ်။ လုပ်ငန်းက ၇၀ ရာခိုင်နှုန်းကျော် ပြီးနေပါပြီ။

“မကွေးဘက်မှာကမြသလွန်ရေလမ်းကြောင်းကောင်းမွန်ရေးကို လောလောဆယ် ဆောင်ရွက်နေပါတယ်။ မြစ်သာမြစ်ရဲ့ရေစီးသန်မှုကြောင့် ကမ်းပြိုမှုတွေအတွက် ဂန့်ဂေါမြို့နယ် ကန်ရွာမှာလည်း သဲကျင်းတွေအတွက် ကွန်ကရစ်လုပ်ငန်းတွေပြီးနေပါပြီ။ မြစ်ရေအခြေအနေကြောင့် အောက်တိုဘာလလောက်မှ ပြီးမယ်လို့ခန့်မှန်းပါတယ်။ ဧရာဝတီမြစ်ကမ်းပါးတွေပြိုကျမှုနဲ့ ပတ်သက်လို့ကတော့ ပခုက္ကူ ကျွတ်တန်းကုန်း၊ သိမ်ကုန်းနဲ့ ရှားတောကျေးရွာတွေဘက်မှာ ရေကြောင်းလွဲသွားအောင် Floating Structure ဖြစ်တဲ့ သစ်ကိုင်းတွေကို အောက်က အလေးဝန်ပါတဲ့အိတ်တွေနဲ့ဆွဲတာ၊ ဝါးဖောင်တွေ ဆင်နဖားတွေဖောက်၊ သွပ်နန်းကြိုးတွေနဲ့ချိတ်ပြီး အောက်မှာသစ်ကိုင်းနဲ့ ဝါးရေဒလက်ဆွဲတာတွေ လုပ်နေပါတယ်။ ကျွတ်တန်းကုန်း အထက်ဘက်မှာ ပေ ၁၅၀၀ သုံးတန်းသွား သဲစီရေကာလည်း ဆောက်ပြီးပါပြီ။ ဝါးဖောင် ၄၀လောက်လည်း လုပ်ပြီးနေပါပြီ။ သနပ်ကုန်းနဲ့ ထောက်ရှာပင်ကျေးရွာတွေဘက်မှာလည်း ကမ်းပါးပြိုကာကွယ်နိုင်ဖို့ အလားတူ ရေကြောင်းထိန်းလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ကမ်းပြိုကာကွယ်ရေးအတွက် သက်ဆိုင်တဲ့ မြစ်ချောင်းတွေနဲ့ ဒေသအားလုံးကို ကွင်းဆင်းဆောင်ရွက်သွားမှာပါ” ဟု မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးဇော်လွင်က ပြောသည်။

လက်ရှိအခြေအနေအရ ထောက်ရှာပင်ကျေးရွာအနီးရှိ ဧရာဝတီမြစ်ရေသည် မြစ်လက်ကြားပေါက်၌ပင် လှိုင်းအမြင့် ငါးပေခန့်ရှိကာ ရေစီးနှုန်း တစ်စက္ကန့် သုံးမီတာရှိသည့်အတွက် ရေအနက်ပေ ၃၀ ခန့်ရှိ ရေထုမှာ ကမ်းအောက်တွင် လိုဏ်သဖွယ်ဖြစ်နေခဲ့ပြီး ကမ်းပါးများကို တိုက်စားလျက်ရှိသောကြောင့် ကျေးရွာဒေသခံအချို့ ပြောင်းရွှေ့ခဲ့ရသည့်အပြင် ရေထိန်းလုပ်ငန်းများ မဆောင်ရွက်နိုင်ပါက နှစ်အနည်းငယ်အတွင်း ပြောင်းရွှေ့ရမည့် စာရင်းဝင်ကျေးရွာတစ်ခုဖြစ်နေခဲ့သည်။

ဒေသခံတစ်ဦးက ကျေးရွာပြောင်းရွှေ့ရမည့်အပေါ် “အထက်ဘက်ကို ရွာရွှေ့မယ်ဆိုရင် နေရာက ပေ ၄၀၊ ၆၀ မြေတစ်ကွက် ခြောက်သိန်းနဲ့ ကိုးသိန်းကြား ပေးဝယ်ရမှာ။ ကမ်းထိန်းရေထိန်းလုပ်ငန်းတွေ လုပ်နေတယ်ဆိုပေမယ့် တကယ်ပြောင်းရွှေ့ရရင် ရွာမှာအိမ်ခြေတစ်ဝက်လောက်က ရွှေ့ဖို့ အဆင်ပြေမှာမဟုတ်ပါဘူး”ဟု ပြောပြသည်။

ကုန်းခေါင်သောနေရာများ၌ ၁၀ မိုင်ပတ်လည်တွင် ကျေးရွာတစ်ရွာကိုသာ တွေ့ရှိရသော်လည်း မြစ်၏ဝန်းကျင် ၁၀ မိုင်ပတ်လည်တွင် ကျေးရွာ ၁၀ ရွာခန့်တွေ့ရှိနေရခြင်းမှာ မြစ်အပေါ်မှီခိုမှုများသည့် အခြေအနေ တစ်ရပ်ကိုတွေ့မြင်နိုင်ပြီး ရေလုပ်ငန်းနှင့် ကျွန်းမြေစိုက်ခင်းများ၏ ကောင်းမွန်မှုများကြောင့် ဒေသခံများမှာ အန္တရာယ်ရှိနိုင်သည့် အနေအထားတွင်ပင် လွယ်လွယ်နှင့် မစွန့်လွှတ်နိုင်ခြင်းများ ဖြစ်နေခဲ့ရကြောင်း သိရသည်။

**ဇေယျတု(မကွေး)**

❒ *ကျောဖုံးမှ*

နှစ်ရက်တိုင်တိုင် ရန်ကုန်မြို့ UMF-CCI ရုံး၌ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ဇွန် ၂၄ ရက်တွင် အမျိုးသားကော်မတီ အစည်းအဝေး ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲအပြီးတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီက အနည်းဆုံးအခကြေးငွေကို တစ်ရက်အလုပ်ချိန် ၈ နာရီ တစ်ရက်အတွက် ငွေကျပ် ၃၆၀၀ ကို ဇွန် ၂၉ ရက်က အဆိုပြု တင်သွင်းထုတ်ပြန်ခဲ့သည်။

ဇူလိုင် ၂ ရက်တွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI ရုံးအစည်းအဝေးခန်း၌ အထည်ချုပ်လုပ်ငန်းရှင်များက အဆိုပြုနှုန်းထား ငွေကျပ် ၃၆၀၀ သတ်မှတ်မှုနှင့် စပ်လျဉ်း၍ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြန်သည်။

“အခြေခံလုပ်ခသတ်မှတ်တာကို ကြိုဆိုတယ်၊ မသတ်မှတ်လို့မရဘူး၊ ဒါပေမယ့် ခုချက်ချင်းကြီး ကျပ် ၃၆၀၀ ကို ဆွဲတင်လိုက်တော့ လုပ်ငန်းရှင်တွေက မပေးနိုင်တာ၊ မပေးနိုင်တာကလည်း ကျွန်တော်တို့မှာ အခက်အခဲတွေ အများကြီးရှိနေလို့ပါ”ဟု အထည်ချုပ်လုပ်ငန်းရှင် ကိုကျော်မင်းထက်က ဆိုသည်။

အဆိုပါ အစည်းအဝေးတွင် တရုတ်နှင့် ကိုရီးယားနိုင်ငံတို့မှ လာရောက် ရင်းနှီးမြှုပ်နှံကြသည့် လုပ်ငန်းရှင်များက အနည်းဆုံးအခကြေးငွေကျပ် ၃၆၀၀ သတ်မှတ်မည်ဆိုပါက စက်တင်ဘာလ၌ လုပ်ငန်းများ ရပ်ဆိုင်းရမည်ဟုလည်း ဆိုကြသည်။

“နိုင်ငံတကာကို သွားရောက်လုပ်ကိုင်သူတိုင်း နိုင်ငံတကာဥပဒေကို လေးစားလိုက်နာရပါတယ်။ ပြည်ပက လာရောက်ရင်းနှီးတဲ့ နိုင်ငံခြားသား လုပ်ငန်းရှင်တွေဟာလည်း ကျွန်တော်တို့နိုင်ငံရဲ့ ဥပဒေကို လေးစားလိုက်နာရပါလိမ့်မယ်၊ ကျွန်တော်တို့ နိုင်ငံသားတွေကိုလည်း လေးစားသမှုနဲ့ ဆက်ဆံရပါလိမ့်မယ်၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်တဲ့ကိစ္စဟာ ဒီနေ့အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရသုံးပွင့်ဆိုင် ပူးပေါင်းပြီးရှင်းတဲ့ အနေအထားတစ်ခုကို သွားနေတာပါ။ အကောင်းဆုံး ဖြေရှင်းရမယ့် နည်းလမ်းတွေနဲ့သွားတဲ့ အခြေအနေမျိုးမှာ စက်ရုံတွေ ပိတ်လိုက်မယ်၊ အလုပ်အကိုင်တွေ မဲ့သွားမယ်ဆိုတဲ့ အပြုအမူမျိုး မလုပ်ပါနဲ့။ ကျွန်တော်တို့ နိုင်ငံသား လုပ်သားတွေကို တန်ဖိုးထားပြီး အကောင်းဆုံး ဘယ်လိုဖြေရှင်းမလဲ ဘယ်လို ပူးပေါင်းဆောင်ရွက်မလဲ ဆိုတဲ့ တုံ့ပြန်မှုရှိသင့်တယ်”ဟု မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်မှ ဦးအောင်လင်းက ပြောသည်။

အဆိုပါ အစည်းအဝေးတွင် နိုင်ငံခြားသား လုပ်ငန်းရှင်များက မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားလုံလောက်စွာမရရှိမှု၊ မြေငှားရမ်းခမြင့်တက်မှု၊ သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်မှုနှင့် ကုန်ထုတ်လုပ်မှုတွင် အလုပ်သမားများ လုပ်ငန်းကျွမ်းကျင်မှုအားနည်းနေ၍ ကျပ် ၃၆၀၀ မပေးနိုင်ကြောင်း ဆိုသည်။

“အလုပ်ရှင်တွေအနေနဲ့ အနည်းဆုံး လုပ်ခလစာ သတ်မှတ်နိုင်ဖို့ သယ်ယူပို့ဆောင်ရေးစရိတ်နဲ့ မလိုအပ်တဲ့ အခွန်အခတွေကို စည်းကြပ်ပြီး လျှော့ချမယ်လို့ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆိုထားကြောင်း” မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်မှ ဦးအောင်လင်းက ပြောသည်။

တစ်ဆက်တည်းမှာပင် ဇူလိုင် ၃ ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် မြန်မာနိုင်ငံ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေး အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်အပါအဝင် အဖွဲ့အစည်းငါးခုက တစ်နေ့ ရှစ်နာရီ လုပ်အားခ အခြေခံလစာ ကျပ် ၃၆၀၀ နှင့်အတူ အခြားအကျိုးခံစားခွင့်များကို ထည့်သွင်းပေးရန် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို တင်ပြတောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

“အနည်းဆုံးလုပ်ခလစာ မရှိဘူးဆိုရင် မညီမျှမှုတွေရှိတဲ့အတွက် လစာနည်းတဲ့ အလုပ်သမားတွေ ဆန္ဒပြမှုတွေဖြစ်လာမယ်။ လုပ်ငန်းခွင်မတည်ငြိမ်မှုတွေ ကြုံတွေ့ရမယ်။ အနည်းဆုံးလုပ်ခလစာ သတ်မှတ်လိုက်ရင် အလုပ်ရှင်နဲ့ အလုပ်သမားအကြား လုပ်ခလစာအတွက် အငြင်းပွားစရာမလိုတော့ဘဲ တခြားကိစ္စရပ်တွေအတွက် ပုံမှန်တွေ့ဆုံပြီး လုပ်ငန်းခွင်အေးချမ်းသာယာရေးကို ဆောင်ရွက်နိုင်မယ်”ဟု မြန်မာနိုင်ငံရှိ ILO ဆက်သွယ်ညှိနှိုင်းရေး အရာရှိရုံးမှ နည်းပညာဆိုင်ရာ အကြံပေးအရာရှိ ခရစ်(စ်)က သုံးသပ်ခဲ့သည်။

“ကုန်စျေးနှုန်း ကြီးမြင့်မှုကို အလုပ်ရှင်လည်းခံစားရတယ်၊ အလုပ်သမားလည်း ခံစားရတယ်၊ အနည်းဆုံးလုပ်ခလစာ ၄၀၀၀ ပဲပြောပြော ၂၅၀၀ ပဲပြောပြော ၃၆၀၀ ပဲပြောပြော ကုန်စျေးနှုန်းအခြေအနေကို တည်ငြိမ်အောင်လုပ်နိုင်မှ ဒီအဖြေကို ဖြေရှင်းလို့ရမှာ”ဟု အထည်ချုပ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက ပြောသည်။

အထည်ချုပ် လုပ်ငန်းရှင်များအသင်းက ကုန်ထုတ်လုပ်မှုအပေါ် ကျွမ်းကျင်လုပ်သားရှားပါး၍ အဆိုပြုနှုန်းထား ၃၆၀၀ မပေးနိုင်ဟု ပြောကြားမှုအပေါ် ကျောက်နီအထည်ချုပ်စက်ရုံလုပ်သား ကိုဖြိုးဝေအောင်က “ကျွမ်းကျင်လုပ်သားမရှိဘဲ စက်ရုံကလည်ပတ်နိုင်ပါမလား၊ ကျွမ်းကျင်လုပ်သားရှိလို့ စက်ရုံတွေလည်ပတ်နေတာပေါ့၊ အလုပ်ရှင်တွေက ကျွမ်းကျင်မှုကို ဘယ်လိုစံနှုန်းနဲ့ တိုင်းတာလဲ”ဟု သဘောထားမှတ်ချက်ပေးသည်။

ဟန်ချင်း အထည်ချုပ်စက်ရုံမှ လုပ်သား ကိုကျော်ကျော်မြင့်ကလည်း “အနည်းဆုံးအခကြေးငွေနဲ့ ပတ်သတ်ပြီး အလုပ်ရှင် အလုပ်သမား ညှိနှိုင်းလို့မရရင် တောင်းဆိုမှုတွေ စက်ရုံတိုင်းမှာရှိနေမှာပဲ”ဟု ဆိုသည်။


## ‘ဂရိကရသောအမွေ’
## ထွက်ပြီ
## ‘ဝီလ်ဒူးရန့်’ ရေးသား၍
## ‘လှိုင်သင်း’ ဘာသာပြန်သော
## ‘လူ့ယဉ်ကျေးမှုသမိုင်း’၊ ‘ဂရိကရသောအမွေ’
## (၃)တွဲ၏ ပထမတွဲထွက်ပြီ

ဒမော့ခရစီ ဘိုးအေကြီး ဂရိကျင့်သုံးခဲ့သော ဒမော့ခရစီနှင့် ခေတ်ပြိုင် အာဏာရှင်စနစ်များနှင့် တော်လှန်ရေးများ၊ ဂရိပေးခဲ့သော **အမွေ**များဖြစ်သည့် ဂရိစာပေ၊ ဂီတနှင့် ပြဇာတ်များ၊ ဂရိပန်းချီ၊ ပန်းပု၊ ရုပ်တုပညာနှင့် ဗိသုကာပညာများ၊ ဂရိတွေးခေါ်ပညာရှင်ကြီးများနှင့် ဂရိ ဒဿနများ၊ ဂရိသိပ္ပံပညာနှင့် ဂရိဆေးပညာ၊ အိုလင်းပစ်ပွဲတော်နှင့် ဂရိအားကစား၊ ‘ထရွိုင်မှ ဟယ်လင်’ အပါအဝင် ဂရိရှေးဟောင်း ဒဏ္ဍာရီများ၊ ဂရိယုံကြည်ကိုးကွယ်မှုနှင့် အယူသီးမှုများနှင့် ပါးရှန်း-ဂရိစစ်ပွဲကြီး အပါအဝင် သမိုင်းဝင်စစ်ပွဲပေါင်းများစွာအကြောင်း။

**တန်ဖိုး - ၈၀၀၀ကျပ်**

**ဖြန့်ချိရေး - ကံ့ကော်ဦးမွန်စာပေ၊ ခြံအမှတ် ၁(စီ)၊ သာယာအေးလမ်းသွယ် (၁)၊ မရမ်းကုန်း၊ ဖုန်း-၀၁-၉၆၆၀၀၂၀၊ ၀၁-၉၆၆၆၃၃၅၊ ညီညီစာပေ၊ ၇၁လမ်း၊ (၂၉×၃၀)ကြား၊ မန္တလေး၊ ဖုန်း-၀၂-၇၄၄၁၈၊ ၀၂-၇၄၇၆၄**

## အမည်မှန်

ဦးကျော်ဝေ၏သမီး လားရှိုးမြို့၊ အထက (၁)၊ နဝမတန်း(င)မှ မအိမ်း(ကဝ-၅၄၆၈)၏ အမည်မှန်မှာ မအိမ်း(ခ) မအိမ်းမွေးဖြစ်ပါသည်။

## မွေးသက္ကရာဇ်အမှန်

၂၀၁၄-၂၀၁၅ခုနှစ်တွင် လားရှိုးမြို့၊ အထက (၁)မှ အဋ္ဌမတန်း အောင်မြင်ပြီးသူ မလီလီစန်း (ကဝ-၈၄၄/၆)၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်းအရ ၂၂-၁၁-၂၀၀၀ရက် ဖြစ်ပါသည်။

## မြိုင်မဟာစည်သာသနာ့ရိပ်သာ(ရန်ကုန်)
## မြိုင်ရတနာသုံးထပ်ကျောင်းတော်ကြီး ရေစက်ချပွဲ
## သာသနာပြုမော်တော်ယာဉ်လှူဒါန်းပွဲနှင့်
## ပဋ္ဌမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း
## ဆက်ကပ်လှူဒါန်းပွဲကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ ၁လမ်း၊မြိုင်မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်အတွင်း၌ အလှူရှင်များစုပေါင်း၍ ဆောက်လုပ်ပြီးစီးသော မြိုင်ရတနာဘောဇနသာလာ သုံးထပ်ကျောင်းတော်ကြီး ရေစက်ချကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာ၊ ဦးအောင်သူ-ဒေါ်မေလွင်ဦး၊ သမီး မေသူထက်၊ သားအုပ်စိုးခန့် (အောင်ကြီးထရေးဒင်းကုမ္ပဏီလီမိတက်) မိသားစုမှ မြိုင်ဆရာတော်အား (2004 Model Landcruiser)မော်တော်ယာဉ် ရေစက်ချယာနဒါနအလှူတော်မင်္ဂလာနှင့် ပဋ္ဌမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာကို ၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ ရက် (၁၂-၇-၂၀၁၅ရက်) တနင်္ဂနွေနေ့တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေး ရပ်နီးရှိ ကုသိုလ်ရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**အကျိုးတော်ဆောင်အဖွဲ့**
**မြိုင်မဟာစည်သာသနာ့ရိပ်သာ**

## မွေးနေ့ဆုတောင်း

၄-၇-၂၀၁၅ ရက်မှာ ကျရောက်တဲ့ ခင်စုဝေဖြူ(ခ)စုငယ်လေးရဲ့ ၂၇နှစ်ပြည့်မွေးနေ့ရက်မြတ်မှစ၍ ကြုံတွေ့မယ့် အခက်အခဲပေါင်းများစွာကို စုငယ်လေးချစ်တဲ့ ကိုကိုနဲ့အတူတူ လက်တွဲရင်ဆိုင်ကျော်ဖြတ်ပြီး နှောင်နှစ်ပေါင်းများစွာတိုင် အောင်မြင်ပြည့်စုံတဲ့ဘဝတစ်ခုကို အတူတကွ ဖန်တီးနိုင်ပါစေ---

**စုငယ်လေးရဲ့ ကိုကို**

## ငွေရတုမင်္ဂလာဆုတောင်းလွှာ
## ၅-၇-၁၉၉၀-၅-၇-၂၀၁၅

ချစ်ဖေဖေ ဒုဗိုလ်မှူးကြီးဇော်မင်း(ငြိမ်း) (အထွေထွေမန်နေဂျာ) မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် ချစ်မေမေ ဒေါ်စုစုခင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်အနောက်ပိုင်းခရိုင်ပညာရေးမှူးရုံး)တို့၏ ငွေရတုမင်္ဂလာချစ်ခရီးမှသည် ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာစွာဖြင့် ရတုအလီလီ လျှောက်လှမ်းနိုင်ပါစေကြောင်း ချစ်သားများမှ မေတ္တာပို့ဆုတောင်းအပ်ပါသည်။

**သားကြီး - စွမ်းပြည့်ဇော် B.E(Civil)WYTU**
**သားလတ် - ဒုဗိုလ်ချမ်းမြေ့ဇော် B.Sc(Neu Phys) D.S.A**
**သားငယ် - စစ်ပိုင်ဇော် 3rd Year Geology ဒဂုံတက္ကသိုလ်**

## ဖခင်အမည်မှန်

ဘားအံမြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) နဝမတန်း(ဂ)မှ စောကျော်ကျော်သိုက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမောင်ထွန်းသန်း ဖြစ်ပါကြောင်း။ **ဦးမောင်ထွန်းသန်း ၃/ဘအန(နိုင်)၀၅၃၄၆၄**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် ၄ခ/၈၁၃၃ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန (ရွာသာကြီး)**

## အမည်ပြောင်း

ဦးသင်းအောင် (ခ) ဦးသန်းဋ္ဌေး ၁၂/သဃက(နိုင်)၁၃၈၁၁၅၏ သမီး ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း) အထက-၄၊ သတ္တမတန်း(B)မှ မသိန်းသန်းသန်းစိုးအား ယနေ့မှစ၍ မသင်းမြတ်မြတ်ဇင်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်းခြင်း

ဦးစောထွန်းနွယ် ၁၄/ဝခမ(နိုင်)၁၄၈၈၁၀ ၏သား အထက (ကျုံမငေး) တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်ပြည့်အား ယနေ့မှစ၍ မောင်အောင်စောပြည့်ဟု ပြောင်းလဲခေါ်ပါရန်။

# လှိုင်သာယာမြို့နယ်ရန်ကုန်-ပုသိမ်လမ်းမကြီးတွင် လမ်းမီးများပျက်နေ၍ စက်ရုံအလုပ်သမားများနှင့် အများပြည်သူသွားလာရေးခက်ခဲနေ

**သတင်းဆောင်းပါး-မြင့်မြတ်သစ္စာ**

ရန်ကုန်မြို့၏ အစည်ကားဆုံးစက်မှုဇုန်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးသို့ ထွက်ပေါက်ဖြစ်သော လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်-ပုသိမ်လမ်းမကြီးမှာ လမ်းမီးများပျက်နေသဖြင့် ညပိုင်းအချိန်တွင် ဖြတ်သန်းသွားလာရသော စက်ရုံအလုပ်သမားများ၊ ပြည်သူများနှင့် ယာဉ်မောင်းများအတွက် ယာဉ်အန္တရာယ် စိုးရိမ်နေရကြောင်း သိရသည်။

"ဘုရင့်နောင်အမှတ်(၁) တံတားက မီးမှိန်မှိန်ပဲလင်းတယ်။ အမှတ်(၂) တံတားအဆင်းနဲ့ တိုးဂိတ်နားပဲ လမ်းမီးရောင်ရှိတယ်။ ကျန်တဲ့တောက်လျှောက် မီးအလင်းရောင် လုံးဝမရှိဘူး။ ညဘက်ယာဉ်အချင်းချင်းတိုက်မိရင်၊ လူကိုတိုက်မိရင် တိုက်တဲ့ကား၊ ဆိုင်ကယ်တွေ မောင်းပြေးတာများတယ်။ လမ်းမီးမရှိဘဲ မှောင်နေတော့ လမ်းပေါ်ရပ်ထားတဲ့ယာဉ်တွေကို အမှတ်တမဲ့တိုက်မိရင် သေတာများတယ်"ဟု စက်မှုဇုန်မှတ်တိုင်တွင် ညပိုင်းဆိုင်ကယ်ကယ်ရီဆွဲနေသော ရှမ်းချောင်းရွာသား ကိုဇော်ထက်က ပြောသည်။

ရန်ကုန်-ပုသိမ်လမ်းမကြီးသည် လှိုင်သာယာမြို့နယ်အတွင်း စက်မှုဇုန်နှင့် ရပ်ကွက်အများအပြားကို ဖြတ်သန်းထားသောကြောင့် ယာဉ်ဖြတ်သန်းသွားလာမှု အရှုပ်ထွေးဆုံး လမ်းမကြီးတစ်ခုဖြစ်ပြီး ညဘက်တွင် လမ်းမီးများပျက်နေသဖြင့် သွားလာရေးအခက်အခဲအပြင် ယာဉ်မတော်တဆမှုဖြစ်ပွားခြင်းများပါ ရှိနေသည်။

ယာဉ်သွားလာမှုများသော အဆိုပါလမ်းမကြီးပေါ်ရှိ အောက်ထိပ်၊ ဆောက်လုပ်ရေး၊ ဘုရားလမ်း၊ အဆင့်မြင့်၊ ဗိုလ်ချုပ်နှင့် စက်မှုဇုန်မှတ်တိုင်များတွင် စက်ရုံအလုပ်သမားများ နေ့ညဖြတ်သန်းလျက်ရှိပြီး စက်မှုဇုန်မှတ်တိုင်တွင် မီးပွိုင့်တစ်ခုသာရှိသဖြင့် လူကူးမျဉ်းကြားထားရှိပေးခြင်း၊ အချက်ပြထားရှိခြင်းနှင့် လမ်းမီးတိုင်များ အချိန်ပြည့်ထွန်းပေးရန်လိုအပ်နေသည်။ စက်မှုဇုန်များတွင်လည်း လမ်းမီးများမရှိခြင်းကြောင့် အထည်ချုပ်စက်ရုံမှ အလုပ်သမများ လုယက်ခံရမှုများလည်း ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။



"သမီးတို့ သုံးယောက်က စက်ရုံက ညနေ ၆ နာရီအပြန် စက်မှုဇုန်(၂)ဈေးနားလေးမှာ ဆိုင်ကယ်သမားနှစ်ယောက်က ဆိုင်ကယ်ပေါ်ကနေ ဆွဲကြိုးဖြတ်သွားလို့ဝိုင်းအော်ပေမယ့် အကူအညီမရခဲ့ဘူး။ စက်ရုံအလုပ်သမားတွေ ညပိုင်း စက်ရုံကအပြန် ဖုန်းပြောနေတုန်း ဆိုင်ကယ်ပေါ်ကနေ ဖုန်းလုခံရတာလည်း မကြာခဏပဲ။ လာမယ့် ၅ ရက်နေ့ လစာထုတ်ရင် သူငယ်ချင်းတွေပေါင်းပြီး တက္ကစီနဲ့ပြန်မယ်လို့ တိုင်ပင်ထားတယ်။ အချိန်ပိုပြီးလို့အိမ်ပြန်ရင် လမ်းမီးတွေ မှောင်နေတော့ စုပြီးပြန်ကြပေမယ့် အားလုံးရင်ထဲမှာ စိုးရိမ်စိတ်တွေချည်းပဲ။ အဆောင်ရောက်မှ သက်ပြင်းချနိုင်တယ်"ဟု မကြာသေးမီက ဆွဲကြိုးအဖြတ်ခံရသော ဇုန်(၂)အထည်ချုပ်စက်ရုံမှ အမျိုးသမီးငယ်တစ်ဦးက လည်ပင်းကို စမ်းရင်းပြောသည်။

ရန်ကုန်-ပုသိမ်လမ်းမကြီးတွင် လမ်းမီးများမရှိခြင်းကြောင့် အမှောင်တွင်း သွားလာရသော စက်ရုံဆင်းအလုပ်သမားများအတွက် ယာဉ်တိုက်မှုနှင့် လုယက်မှုကိုဖိတ်ခေါ်နေသကဲ့သို့ရှိသည့်အပြင် ညပိုင်းမောင်းနှင်သောယာဉ်များအနေဖြင့် ယာဉ်မီးကိုသာ အားကိုးပြု၍မောင်းနှင်ရသောကြောင့် လမ်းဘေးတွင် ညအိပ်ရပ်နားခြင်း၊ ပြုပြင်ခြင်းများလုပ်နေသောယာဉ်ကြီးများနှင့် ယာဉ်တိုက်မှုဖြစ်ပွားခြင်းများလည်း ရှိနေသည်။

ဇွန်လတတိယပတ်ကလည်း မီးမှိန်မှိန်လင်းသော အမှတ်(၂)ဘုရင့်နောင်တံတားပေါ်တွင် နံနက် ၃ နာရီခန့်အချိန် စက်ဘီးဖြင့်ကုန်စိမ်းကြိုရန်သွားသော အမျိုးသားတစ်ဦးအား ဆိုင်ကယ်သမား နှစ်ဦးက စက်ဘီးကိုတွန်းလှဲကာ ဖုန်းနှင့်ငွေအချို့ကိုလုသွားကြောင်း သိရသည်။ စက်မှုဇုန်မှတ်တိုင်အနီးရှိ ညလုံးပေါက်ဖွင့်ထားသော ကားတာယာဆိုင်ရှေ့၌ ရပ်၍ဘီးဖာနေသော ကွန်တိန်နာယာဉ်နောက်ပိုင်းကိုလည်း ဆိုင်ကယ်တစ်စီးက တိုက်မိ၍ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးသွားမှုလည်း ဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုမကြာခဏဖြစ်ပေါ်နေသော စက်မှုဇုန်မှတ်တိုင်မှ ဒဂုံရောအဝေးပြေးအထိ မှောင်အတိဖြစ်နေသော ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်တွင် အများပြည်သူ အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် လမ်းမီးများအမြန်ထွန်းပေးရန် လိုအပ်နေကြောင်း သိရသည်။ ။

# တာမွေမြို့နယ်အတွင်း ရေကြီးရေလျှံမှု လျော့ကျ

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ယုဇနပလာဇာရှေ့နှင့် တာမွေပလာဇာအနီးတို့တွင် မိုးသည်းထန်စွာ ရွာသွန်းလိုက်သည်နှင့် ရေကြီးရေလျှံမှုများ နှစ်စဉ်ဖြစ်ပေါ်ကာ ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ သွားလာမှု အဆင်မပြေဖြစ်ခဲ့ရာ ယခုနှစ်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဆောင်ရွက်မှုကြောင့် ရေကြီးရေလျှံမှုများ ယခင်နှစ်ထက် လျော့ပါးလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့က ဒဂုံတောင်မှာနေတာပါ။ ယုဇနပလာဇာမှာ နေ့တိုင်းဈေးဝယ်ရတယ်။ အရင်တုန်းကမိုးကြီးရင် တာမွေဗလီထိပ်နဲ့ ယုဇနပလာဇာရှေ့မှာ လူတွေသွားလို့တောင်မရဘူး။ ရေကြီးတော့ ကားတွေလည်း ပိတ်ဆို့ကုန်တယ်။ သွားလာမှုအဆင်မပြေမှုတွေဖြစ်ကြရတယ်။ အခုတော့ ရေကြီးရေလျှံတာတွေ မဖြစ်တော့ဘူး"ဟု တောင်ဒဂုံမြို့နယ်နေ ပြည်သူတစ်ဦးဖြစ်သည့် ဒေါ်ခင်ဦးက ပြောသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်မြို့အတွင်း ရေကြီးရေလျှံမှုများကင်းဝေးစေရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်း/တံတား)က မြို့နယ်များအလိုက် မြို့နယ်စည်ပင်သာယာရေးကော်မတီများအား တာဝန်ပေးဆောင်ရွက်စေလျက်ရှိသည်။ ယုဇနပလာဇာရှေ့နှင့် တာမွေပလာဇာရှေ့နေရာများကိုလည်း တာမွေမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လမ်းတံတား တာဝန်ခံဌာနစုမှူး ဦးနေကြည်ဦးတို့က နေ့စဉ်ကြပ်မတ်၍ စက်ယန္တရားများဖြင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ရှင်းလင်းဆောင်ရွက်လျက်ရှိသည်။

**မောင်မောင်**



ယုဇနပလာဇာရှေ့ရှိ ရေနုတ်မြောင်းအား ဆယ်ယူရှင်းလင်းထားပုံ။

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၆၀၅ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ခုနှစ် တရားမဇာရီမှုအမှတ်-၄၈**

| | | |
|---|---|---|
| ၁။ ဒေါ်တင်တင်ဋွေး | နှင့် | ၁။ ဒေါ်ကျင်အေး |
| ၂။ ဒေါ်တင်တင်ဝင်း | | ၂။ ဦးကျင်ဝမ်း |
| ၃။ ဒေါ်အေးအေးမြင့် | | |
| ၄။ ဒေါ်အေးအေးစိုး | | |
| ၅။ ဒေါ်ချိုချိုဝင်း | | |
| ၆။ ဒေါ်ကြူကြူသင်း | | |
| ၇။ ဦးသန်းဇော် | | |
| **တရားနိုင်များ** | | **တရားရှုံးများ** |

အမှတ် (၆၇၆)၊ ပုဂံလမ်း၊ ၅ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ယခုနေရပ်လိပ်စာမသိ)နေ ၁။ ဒေါ်ကျင်အေး၊ ၂။ ဦးကျင်ဝမ်း သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၆၀၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၁၅ ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၅ ခုနှစ် ဇွန် ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယုအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ မုံရွာမြို့၊ ပညာ့အလင်းခေတ်မီစာကြည့်တိုက်တွင် လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားလိုသည့်အတွက် စိတ်ပါဝင်စားသူများအား အိတ်ဖွင့်တင်ဒါဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများတင်သွင်းနိုင်ရန် ဆောင်ရွက်လိုသည့် ကုမ္ပဏီများအား တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဆောင်ရွက်လိုသည့် ကုမ္ပဏီများသည် အောက်ပါအချက်များဖြင့် တင်ဒါတင်သွင်းရန်ဖြစ်ပါသည်-

(က) ကုမ္ပဏီ Profile
(ခ) သင်တန်းဖွင့်လှစ်ဆောင်ရွက်မည့်အစီအစဉ်
(ဂ) ရင်းနှီးမြှုပ်နှံမှုအစီအစဉ်
(ဃ) လက်ရှိနိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်မှုအခြေအနေ
(င) အဆောက်အအုံငှားရမ်းမှုအတွက် တာဝန်ယူမည့်အစီအစဉ်
(စ) ဆောင်ရွက်လိုသောကာလ

၃။ **တင်ဒါလျှောက်လွှာပုံစံနှင့်ရောင်းချမည့်ရက်** - ၆-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီ

၄။ တင်ဒါလျှောက်လွှာပုံစံကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ လူမှုရေးဝန်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဖုန်း-၀၇၁-၂၄၃၁၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပြန်လည်ပြင်ဆင်ခြင်း

၂၉-၆-၂၀၁၅ရက် (တနင်္လာနေ့) စာမျက်နှာ(၂၄)နှင့် ၁-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) စာမျက်နှာ (၂၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ ထည့်သွင်းဖော်ပြထားသော မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်အတွင်းရှိ ပဒါန်း-ငဖဲ-စေတုတ္တရာ-သီးကုန်း-လောင်းရှည်-ဆောလမ်းပေါ်ရှိ ဗူး၀-လောင်းရှည်အပိုင်းရှိ တံတားတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော ပစ္စည်းများတင်ဒါခေါ်ယူရာ၌ ဘိလပ်မြေ၊ သစ်၊ ခွဲကျောက်တင်ဒါခေါ်ယူခြင်းအစား သစ်၊ ခွဲကျောက်ဟုပြန်လည် ပြင်ဆင်ဖော်ပြပါသည်။

**တံတားစီမံကိန်းအဖွဲ့(၃)**
**တံတားဦးစီးဌာန**


ISO 9001 : 2008
လင်းရှင်း
အကြောပြေဒက်ကျောလိမ်းဆေး
TMR - 012616 (0317)

ISO 9001 : 2008
ရူပနုပျို
ဝမ်းမှန်ဆေး
TMR - 012716 (0118)


## အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း

**မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းများ**

(၁) မကြီးကုန်းကြီး-ပုလင်းပြားကြီး-အုတ်ရှစ်ကုန်း-အိုင်မဲ-ကွင်းကြီးတစ်ကြောင်းထိုးမြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း။
ကျပ်သန်း ၁၁ ဒသမ ၀၀၀၊ ၁၂မိုင်×၁၈ပေ

(၂) မကြီးကုန်းကြီးကျေးရွာမှ ပုလင်းပြားကြီးကျေးရွာအထိ မြေသားလမ်းပေါ်တွင် ၁ပေ × ၆ လက်မထု ရွှေးချယ်ပြီး မြေတင်ခင်းကြိတ်ခြင်း။
ကျပ်သန်း ၇၆ ဒသမ ၅၀၀၊ ၆ မိုင်× ၁၈ပေ× ၁ပေ× ၆ လက်မ။

(၃) မကြီးကုန်း-ပုလင်းပြားကြီး-အုတ်ရှစ်ကုန်း
ကွင်းကြီးကျေးရွာ တစ်ကြောင်းထိုးမြေသားလမ်းပေါ်ရှိ တံတားခြောက်စင်း။
ကျပ်သန်း ၁၂ ဒသမ ၅၀၀(၁၈'×၅'×၃')ငါးစင်း၊ (၁၈'×၅'×၅')တံတား တစ်စင်းတို့ကို ၃-၇-၂၀၁၅ရက် နောက်ဆုံးထား၍ မြို့နယ် ထွေ/အုပ်သို့ တင်သွင်းနိုင်ပါသည်။

**ဆက်သွယ်ရန်-**
**ဦးဝင်းမောင်(ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး)**
**ဖုန်း-၀၉-၂၅၆၀၄၆၄၁၄**
**ရုံး- ၀၆၃-၅၃၁၃၇**

# ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုလွှတ်တော်
**ကုန်အမှတ်တံဆိပ်ဥပဒေကြမ်း**
**( ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် /၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ လဆန်း ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **ကုန်အမှတ်တံဆိပ် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် **နိုင်ငံတော်သမ္မတ**က အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်သည့်နေ့ရက်မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း တစ်ခုကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း များမှ ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာ များ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသော အစိတ်အပိုင်းများ၊ အရောင် အသွေးပေါင်းစပ်မှုတို့အပါအဝင် မျက်စိဖြင့်မြင်တွေ့နိုင်သော အမှတ်အသားတစ်ခုခုကို သော်လည်းကောင်း၊ ယင်းအမှတ်အသား တစ်ခုနှင့်တစ်ခုပေါင်းစပ်ထားသည့် အမှတ်အသားတစ်ခုခုကိုသော် လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်နှင့် အသိအမှတ် ပြုအမှတ်တံဆိပ်တို့လည်း ပါဝင်သည်။

(ခ) **ကုန်အမှတ်တံဆိပ်** ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရာ တွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဂ) **ဝန်ဆောင်မှုအမှတ်တံဆိပ်** ဆိုသည်မှာ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက် ရာတွင် လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အခြားသောလုပ်ငန်း များ၏ ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ် တစ်ခုခုကို ဆိုသည်။

(ဃ) **စုပေါင်းပိုင်အမှတ်တံဆိပ်** ဆိုသည်မှာ စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ် သူများ သို့မဟုတ် ကုန်သည်များဖြင့် စုစည်းထားသောအဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ စုပေါင်းဖွဲ့စည်း ထားသော အဖွဲ့အစည်းက ပိုင်ဆိုင်သည့် အမှတ်တံဆိပ်တစ်ခုခုကို သော်လည်းကောင်း၊ အဆိုပါအဖွဲ့အစည်း၏ အဖွဲ့ဝင်များပိုင်ဆိုင် သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(င) **အသိအမှတ်ပြုအမှတ်တံဆိပ်** ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခု၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ မူရင်းဒေသ၊ အရည်အသွေး၊ အမျိုးအစားနှင့် အခြားထူးခြားသောအချက်အလက်များနှင့်စပ်လျဉ်း ၍ အမှတ်တံဆိပ်ပိုင်ရှင်က ယင်း၏ ထိန်းချုပ်မှုဖြင့် အသုံးပြုခွင့်ရှိ ကြောင်း အသိအမှတ်ပြုသည့်အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(စ) **ပထဝီဆိုင်ရာအညွှန်း** ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်း သော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြား ထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်းထွက်ရှိရာ နိုင်ငံ၏နယ်မြေ၊ ဒေသ သို့မဟုတ် ဒေသန္တရမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်ပြချက်တစ်ခုခုကို ဆိုသည်။

(ဆ) **လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်** ဆိုသည်မှာ သတ်မှတ် ထားသောစံနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်တစ်ခုခုကို ဆိုသည်။

(ဇ) **ကုန်အမှတ်တံဆိပ်အတွဲများ**ဆိုသည်မှာ ကုန်အမှတ်တံဆိပ်တစ်ခု၏ ဝိသေသလက္ခဏာများကို များစွာထိခိုက်မှုမရှိစေဘဲ သိသာထင်ရှား မှုမရှိသော အသွင်လက္ခဏာများသာကွဲပြားခြားနားပြီး ၎င်းတို့၏ အခြေခံအချက်အလက်များ တစ်ခုနှင့်တစ်ခုဆင်တူသော ကုန်အမှတ် တံဆိပ်များကိုဆိုသည်။

(ဈ) **ကုန်သွယ်မှုအမည်** ဆိုသည်မှာ လုပ်ငန်းတစ်ရပ်နှင့်တစ်ရပ် ခွဲခြား သိရှိနိုင်ရန် ဖော်ပြသောအမည် သို့မဟုတ် သတ်မှတ်ချက်ကို ဆိုသည်။ ယင်းစကားရပ်တွင် စီးပွားရေးလုပ်ငန်းတစ်ရပ်၏ လုပ်ငန်းအမည်၊ ကုန်သွယ်သူ၏အမည်၊ ရှေ့အက္ခရာများကိုသာ ဖော်ပြထားသော အတိုကောက်အမည်၊ စိတ်ကူးယဉ်ဖန်တီးထားသောအမည်၊ အတို ကောက်အမည် သို့မဟုတ် အခြားသတ်မှတ် ဖော်ပြချက်တစ်ရပ်ရပ် လည်း ပါဝင်သည်။

(ည) **ဦးစားပေးအခွင့်အရေး**ဆိုသည်မှာ ဤဥပဒေအခန်း(၇)ပါ ဦးစား ပေးအခွင့်အရေးကို ဆိုသည်။

(ဋ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေ အရ ခန့်အပ်တာဝန်ပေးခြင်းခံရသည့် အရာရှိကို ဆိုသည်။

(ဌ) **စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ ကုန်အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လိုအပ်သောစစ်ဆေးမှုများပြုလုပ် ရန် တာဝန်ခံဝန်ကြီးဌာနက ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခြင်း ခံရသည့် အရာရှိကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်** ဆိုသည်မှာ အမှတ်တံဆိပ်မှတ်ပုံတင် စာရင်းတွင် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်အဖြစ် မှတ်တမ်းတင်ထား ခြင်းခံရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်။

(ဎ) **အခွင့်အရေးရရှိသူ** ဆိုသည်မှာ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်၊ လူသိ များပြီး ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၊ ပထဝီဆိုင်ရာအညွှန်း ပိုင်ရှင်၊ ကုန်သွယ်မှုအမည်ပိုင်ရှင်၊ မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် လိုင်စင်ရသူအဖြစ် မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးရရှိသည့် လူပုဂ္ဂိုလ် တစ်ဦးဦး သို့မဟုတ် တရားဝင်ရပ်တည်သော အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(ဏ) **ကုန်အမှတ်တံဆိပ်အတု**ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထား သော အမှတ်တံဆိပ်၏ အဓိကသွင်ပြင်လက္ခဏာများနှင့် ကွဲပြားခြားနား မှုမရှိသော အမှတ်အသားတစ်ခုခုကိုသော်လည်းကောင်း သို့မဟုတ် အဆိုပါအမှတ်တံဆိပ်နှင့်ထပ်တူညီသော အမှတ်အသားတစ်ခုခုကို သော်လည်းကောင်း၊ ဤဥပဒေပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ အခွင့် အရေးများကို ထိပါးချိုးဖောက်မည့် အမှတ်အသားတစ်ခုခုကိုသော် လည်းကောင်း ဆိုသည်။

(တ) **ကုန်အမှတ်တံဆိပ်အတုကိုအသုံးပြုထားသည့်ကုန်ပစ္စည်း** ဆိုသည်မှာ အဆိုပါကုန်ပစ္စည်းကို တရားဝင်မှတ်ပုံတင်ထားသော အခွင့်အရေး ရရှိသူ၏ ကုန်အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော ကုန်အမှတ်တံဆိပ်ကိုသော်လည်းကောင်း၊ အဆိုပါအမှတ်တံဆိပ်၏ အဓိကသွင်ပြင်လက္ခဏာများနှင့် ကွဲပြားခြားနားမှုမရှိသော ကုန်အမှတ် တံဆိပ်ကို သော်လည်းကောင်း၊ အခွင့်အရေးရရှိသူ၏ အခွင့်အရေးများ ကို ထိပါးချိုးဖောက်မည့် ကုန်အမှတ်တံဆိပ်ကိုသော်လည်းကောင်း ခွင့်ပြုချက်မရှိဘဲ အသုံးပြုထားသော မည်သည့်ကုန်ပစ္စည်းကိုမဆို ဆိုသည်။

(ထ) **အဖွဲ့ဝင်နိုင်ငံ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ သဘောတူညီချက်များ သို့မဟုတ် ယင်း တို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဒေသ ဆိုင်ရာအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုကို ဆိုသည်။

(ဒ) **တာဝန်ခံဝန်ကြီးဌာန** ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန် ပေးအပ်သည့် ပြည်ထောင်စုဝန်ကြီးဌာနကို ဆိုသည်။

(ဓ) **အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး**ဆိုသည်မှာ တာဝန်ခံဝန်ကြီးဌာနက စက်မှု ဒီဇိုင်း မူပိုင်ခွင့်ဥပဒေအရ ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက် ဖြင့် တည်ထောင်သော မြန်မာနိုင်ငံအသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးကို ဆိုသည်။

(န) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းမူပိုင် ခွင့်ရုံး၏ အကြီးအကဲကို ဆိုသည်။

(ပ) **တရားရုံး** ဆိုသည်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စက်မှု ဒီဇိုင်းမူပိုင်ခွင့် ဥပဒေအရဖွဲ့စည်းသော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် တရားရုံးကိုသော်လည်းကောင်း၊ ယင်းရုံး၏ စီရင်ပိုင်ခွင့်အာဏာနှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည့် တရားရုံးများကိုသော်လည်း ကောင်း ဆိုသည်။

### အခန်း(၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) အမှတ်တံဆိပ်ပိုင်ရှင်နှင့် အခွင့်အရေးရရှိသူတို့၏အကျိုးစီးပွားကို အကာ အကွယ်ပေးနိုင်ရန်၊

(ဂ) အမှတ်တံဆိပ်အခွင့်အရေးကို ထိပါးချိုးဖောက်မှုများအား ဤဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရန်၊

(ဃ) အမှတ်တံဆိပ်တုပမှုနှင့်ကုန်ပစ္စည်းအတုများ ဈေးကွက်သို့ဝင်ရောက် လာခြင်းကို ဟန့်တားနိုင်ခြင်းအားဖြင့် မျှတသော ဈေးကွက်ယှဉ်ပြိုင်မှု စနစ်ကို တည်ဆောက်ရန်နှင့် ပြည်သူများအတွက် ဘေးကင်းလုံခြုံ သောပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးနိုင်ရန်၊

(င) ပထဝီဆိုင်ရာအညွှန်းကို အကာအကွယ်ပေးခြင်းဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော ဒေသထုတ်ကုန်များ၏ အရည်အသွေးများကို မြှင့်တင် နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်း ဖြင့် ဒေသတွင်းရှိ ပြည်သူများ၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်လာစေ ရန်။

### အခန်း(၃)
### တာဝန်ခံဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ

၄။ တာဝန်ခံဝန်ကြီးဌာနသည် ဤဥပဒေ၏ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက် ရမည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းများကို လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အဖွဲ့ဝင်နိုင်ငံများနှင့် ဆက်သွယ် ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က အဖွဲ့ဝင်ထားသော ကွန်ဗင်း ရှင်းများ၊ စာချုပ်များနှင့် သဘောတူညီချက်များပါ အမှတ်တံဆိပ်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်နိုင် ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ ဖွဲ့စည်းပုံနှင့်အညီ မှတ်ပုံတင် အရာရှိတစ်ဦးနှင့် အခြားလိုအပ်သော ဝန်ထမ်းများကို ခန့်အပ် တာဝန်ပေးအပ်ခြင်း၊ ထို့ပြင် လိုအပ်ပါက ဒုတိယမှတ်ပုံတင်အရာရှိ နှင့် လက်ထောက်မှတ်ပုံတင်အရာရှိများကို ခန့်အပ်တာဝန်ပေးခြင်း၊

(င) အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ လိုအပ်သော စစ်ဆေးမှုများပြုလုပ်နိုင်ရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ရုံး၏ဖွဲ့စည်းပုံနှင့်အညီ စစ်ဆေးရေးအရာရှိများကို ခန့်အပ်တာဝန် ပေးခြင်း၊

(စ) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် မှတ်ပုံတင် ခြင်းကို ခွင့်ပြုရာတွင် အသုံးပြုမည့်တံဆိပ်တုံးကို အတည်ပြုသတ်မှတ် ခြင်း၊

(ဆ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စများကို ဆောင်ရွက်နိုင်ရေး အတွက် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန် များ သတ်မှတ်ပေးခြင်း၊

(ဇ) ဤဥပဒေပါ အခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဈ) ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်သော အသိဉာဏ် ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း(၄)
### မှတ်ပုံတင်အရာရှိနှင့် စစ်ဆေးရေးအရာရှိတို့၏ လုပ်ငန်းတာဝန်များ

၅။ မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ ခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားချက်အပေါ် စစ်ဆေးခြင်း၊ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက် ချက်နှင့် ခုခံချေပချက်တို့ကို ဆုံးဖြတ်ခြင်း၊

(ဃ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက် ရာတွင် လိုအပ်သူများအား ခေါ်ယူစစ်ဆေးခြင်းနှင့် စာရွက်စာတမ်း အထောက်အထားများအား တောင်းခံခြင်း၊

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ် ကြောင်း ဆုံးဖြတ်ခြင်း၊

(စ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူထံ အကြောင်းကြားခြင်း၊ ကြားနာခွင့်ပေးခြင်း၊ ထုတ်ပြန်ကြေညာခြင်း၊

(ဆ) အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ဇ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်အား ပယ်ဖျက်ခြင်း၊ ရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊

(ဈ) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်အား လွှဲပြောင်းခြင်း၊ လိုင်စင်ပေး ခြင်းတို့ကို မှတ်တမ်းတင်ထားရှိခြင်း၊

(ည) အမှတ်တံဆိပ်မှတ်ပုံတင်စာရင်းကို ထိန်းသိမ်းထားရှိခြင်း၊

(ဋ) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ထမ်း ဆောင်ခြင်း။

၆။ စစ်ဆေးရေးအရာရှိ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားချက်နှင့် ပထဝီဆိုင်ရာ အညွှန်း မှတ်ပုံတင်ရန် လျှောက်ထားချက်တို့ကို စစ်ဆေးခြင်း၊

(ခ) အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက် ချက်နှင့် ခုခံချေပချက်တို့ကိုစစ်ဆေးပြီး တွေ့ရှိချက်ကို မိမိ၏သဘော ထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြခြင်း၊

(ဂ) အမှတ်တံဆိပ်ကို စစ်ဆေးပြီးနောက် မှတ်ပုံတင်ပေးရန်သင့်-မသင့် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံတင်ပြ ခြင်း၊

(ဃ) တာဝန်ခံဝန်ကြီးဌာနနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပေးအပ်သော အသိဉာဏ်ပစ္စည်းဆိုင်ရာ တာဝန်များကို ထမ်းဆောင်ခြင်း။

### အခန်း(၅)
### မှတ်ပုံတင်ခွင့်မရှိသော အမှတ်တံဆိပ်များ

၇။ (က) အောက်ဖော်ပြပါ ငြင်းပယ်ရန် ခိုင်လုံသည့် အကြောင်းပြချက် တစ်ရပ်ရပ်နှင့် ငြိစွန်းသော အမှတ်တံဆိပ်သည် မှတ်ပုံတင်ခွင့်မရှိ စေရ-

(၁) သိသာထင်ရှားမှုမရှိသော အမှတ်တံဆိပ်ဖြစ်ခြင်း၊

(၂) ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ အရည်အသွေး၊ အရေ အတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ၊ ထုတ်လုပ်သည့်အချိန် သို့မဟုတ် အခြားသော လက္ခဏာများ ကို ဖော်ပြသည့်အမှတ်အသားများ သို့မဟုတ် ညွှန်ပြချက်များ သာလျှင် ပါဝင်ခြင်း၊

(၃) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့် သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ အမွှန်အမြတ်ထားအပ်သော ယဉ် ကျေးမှုကိုဖြစ်စေ ထိပါးစေနိုင်ခြင်း၊

(၄) မျက်မှောက်ဝေါဟာရအသုံးအနှုန်းတွင် ယေဘုယျအသုံး အနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းတွင် လက်တွေ့အသုံးအနှုန်း ဖြစ်လာခြင်း၊

(၅) အများပြည်သူ သို့မဟုတ် ကုန်သွယ်မှုနယ်ပယ်ကို ထင်ယောင် ထင်မှားဖြစ်စေရန် လှည့်ဖြားထားခြင်း၊

(၆) သက်ဆိုင်ရာအာဏာပိုင်များ၏ ခွင့်ပြုချက်မရဘဲ နိုင်ငံ တစ်နိုင်ငံ၏ အလံ၊ ရိုးရာအထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်၊ အခြားအမှတ်တံဆိပ်သင်္ကေတများ၊ နိုင်ငံတစ်နိုင်ငံက အတည် ပြုထားသောကွပ်ကဲမှု သို့မဟုတ် အာမခံကိုဖော်ပြထားသော တရားဝင်သင်္ကေတ သို့မဟုတ် ရွှေ၊ ငွေတို့တွင် ခတ်နှိပ်သည့် အမှတ်တံဆိပ်စသည်တို့ကို လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အစိုးရအချင်းချင်း ဖွဲ့စည်းထားသောအဖွဲ့အစည်း၏ ရိုးရာ အထိမ်းအမှတ်ဆိုင်ရာ အသွင်အပြင်များ၊ အလံများ၊ အခြား အမှတ်တံဆိပ်၊ အမည် သို့မဟုတ် ယင်းအဖွဲ့အစည်း၏ အတို ကောက်အမည်တို့ကိုလည်းကောင်း အပြည့်အစုံကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်ကူးယူခြင်း သို့မဟုတ် တုပခြင်း၊

*စာမျက်နှာ ၁၆ သို့*

စာမျက်နှာ ၁၅ မှ

(၇) တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ တားမြစ်ချက်နှင့် ငြိစွန်းခြင်း၊
(၈) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ အဖွဲ့ဝင်ထားသော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များအရ သီးခြားကာကွယ်ထားသော အမှတ်တံဆိပ်သင်္ကေတများကို အသုံးပြုထားခြင်း။

(ခ) (၁) အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလာသော အမှတ်တံဆိပ်ကို မှတ်ပုံတင်လျှောက်ထားသည့် နေ့ရက်မတိုင်မီ အသုံးပြုခြင်းကြောင့် သုံးစွဲသူများအကြား သိသာထင်ရှားမှုရှိလာလျှင် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ အဆိုပါ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ငြင်းပယ်၍မရ။
(၂) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ ကူးသန်းရောင်းဝယ်ရေးနယ်ပယ်တွင် အမှတ်တံဆိပ်ကို သဘောရိုးဖြင့် တစ်ဆက်တည်း အသုံးပြုနေလျှင် ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၁) နှင့် (၂) အရ အဆိုပါအမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ငြင်းပယ်၍မရ။

၈။ အောက်ဖော်ပြပါ ငြင်းပယ်ရန် ဆက်စပ်သောအကြောင်းပြချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသော အမှတ်တံဆိပ်တစ်ခုသည် မှတ်ပုံတင်ခွင့်မရှိစေရ-
(က) အခြားသူတစ်ဦးဦး၏ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ မှတ်ပုံတင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း၊

**ရှင်းလင်းချက်။** ။ အဆိုပါထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ထပ်တူညီသော အမှတ်အသားကို အသုံးပြုခြင်းသည် ထင်ယောင်ထင်မှား ဖြစ်စေနိုင်သည်ဟု မှတ်ယူရမည်။

(ခ) သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ ပုဂ္ဂိုလ်တစ်ဦးဦး၏ပုဂ္ဂိုလ်ရေးရာဆိုင်ရာ အခွင့်အရေး သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်း၏အမည်၊ ဂုဏ်သတင်းကို ထိခိုက်စေနိုင်သော အမှတ်အသားကို အသုံးပြုထားခြင်း၊
(ဂ) အခြားပုဂ္ဂိုလ်တစ်ဦးဦး၏ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ထိပါးချိုးဖောက်မှုဖြစ်စေနိုင်သော အမှတ်တံဆိပ်ဖြစ်ခြင်း၊
(ဃ) အမှတ်တံဆိပ်များကို သဘောရိုးဖြင့်မဟုတ်ဘဲ မှတ်ပုံတင်လျှောက်ထားခြင်း၊
(င) လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်နှင့်ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် ထပ်တူ သို့မဟုတ် အလားတူသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် ဆောလျင်စွာအသုံးပြုခြင်းဖြင့် အဆိုပါအသုံးပြုခြင်းသည် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်နှင့် ထင်ယောင်ထင်မှားဖြစ်စေခြင်း၊
(စ) မှတ်ပုံတင်ထားသည့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ယင်း၏ မှတ်ပုံတင်ထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများနှင့် မတူညီသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အသုံးပြုခြင်းဖြင့် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်နိုင်ခြင်းနှင့် အဆိုပါအသုံးပြုမှုသည် မှတ်ပုံတင်ပြီးသည့် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း။

## အခန်း(၆)
## အမှတ်တံဆိပ်များကို မှတ်ပုံတင်ခြင်း

၉။ (က) အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားလိုသူသည် အမှတ်တံဆိပ်မှတ်ပုံတင်ရန် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(ခ) လျှောက်လွှာတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားနိုင်သည်။
(ဂ) မှတ်ပုံတင်အရာရှိ၏ တောင်းဆိုချက်အရ လျှောက်လွှာတွင် မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ လည်းကောင်း၊ အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ လည်းကောင်း ဘာသာပြန်ဆိုပေးရမည်။
(ဃ) သတ်မှတ်ထားသောမှတ်ပုံတင်ကြေးနှင့် အခြားအခကြေးငွေများ ပေးသွင်းရမည်။

၁၀။ မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်။ လိုအပ်ပါက သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများ ပူးတွဲတင်ပြရမည်-
(က) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊
(ခ) လျှောက်ထားသူ၏ အမည်နှင့်နေရပ်လိပ်စာ၊
(ဂ) လျှောက်ထားသူက ကိုယ်စားလှယ်ဖြင့် လျှောက်ထားလျှင် ကိုယ်စားလှယ်လွှဲစာနှင့်အတူ ကိုယ်စားလှယ်၏အမည်နှင့် နေရပ်လိပ်စာ၊
(ဃ) မှတ်ပုံတင်ရန်တောင်းဆိုသော အမှတ်တံဆိပ်၏ ရှင်းလင်းလုံလောက်သော ဖော်ပြချက်၊
(င) အပြည်ပြည်ဆိုင်ရာ အမျိုးအစားခွဲခြားခြင်းအရ အုပ်စုလိုက် သတ်မှတ်ထားသည့် မှတ်ပုံတင်ရန်တောင်းဆိုသော ကုန်ပစ္စည်းနှင့် သို့မဟုတ် ဝန်ဆောင်မှုများ၏အမည်နှင့် အမျိုးအစားများ၊
(စ) လျှောက်ထားသူသည် တရားဝင်ရပ်တည်သော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါအဖွဲ့အစည်းအမည်၊ အမျိုးအစား၊ တည်နေရာ လိပ်စာနှင့် နိုင်ငံအမည်၊
(ဆ) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေး ကြေညာခဲ့ကြောင်း ခိုင်လုံစေသည့် သက်သေခံအထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ဦးစွာလျှောက်ထားခြင်း၏ ဦးစားပေးအခွင့်အရေးကို တောင်းဆိုသော ကြေညာချက်တစ်ရပ်၊
(ဇ) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို ရရှိခံစားလိုလျှင် အသိအမှတ်ပြုသည့် ဖော်ပြချက်များနှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးတောင်းဆိုသော ကြေညာချက်တစ်ရပ်၊
(ဈ) အကယ်၍ မှတ်ပုံတင်အက်ဥပဒေနှင့်အညီ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်ဖြစ်ပါက မှတ်ပုံတင်ထားကြောင်း အသိအမှတ်ပြုလက်မှတ်၊
(ည) အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ သတ်မှတ်ထားသည့် အခြားအချက်များ။

၁၁။ လျှောက်လွှာတွင် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က) မှ (င) ပါအချက်များပြည့်စုံ၍ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီးသော လျှောက်လွှာအား လက်ခံရရှိသည့် နေ့ရက်ကို မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့် နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၁၂။ စစ်ဆေးရေးအရာရှိသည် အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ပုဒ်မ ၇ နှင့် ၁၀ တို့အရ စစ်ဆေးပြီးနောက်-
(က) သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ အကြောင်းကြားစာကို လက်ခံရရှိသောနေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ အကယ်၍ သတ်မှတ်ထားသောကာလအတွင်း ပြင်ဆင်ဖြည့်စွက်ခြင်းကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းအား ရုပ်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်။
(ခ) ပုဒ်မခွဲ (က)ပါ သတ်မှတ်ထားသော အချိန်ကာလအတွင်း လျှောက်လွှာတွင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ သတ်မှတ်ချက်နှင့်ညီညွတ်သော လျှောက်လွှာကို မှတ်ပုံတင်အရာရှိထံ ၎င်း၏သဘောထားမှတ်ချက်နှင့်အတူ တင်ပြရမည်။

၁၃။ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့်ညီညွတ်သော လျှောက်ထားချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်များနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၁၄။ အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူသည် ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဤဥပဒေပါ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ တွင် ဖော်ပြထားသော အကြောင်းပြချက်တစ်ခုခုကို စာဖြင့်ရေးသားဖော်ပြ၍ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအပေါ် ကန့်ကွက်ချက်တစ်ရပ်အား မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၁၅။ မှတ်ပုံတင်အရာရှိသည် ကန့်ကွက်စာ တင်သွင်းလျှောက်ထားလာလျှင် သတ်မှတ်ထားသော အချိန်ကာလအတွင်း ကန့်ကွက်ချက်ကို ခုခံတင်ပြနိုင်ရန် လျှောက်ထားသူအား အကြောင်းကြားစာပေးပို့ရမည်။

၁၆။ စစ်ဆေးရေးအရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ဆန့်ကျင်ချက်၊ ကန့်ကွက်ချက်တို့ကို စစ်ဆေးပြီး တွေ့ရှိချက်ကို ၎င်း၏သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၁၇။ မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -
(က) ပုဒ်မ ၁၃ အရ ထုတ်ပြန်ကြေညာခြင်းအပေါ် ကန့်ကွက်ချက် တစ်စုံတစ်ရာ မပေါ်ပေါက်ပါက မှတ်ပုံတင်ရန် ပုဒ်မ ၇ ပြဋ္ဌာန်းချက်ပါ မှတ်ပုံတင်နိုင်ခွင့် မရှိသော အကြောင်းရင်းတစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိ-မရှိ စစ်ဆေးပြီး အမှတ်တံဆိပ် မှတ်ပုံတင်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုလုပ်နိုင်သည်။
(ခ) ပုဒ်မ ၁၆ အရ တင်ပြလာသည့် အမှတ်တံဆိပ် မှတ်ပုံတင်ရန်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပြဋ္ဌာန်းချက်ပါ အကြောင်းရင်း တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းရှိ-မရှိ စစ်ဆေးပြီး အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုလုပ်နိုင်သည်။
(ဂ) ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မှတ်ပုံတင်စာရင်းတွင် ရေးသွင်းပြီး လျှောက်ထားသူထံ အကြောင်းကြားရမည်။
(ဃ) မှတ်ပုံတင်ခြင်းကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပြန်ကြေညာရမည်။
(င) အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန်ခွင့်ပြုလျှင် အမှတ်တံဆိပ် မှတ်ပုံတင်လက်မှတ်မူရင်းကို လျှောက်ထားသူသို့ ထုတ်ပေးရမည်။

၁၈။ အမှတ်တံဆိပ်ကို မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်ပြီးခြင်း ရှိ-မရှိနှင့် မှတ်ပုံတင်ထားပြီးဖြစ်သော အခြားအမှတ်တံဆိပ်တစ်ခုခုနှင့် ကွဲပြားခြားနားခြင်း ရှိ-မရှိ သိရှိလိုသူသည် သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်ပြီးသော အမှတ်တံဆိပ်များကို ရှာဖွေပေးရန် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၁၉။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ပိုင်ရှင်သည် သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းပြီး အမှတ်တံဆိပ်မှတ်ပုံတင်လက်မှတ်၏ မိတ္တူမှန်ကို ထုတ်ပေးရန်အတွက် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိသည် ထိုလျှောက်ထားချက်ကိုစစ်ဆေး၍ မိတ္တူမှန်ကို ထုတ်ပေးရမည်။

၂၀။ လျှောက်ထားသူသည် -
(က) လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိက ဆုံးဖြတ်ချက် မချမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံသည့် ကာလအတွင်းဖြစ်စေ လျှောက်လွှာတွင် သတ်မှတ်ဖော်ပြထားသော အမှတ်တံဆိပ်ကို ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများစာရင်းကို တိုးချဲ့ခြင်းမဟုတ်သည့် စာအရေးအသားအမှား သို့မဟုတ် အခြားမှားယွင်းမှုကို ပြင်ဆင်ပေးရန် သတ်မှတ်ထားသော အခကြေးငွေကိုပေးသွင်းပြီး လျှောက်ထားနိုင်သည်။ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်မချမီ ယင်းပြင်ဆင်မှုကို လျှောက်ထားနိုင်သည်။
(ခ) အမှတ်တံဆိပ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။
(ဂ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအများအပြားပါဝင်သည့် လျှောက်ထားချက်ကို နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်ပိုသော လျှောက်ထားချက်များအဖြစ် ခွဲခြားပေးရန်လည်းကောင်း၊ တင်ပြထားသောကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုစာရင်းကို ချဲ့ထွင်ခြင်းမပြုဘဲ ကန့်သတ်ခြင်း သို့မဟုတ် လျှော့ချခြင်းပြုလုပ်ပေးရန် လည်းကောင်း လျှောက်ထားနိုင်သည်။
(ဃ) ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ပေးရန်ခွဲခြား၍လျှောက်ထားသော အသစ်လျှောက်ထားချက်များ တင်သွင်းသည့်နေ့ရက်ကို မူလလျှောက်ထားချက် တင်သွင်းသည့် နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၁။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် သတ်မှတ်ထားသည့် အခကြေးငွေများ ပေးသွင်းလျက် မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားသောအမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာများကိုလည်းကောင်း၊ အမှတ်တံဆိပ်၏ အဓိကကျသည့်အချက်များကို ထိခိုက်ခြင်းမရှိသော အချက်အလက်နှင့် အမှားအယွင်းများကိုလည်းကောင်း ပြင်ဆင်ပေးရန် လျှောက်ထားနိုင်သည်။

၂၂။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၀ နှင့် ၂၁ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ပေးနိုင်သည်။

၂၃။ လျှောက်ထားသူသည် အမှတ်တံဆိပ်မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ရုပ်သိမ်းခြင်းပြုလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်းခံရလျှင်သော် လည်းကောင်း ပေးသွင်းထားသည့် အခကြေးငွေများကို ပြန်လည်ရထိုက်ခွင့်မရှိစေရ။

## အခန်း(၇)
## ဦးစားပေးအခွင့်အရေးနှင့် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး

၂၄။ (က) စက်မှုပစ္စည်းမူပိုင်ခွင့် အကာအကွယ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်ဖြစ်သည့် ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် အမှတ်တံဆိပ်ကို မှတ်ပုံတင်လျှောက်ထားခဲ့သူ သို့မဟုတ် ထိုလျှောက်ထားသူ၏ လွှဲပြောင်းခြင်းခံရသူမည်သူမဆို ပထမလျှောက်ထားချက် တင်သွင်းခဲ့သည့် နေ့ရက်မှ ၆ လအတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် တူညီသောအမှတ်တံဆိပ်ကို မှတ်ပုံတင်ရန် လာရောက်လျှောက်ထားလျှင် ပြည်ပလျှောက်ထားချက်တွင် ပါဝင်သည့် ထပ်တူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် ဦးစားပေးအခွင့်အရေးခံစားရမည်။
(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာတွင် လျှောက်ထားသူသည် ဦးစွာလျှောက်ထားခဲ့သည့် နေ့ရက်နှင့် လျှောက်ထားခဲ့သည့်နိုင်ငံတို့ကိုဖော်ပြပြီး ဦးစွာလျှောက်ထားခဲ့သည့် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းအတွက် အခွင့်အရေးရယူလိုကြောင်း ဖော်ပြရမည်။
(ဂ) ပုဒ်မခွဲ(ခ)အရ ဦးစားပေးအခွင့်အရေး တောင်းဆိုပြီး သတ်မှတ်ထားသော ကာလအတွင်း လျှောက်ထားသူသည် အောက်ပါတို့ကို တင်ပြရမည်-
(၁) လျှောက်ထားခဲ့သည့် ပြည်ပနိုင်ငံ၏ တာဝန်ရှိသူမှ ဦးစွာလျှောက်ထားချက် မှန်ကန်ကြောင်း အသိအမှတ်ပြုမိတ္တူမှန်၊
(၂) အကယ်၍ အဆိုပါမိတ္တူမှန်သည် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးမှ လက်ခံနိုင်သော ဘာသာစကားမဟုတ်လျှင် သတ်မှတ်ထားသည့် ဘာသာပြန်ဆိုချက်၊
(၃) ဦးစွာလျှောက်ထားသည့်နေ့ရက် ဖော်ပြထားသော ပြည်ပတာဝန်ရှိသူမှ ထုတ်ပေးသည့် အသိအမှတ်ပြုလက်မှတ်။
(ဃ) ပထမလျှောက်ထားချက်၏ လျှောက်ထားသည့်နေ့ရက်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားသည့် နေ့ရက်အဖြစ် ဦးစားပေးအခွင့်အရေးရယူနိုင်သည်။

၂၅။ (က) ပဲရစ်ကွန်ဗင်းရှင်း သို့မဟုတ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် တရားဝင် သို့မဟုတ် တရားဝင်အသိအမှတ်ပြုသော အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတွင် အသုံးပြုခဲ့သော အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ခင်းကျင်းပြသခဲ့သူဖြစ်ပါက အဆိုပါအသုံးပြုခဲ့သော အမှတ်တံဆိပ်အတွက် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို စတင်ခင်းကျင်းပြသသည့် နေ့ရက်မှ ၆ လ အတွင်း ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ခံစားရမည်။
(ခ) လျှောက်ထားသူသည် ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာတွင် အဆိုပါ အမှတ်တံဆိပ်အသုံးပြုခဲ့သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများပြသခဲ့ခြင်းအတွက် အကာအကွယ်ပေးခြင်းဆိုင်ရာ အခွင့်အရေးကို ရယူလိုကြောင်း အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်လွှာတွင် ဖော်ပြရမည်။
(ဂ) ပုဒ်မခွဲ(ခ)အရ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို အဆိုပြုပြီး သတ်မှတ်ထားသောကာလအတွင်း လျှောက်ထားသူသည် အဆိုပါအမှတ်တံဆိပ် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ ခင်းကျင်းပြသခဲ့သည့် သက်သေအထောက်အထားကို တင်ပြရမည်။
(ဃ) ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် အဆိုပါအမှတ်တံဆိပ် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ စတင်ခင်းကျင်းပြသသည့် နေ့ရက်ကို အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားသည့်နေ့ရက်အဖြစ် သတ်မှတ်ရမည်။
(င) ခွင့်ပြုခဲ့ပြီးသော ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးသည် ပုဒ်မခွဲ (က) အရ သတ်မှတ်ထားသော ဦးစားပေးကာလကို မကျော်လွန်ရ။

## အခန်း(၈)
## အမှတ်တံဆိပ် မှတ်ပုံတင်သက်တမ်းနှင့် အခကြေးငွေများ

၂၆။ (က) အမှတ်တံဆိပ်တစ်ခုကို လျှောက်ထားသည့် နေ့ရက်အား အဆိုပါ အမှတ်တံဆိပ်ကို မှတ်ပုံတင်သည့် နေ့ရက်အဖြစ် မှတ်ယူရမည်။
(ခ) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းသက်တမ်းသည် အမှတ်တံဆိပ်ကို မှတ်ပုံတင်သည့် နေ့ရက်မှစတင်၍ ၁၀ နှစ်ဖြစ်သည်။
(ဂ) မှတ်ပုံတင်သက်တမ်း ၁၀ နှစ် ကုန်ဆုံးပြီးနောက် မှတ်ပုံတင်သက်တမ်းတိုးမြှင့်လိုသူသည် တစ်ကြိမ်လျှင် မှတ်ပုံတင်သက်တမ်း ၁၀ နှစ်စီဖြင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားနိုင်သည်။

၂၇။ အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပုဒ်မခွဲ (ခ) နှင့် (ဂ)တွင် ရည်ညွှန်းထားသော အခကြေးငွေများပေးသွင်းပြီး အမှတ်တံဆိပ်ပိုင်ရှင်၏ တောင်းဆိုချက်အရ အောက်ဖော်ပြပါကိစ္စရပ်များနှင့်အညီ သက်တမ်းတိုးမြှင့်နိုင်သည်-
(က) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် ၆ လကျော်လွန်ပါက သက်တမ်းတိုးမြှင့်ပေးရန် တောင်းဆိုချက်တစ်ရပ်ကို လျှောက်ထားခြင်းမပြုရ။
(ခ) သက်တမ်းတိုးမြှင့်ရန်တောင်းဆိုချက်ကို မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ လျှောက်ထားလျှင် သက်တမ်းတိုးမြှင့်ရန်အတွက် သတ်မှတ်ထားသော အခကြေးငွေကို ပေးသွင်းရမည်။ သက်တမ်းတိုးမြှင့်ရန်

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

တောင်းဆိုချက်ကို မှတ်ပုံတင်သက်တမ်းကုန်ဆုံးမည့်နေ့ရက်မတိုင်မီ ၆ လအတွင်း အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

(ဂ) မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှ အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လအတွင်း သက်တမ်းတိုးမြှင့်ပေးရန် တောင်းဆိုလာပါက သက်တမ်းတိုးမြှင့်ခြင်းအတွက် သတ်မှတ်ထားသည့် အခကြေးငွေနှင့် ရက်လွန်ကြေးတို့ ပေးသွင်းရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ချက်များနှင့်ညီညွတ်သော တောင်းဆိုချက်ကို အမှတ်တံဆိပ်သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုရမည်။ သက်တမ်းတိုးမြှင့်ခြင်းသည် ယခင်မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိရမည်။

(င) မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်သက်တမ်း တိုးမြှင့်ပေးရန် လျှောက်ထားချက်ကိုစစ်ဆေး၍ သတ်မှတ်ချက်များနှင့်ညီညွတ်ပါက ၁၀ နှစ် သက်တမ်းတိုးမြှင့်ပေးပြီး သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၂၈။ (က) အထူးအခွင့်အရေးအဖြစ်ပေးသော ၆ လအတွင်း သက်တမ်းတိုးမြှင့်ပေးရန် တောင်းဆိုခြင်းမရှိခဲ့လျှင် ၎င်းအမှတ်တံဆိပ်မှတ်ပုံတင်ခြင်းသည် ရုပ်စဲရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ယင်းသို့ အမှတ်တံဆိပ်မှတ်ပုံတင်ရုပ်စဲကြောင်းကို ထုတ်ပြန်ကြေညာရမည်။

**အခန်း(၉)**

**မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများ**

၂၉။ အမှတ်တံဆိပ်ကို ဤဥပဒေနှင့်အညီ မှတ်ပုံတင်ပြီးနောက် မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများအား သီးသန့်အခွင့်အရေးများအဖြစ် ခံစားရမည်။

၃၀။ ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသောနေ့ရက်တွင် အမှတ်တံဆိပ်မှတ်ပုံတင်ရန် လျှောက်ထားလာပါက ဤဥပဒေ၏ အခန်း(၇)ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ အစောဆုံးလျှောက်ထားသူသာလျှင် အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်ရရှိစေရမည်။

၃၁။ ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မှတ်ပုံတင်ပေးရန် နှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော လျှောက်ထားချက်များကို တစ်နေ့တည်းတွင် လျှောက်ထားလာပါက ဦးစွာလျှောက်ထားခဲ့ကြောင်း တင်ပြနိုင်သူသာလျှင် အမှတ်တံဆိပ်ကို မှတ်ပုံတင်ခွင့်ရရှိစေရမည်။

၃၂။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် ပုဒ်မ ၃၃ နှင့် ၃၄ ပါ ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ -

(က) သီးသန့်အခွင့်အရေးအဖြစ် အောက်ပါတို့ကို ရရှိသည်-

(၁) အမှတ်တံဆိပ်ပိုင်ရှင်၏ သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင်အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေပါက တည်ဆဲဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်၊

**ရှင်းလင်းချက်။** ။ ထပ်တူဖြစ်သော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် ထပ်တူဖြစ်သော အမှတ်အသားကို အသုံးပြုခြင်းဖြစ်ပါက ထင်ယောင်ထင်မှားဖြစ်စေသည်ဟု မှတ်ယူရမည်။

(၂) မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို ချိုးဖောက်သူအား ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုခွင့်၊

(၃) အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် မှတ်ပုံတင်ထားသည့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများတွင် အမှတ်တံဆိပ်ပိုင်ရှင်၏ သဘောတူညီချက်မရှိဘဲ ကုန်သွယ်မှုပြုရာတွင် အသုံးပြုခြင်းကို ကာကွယ်တားဆီးခွင့်-

(ကက) မှတ်ပုံတင်ထားသည့် လူသိများပြီး ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်လျှင်၊

(ခခ) ယင်းအမှတ်တံဆိပ်ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်လျှင်။

(ခ) မည်သူ့ကိုမဆို မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို အခန်း (၁၀) နှင့် (၁၁) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းခြင်း သို့မဟုတ် လိုင်စင်ပေးခြင်းပြုနိုင်သည်။

၃၃။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် အခြားသူတစ်ဦးဦးက စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအတွက် အောက်ပါတို့နှင့်စပ်လျဉ်း၍ သဘောရိုးဖြင့် အသုံးပြုဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခွင့်မရှိစေရ-

(က) ပိုင်ရှင်၏ ကိုယ်ပိုင်အမည် သို့မဟုတ် နေရပ်လိပ်စာ၊

(ခ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ အသုံးပြုလိုသည့် ရည်ရွယ်ချက်၊ တန်ဖိုး၊ ပထဝီဆိုင်ရာမူရင်းဒေသနှင့် ထုတ်လုပ်သည့်အချိန်ကာလ သို့မဟုတ် အခြားထူးခြားသောအချက်အလက်များ စသည်တို့နှင့် စပ်လျဉ်းသည့် ဖော်ပြချက်များ၊

(ဂ) ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများ အထူးသဖြင့် တွဲဖက်သုံးပစ္စည်းများ သို့မဟုတ် အပိုပစ္စည်းများတွင် လိုအပ်ချက်အရ ရည်ရွယ်၍ ဖော်ပြထားသော အမှတ်တံဆိပ်။

၃၄။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် မိမိကိုယ်တိုင်ကဖြစ်စေ၊ မိမိ၏ သဘော တူညီချက်ရရှိသူကဖြစ်စေ ပေးပို့ထား၍ ဈေးကွက်တွင် ရောက်ရှိနေသော ကုန်ပစ္စည်းများ၌ မိမိ၏အမှတ်တံဆိပ်ကို အသုံးပြုခြင်းအား တားမြစ်ပိတ်ပင်ခွင့်မရှိစေရ။

၃၅။ ပုဒ်မ ၃၄ တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် မိမိ၏ကုန်ပစ္စည်းများကို ဈေးကွက်သို့ တင်သွင်းပြီးနောက် ယင်းကုန်ပစ္စည်း၏ အခြေအနေပြောင်းလဲသွားလျှင် သို့မဟုတ် ပျက်စီးယိုယွင်းသွားလျှင် ယင်းကုန်ပစ္စည်းအား ဆက်လက်ရောင်းချခြင်းကို တည်ဆဲဥပဒေနှင့်အညီ တားမြစ်ပိတ်ပင်နိုင်သည်။

**အခန်း(၁၀)**

**မှတ်ပုံတင်အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းခြင်း**

၃၆။ အမှတ်တံဆိပ်ပိုင်ရှင်သည် ၎င်း၏အမှတ်တံဆိပ်ဆိုင်ရာ အခွင့်အရေးများကို ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ အဖွဲ့အစည်းတစ်ရပ်ရပ်ကိုဖြစ်စေ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းခြင်း ပြုနိုင်သည်။

၃၇။ ပိုင်ဆိုင်ခွင့်လွှဲပြောင်းလိုသူသည် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၃၈။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ခြင်း သို့မဟုတ် လျှောက်ထားခြင်း၏ မူလပိုင်ရှင်က ဖြစ်စေ၊ ပိုင်ရှင်အသစ်ကဖြစ်စေ တစ်ဦးဦး၏တောင်းဆိုချက်အရ အမှတ်တံဆိပ် မှတ်ပုံတင်ခြင်း၏ မည်သည့်ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းကိုမဆို မှတ်တမ်းတင်ထားရမည်။ မှတ်ပုံတင်အရာရှိသည် ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း မှတ်တမ်းတစ်ခုခုကို သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၃၉။ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းသည် မှတ်တမ်းတင်ထားပြီးဖြစ်သော်လည်း အခြားသူတစ်ဦး တစ်ယောက်အား ဆန့်ကျင်ထိခိုက်မှုမရှိစေရ။

**အခန်း(၁၁)**

**မှတ်ပုံတင်အမှတ်တံဆိပ်ကို လိုင်စင်ပေးခြင်း**

၄၀။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်သည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်ကို အသုံးပြုရန် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုအား သက်တမ်းနှင့် စည်းကမ်းချက်များ သတ်မှတ်၍ လိုင်စင်ပေးနိုင်သည်။

၄၁။ မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် လိုင်စင်ရသူသည် လိုင်စင်ပေးခြင်းကို မှတ်တမ်းတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားနိုင်သည်။

၄၂။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်၏ တောင်းဆိုချက်အရ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်တစ်ခုကို အသုံးပြုရန် မည်သည့်လိုင်စင်ကိုမဆို မှတ်တမ်းတင်ပြီးနောက် သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

၄၃။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင် သို့မဟုတ် လိုင်စင်ရသူတို့၏ တောင်းဆိုချက်အရ လိုင်စင်ပေးကြောင်း မှတ်တမ်းကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရမည်။

၄၄။ လိုင်စင်ပေးခြင်းနှင့်စပ်လျဉ်း၍ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားခြင်းမရှိလျှင် အကျိုးသက်ရောက်မှုမရှိစေရ။

**အခန်း(၁၂)**

**အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေခြင်းနှင့် ပယ်ဖျက်ခြင်း**

၄၅။ (က) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ တောင်းဆိုချက်အရ ပုဒ်မ ၂၊ ပုဒ်မခွဲ (က)ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် မကိုက်ညီသော အမှတ်တံဆိပ်ဖြစ်ကြောင်း သို့မဟုတ် ပုဒ်မ ၇ ပါ ငြင်းပယ်ရန် ခိုင်လုံသည့်အကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့်မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေရမည်။

(ခ) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ ပုဒ်မ ၈ ပါ ငြင်းပယ်ရန် ဆက်စပ်သောအကြောင်းပြချက်တစ်ရပ်ရပ်ကြောင့် မှတ်ပုံတင်ခွင့်မရရှိသင့်သည့် အမှတ်တံဆိပ်ဖြစ်ကြောင်း အထောက်အထားခိုင်လုံလျှင် မှတ်ပုံတင်အရာရှိသည် အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပျက်ပြယ်စေရမည်။

(ဂ) (၁) ပုဒ်မခွဲ(က)ပါ ပျက်ပြယ်စေခြင်းအတွက် တောင်းဆိုချက်ကို မည်သည့်အချိန်တွင်မဆို လျှောက်ထားနိုင်သည်။

(၂) မရိုးမဖြောင့်သောသဘောဖြင့် မှတ်ပုံတင်ခဲ့ခြင်းမဟုတ်လျှင် ပုဒ်မခွဲ (ခ)ပါ ပျက်ပြယ်စေခြင်းအတွက် တောင်းဆိုချက်သည် မှတ်ပုံတင်သည့် နေ့ရက်မှ ၅ နှစ်သက်တမ်း ကျော်လွန်ပြီးနောက် လျှောက်ထားခြင်းမပြုနိုင်။

(ဃ) ပျက်ပြယ်စေသည့်အကြောင်းအရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့နှင့်သာ သက်ဆိုင်လျှင် အဆိုပါကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် ပျက်ပြယ်စေရမည်။

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်း၏ မည်သည့်ပျက်ပြယ်စေခြင်းကိုမဆို မှတ်ပုံတင်သည့်နေ့ရက်အထိ သက်ရောက်မှုရှိသည်ဟု မှတ်ယူရမည်။

(စ) မည်သည့်ပျက်ပြယ်ခြင်းကိုမဆို မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ဆောလျင်စွာထုတ်ပြန်ကြေညာပြီးနောက် သက်ဆိုင်ရာပိုင်ရှင်ထံ အသိပေးအကြောင်းကြားရမည်။

၄၆။ (က) အကျိုးသက်ဆိုင်သူတစ်ဦးဦး၏ လျှောက်ထားချက်အရ မှတ်ပုံတင်အရာရှိသည် အောက်ဖော်ပြပါတစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိပါက အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည် -

(၁) မှတ်ပုံတင်ထားသော အမှတ်တံဆိပ်နှင့်သက်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှတ်ပုံတင်ပြီးသည့်နေ့မှစ၍ ၃ နှစ်အတွင်း လုံးဝအသုံးမပြုခြင်းနှင့် အဆိုပါအသုံးပြုမှုပျက်ကွက်ခြင်းအတွက် လုံလောက်သော အကြောင်းပြချက်မရှိခြင်း၊

(၂) အမှတ်တံဆိပ်အသုံးပြုခြင်းအား တစ်ဆက်တည်း ၃ နှစ်ကြာ ဆိုင်းငံ့ထားခြင်းနှင့် အဆိုပါဆိုင်းငံ့ထားခြင်းအတွက် လုံလောက်သော အကြောင်းပြချက်မရှိခြင်း၊

(၃) အမှတ်တံဆိပ်သည် ကုန်ပစ္စည်း၏ အမျိုးအစား၊ အရည်အသွေး၊ အရေအတွက်၊ ရည်ရွယ်ထားသော အသုံးဝင်မှု၊ တန်ဖိုး၊ မူရင်းဒေသ သို့မဟုတ် ထုတ်လုပ်သည့်အချိန်တို့ကို သတ်မှတ်ရန် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်နိုင်သော ညွှန်ပြချက်များ သို့မဟုတ် မျက်မှောက်ဝေါဟာရအသုံးအနှုန်းတွင် ယေဘုယျအသုံးအနှုန်းဖြစ်လာခြင်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်လာခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းတွင် လက်တွေ့အသုံးအနှုန်းဖြစ်လာသည့် ညွှန်ပြချက်များ သီးသန့်ပါဝင်လာခြင်း။

(ခ) ပုဒ်မခွဲ (က)အရ အမှတ်တံဆိပ်အသုံးပြုခြင်းတွင် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ ထူးခြားသောလက္ခဏာများအား ပြောင်းလဲခြင်းမရှိဘဲ ကွဲပြားသော ပုံစံတစ်ခုအဖြစ်အသုံးပြုခြင်းနှင့် တင်ပို့ရန်သက်သက်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ထုပ်ပိုးထားသော ကုန်ပစ္စည်းများ သို့မဟုတ် ကုန်ပစ္စည်းများပေါ်တွင် အမှတ်တံဆိပ်ကို ကပ်ခြင်းတို့အပါအဝင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အသုံးပြုခြင်းတို့ပါဝင်သည်။

(ဂ) ဤဥပဒေအရ မည်သည့်တရားစွဲဆိုခြင်းတွင်မဆို အမှတ်တံဆိပ်အသုံးပြုသည့်ကာလ၊ သဘောသဘာဝ သို့မဟုတ် နယ်ပယ်တို့အပါအဝင် အမှတ်တံဆိပ်အား အသုံးပြုမှုကို သက်သေပြရန်လိုအပ်လျှင် အဆိုပါသက်သေပြရန်တာဝန်သည် မှတ်ပုံတင်အမှတ်တံဆိပ်ပိုင်ရှင်နှင့်သာ သက်ဆိုင်ရမည်။

(ဃ) ပယ်ဖျက်စေသည့် အကြောင်းအရင်းများသည် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအချို့နှင့်သာ သက်ဆိုင်လျှင် အဆိုပါကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုနှင့် ဆက်စပ်သော မှတ်ပုံတင်ခြင်းကိုသာလျှင် ပယ်ဖျက်စေရမည်။

(င) အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ပြီးပါက အဆိုပါ မှတ်ပုံတင်ခြင်းသည် တရားဝင်ရုပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(စ) မည်သည့် ပယ်ဖျက်ခြင်းမဆို မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ဆောလျင်စွာထုတ်ပြန်ကြေညာပြီးနောက် သက်ဆိုင်ရာ ပိုင်ရှင်ထံအသိပေးအကြောင်းကြားရမည်။

၄၇။ မှတ်ပုံတင်အမှတ်တံဆိပ်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုအပေါ် ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုထားကြောင်း သက်ဆိုင်သူကတင်ပြလာသည့်အခါ မှတ်ပုံတင်အရာရှိသည် အဆိုပါအမှု မပြီးပြတ်မီကာလအတွင်း၌ အမှတ်တံဆိပ်ကို ပျက်ပြယ်စေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအား ဆိုင်းငံ့ထားရမည်။

**အခန်း(၁၃)**

**ပထဝီဆိုင်ရာ အညွှန်း**

၄၈။ သက်ဆိုင်ရာကုန်ပစ္စည်းကို ထုတ်လုပ်သောဒေသအတွင်းရှိ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ကိုယ်စားပြုသည့် တရားဝင်ရပ်တည်သော အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် နိုင်ငံတော်တွင်း အခွင့်ရအာဏာပိုင်တစ်ခုခုသည် ပထဝီဆိုင်ရာအညွှန်းကို မှတ်ပုံတင်လိုပါက မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့်အညီ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ရုံးသို့ လျှောက်ထားရမည် -

(က) သဘာဝထွက်ကုန် သို့မဟုတ် သဘာဝသယံဇာတများဖြင့် ကုန်ပစ္စည်း ထုတ်လုပ် သူများ၊

(ခ) စိုက်ပျိုးရေးထွက်ကုန်ထုတ်လုပ်သူများ၊

(ဂ) လက်မှုပစ္စည်း သို့မဟုတ် စက်မှုပစ္စည်းဆိုင်ရာ ထုတ်ကုန်ထုတ်လုပ်သူများ။

၄၉။ (က) ပထဝီဆိုင်ရာအညွှန်း မှတ်ပုံတင်လျှောက်ထားရာတွင် အောက်ပါအချက်များပါဝင်သော သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ လျှောက်ထားရမည်-

(၁) လျှောက်ထားသည့် အဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၂) မှတ်ပုံတင်လျှောက်ထားခြင်းအတွက် ပထဝီဆိုင်ရာအညွှန်း၊

(၃) လျှောက်ထားသည့် ပထဝီဆိုင်ရာအညွှန်း ထွက်ရှိရာဒေသ၊

(၄) ပထဝီဆိုင်ရာအညွှန်းအဖြစ် ညွှန်းဆိုသည့် ကုန်ပစ္စည်း။

(ခ) အဆိုပါလျှောက်လွှာများနှင့်အတူ အောက်ပါတို့ကို ဖော်ပြရမည်-

(၁) ကုန်ပစ္စည်း၏ ထူးခြားသော အချက်အလက်များ သို့မဟုတ် အရည်အသွေး သို့မဟုတ် ထင်ပေါ်ကျော်ကြားမှု၊

(၂) ကုန်ပစ္စည်း၏ တိကျစွာသတ်မှတ်ထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် ဝိသေသလက္ခဏာများ၊ ပထဝီဆိုင်ရာမူရင်းဒေသနှင့် ထုတ်လုပ်မှုနည်းစနစ်တို့အကြား ဆက်စပ်မှု၊

(၃) သတ်မှတ်ထားသော အခြားအချက်များ။

(ဂ) လျှောက်ထားရာတွင် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကိုပေးသွင်းရမည်။

၅၀။ ပထဝီဆိုင်ရာအညွှန်းသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းနေပါက မှတ်ပုံတင်ခွင့်မရှိစေရ -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ပါ ပထဝီဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) အဆိုပါပထဝီဆိုင်ရာအညွှန်းကို သုံးစွဲမည့်ကုန်ပစ္စည်းသည် မြန်မာနိုင်ငံရှိ အများသုံးဝေါဟာရတွင် ယေဘုယျအသုံးအနှုန်း သို့မဟုတ် ဓလေ့ထုံးစံဖြစ်နေခြင်း၊

(ဂ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရားကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်နေသော ပထဝီဆိုင်ရာအညွှန်းတစ်ရပ်ဖြစ်နေခြင်း။

၅၁။ အကျိုးသက်ဆိုင်သူ မည်သူမဆို သို့မဟုတ် မည်သည့်အခွင့်ရအာဏာပိုင်မဆို အောက်ပါအကြောင်းပြချက်များဖြင့် ပထဝီဆိုင်ရာအညွှန်းအား မှတ်ပုံတင်ထားခြင်းကို ပျက်ပြယ်စေရန် သို့မဟုတ် ပယ်ဖျက်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည် -

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ (စ) ပါ ပထဝီဆိုင်ရာအညွှန်း၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီမှုမရှိခြင်း၊

(ခ) ပုဒ်မ ၄၉၊ ပုဒ်မခွဲ (ခ) ချမှတ်ထားသော အချက်အလက်များပါ လိုအပ်ချက်များ နှင့်ကိုက်ညီစေရန် သေချာစွာ ဆက်လက်လုပ်ဆောင်နိုင်မှုမရှိခြင်း၊

(ဂ) မူရင်းထွက်ရှိရာနိုင်ငံတွင် အကာအကွယ်ပြုလုပ်မထားသော သို့မဟုတ် ကာကွယ်ခြင်းရပ်စဲသွားသော သို့မဟုတ် အဆိုပါနိုင်ငံတွင် အသုံးမပြုတော့သော ပြည်ပ ပထဝီဆိုင်ရာအညွှန်းများ၊

(ဃ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်ရေး သို့မဟုတ် ကိုယ်ကျင့်တရားကောင်းမွန်ရေး သို့မဟုတ် အများပြည်သူဆိုင်ရာမူဝါဒနှင့် ဆန့်ကျင်နေသော ပထဝီဆိုင်ရာ အညွှန်းတစ်ရပ်ဖြစ်နေခြင်း။

၅၂။ (က) မှတ်ပုံတင်စာရင်းတွင် သတ်မှတ်ဖော်ပြထားသော ပထဝီဆိုင်ရာဒေသအတွင်း ၎င်း၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသော ထုတ်လုပ်သူများကသာ မှတ်ပုံတင်စာရင်းတွင် ဖော်ပြထားသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ရာတွင် မှတ်ပုံတင်ထားသော ပထဝီဆိုင်ရာအညွှန်းကို သုံးစွဲခွင့်ရှိရမည်။ သို့ရာတွင် အဆိုပါကုန်ပစ္စည်းများသည် မှတ်ပုံတင်စာရင်းတွင် သတ်မှတ်ဖော်ပြထားသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှု သို့မဟုတ် အခြားသောဝိသေသလက္ခဏာများနှင့် ပြည့်စုံရမည်ဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# မဲဆောက်-မြဝတီချစ်ကြည်ရေးတံတား (၂) တည်ဆောက်မည်

**ရန်ကုန် ဇူလိုင် ၄**

မြန်မာ-ထိုင်းနှစ်နိုင်ငံကို ဆက်သွယ်တည်ဆောက်မည့် မဲဆောက်-မြဝတီ ချစ်ကြည်ရေး အမှတ် (၂) တံတားကို ထိုင်းနိုင်ငံဘက်အခြမ်းတွင် မြေကြီးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ မြေကြီးအင်ဂျင်နီယာလုပ်ငန်းများလုပ်ကိုင်နေသော မဲဆောက်-မြဝတီ အမှတ် (၂) တံတားသည် လက်ရှိ မဲဆောက်-မြဝတီ ချစ်ကြည်ရေး အမှတ် (၁) တံတား၏ မြောက်ဘက် ၅ ကီလိုမီတာအကွာတွင် တည်ရှိသည်။

ကရင်ပြည်နယ် မြဝတီမြို့နှင့် ထိုင်းနိုင်ငံ မဲဆောက်ခရိုင် ဘန်ဝမ်တာခန်သို့ ဆက်သွယ်တည်ဆောက်မည့် မဲဆောက်-မြဝတီ ချစ်ကြည်ရေးတံတားအမှတ် (၂) ၏ အခြေခံလုပ်ငန်းများကို ထိုင်းဘက်အခြမ်း၌ ယခုဇူလိုင်လအတွင်း ဆောင်ရွက်သွားမည်ဖြစ်သည်ဟု တံတားလုပ်ငန်းများ လုပ်ကိုင်နေသည့် ထိုင်းဆောက်လုပ်ရေးကုမ္ပဏီမှ သိရသည်။

မြန်မာ-ထိုင်းနယ်စပ်ကုန်သွယ်ရေးကို အထောက်အကူပြုစေမည့် မဲဆောက်-မြဝတီ ချစ်ကြည်ရေးတံတားအမှတ် (၂)တည်ဆောက်ပြီးစီးသွားပါက တန် ၆၀ ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်နိုင်မည် ဖြစ်သည်။

ယခင်က တည်ဆောက်ခဲ့သော မဲဆောက်-မြဝတီ ချစ်ကြည်ရေးတံတားသည် ၁၉၉၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ ယခုအခါ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ငယ်များသာ ဖြတ်သန်းနိုင်သည့် အနေအထားရှိနေသည်။ ၂၀၀၆ ခုနှစ် ဇူလိုင် ၂၅ ရက်မှ စတင်ကာ မဲဆောက်-မြဝတီချစ်ကြည်ရေး တံတားအမှတ် (၁) ပေါ်မှ ကုန်တင်ယာဉ်ကြီးများကို ဖြတ်သန်းခွင့်မပြုတော့ကြောင်း သိရသည်။



မြန်မာ-ထိုင်းနှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးတွင် မဲဆောက်-မြဝတီနယ်စပ် လမ်းကြောင်းသည် အဓိကဆက်သွယ်ရာ နယ်စပ် လမ်းကြောင်းတစ်ခုဖြစ်ရာ နှစ်နိုင်ငံ ကုန်စည်သယ်ယူပို့ဆောင်ရေး လျင်မြန်ချောမွေ့စေရန်အတွက် ယခုအခါ မဲဆောက်- မြဝတီ ချစ်ကြည်ရေး အမှတ် (၂) တံတားကို တည်ဆောက်ရန်စီစဉ်နေခြင်းဖြစ်သည်။

မဲဆောက်-မြဝတီနယ်စပ်လမ်းကြောင်းမှ မြန်မာ-ထိုင်းနှစ်နိုင်ငံ ကုန်သွယ်မှုသည် လစဉ် ဘတ်သုံးဘီလီယံကျော်ရှိနေရာ ယခုတံတားသစ် တည်ဆောက်ပြီးပါက နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ပိုမိုတိုးမြင့်လာမည်ဖြစ်သည်။ တစ်ဖန် မြန်မာ-ထိုင်းကုန်သွယ်မှုလမ်းကြောင်းမှာ ယခုတည်ဆောက်မည့် တံတားသစ်ကြောင့် အာရှနှင့် အနောက်နိုင်ငံများ ကုန်သွယ်မှုလမ်းကြောင်း အစိတ်အပိုင်းလည်း ပွင့်သွားမည်ဖြစ်သည်။

အရှေ့-အနောက် ကုန်သွယ်မှုကွန်ရက်လမ်းမ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော မဲဆောက်-မြဝတီချစ်ကြည်ရေးတံတား အမှတ် (၂) သည် မြန်မာ- ထိုင်းနှစ်နိုင်ငံအပြင် အခြားအာဆီယံနိုင်ငံများနှင့်လည်း ဆက်စပ်သွားလာကုန်သွယ်မှုကို အထောက်အကူဖြစ်စေမည့် တံတားဖြစ်သည်။

**(မြန်မာ့အလင်း)**

# ရော်ဘာမိုးကာအစေးလှီးနည်း သရုပ်ပြ

**လှည်းကူး ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာအုပ်စု ရွှေပြည်စိုးရော်ဘာခြံ၌ တိုင်းဦးစီးမှူးရုံးက ကြီးမှူး၍ ရော်ဘာမိုးကာအစေးလှီးနည်းစနစ် (Rain Guard) ဖြင့် အစေးလှီးသရုပ်ပြပွဲကို ဇွန်လ စတုတ္ထပတ်က ကျင်းပသည်။

ရော်ဘာအစေးလှီးလုပ်ငန်းသည် ပုံမှန်အားဖြင့် မိုးရာသီကာလ၌ အစေးလှီးရပ်နားပြီး ပွင့်လင်းရာသီ၌သာ အစေးလှီးလုပ်ငန်းဆောင်ရွက်လေ့ရှိသဖြင့် မိုးရာသီတွင် မိုးကာအစေးလှီးနည်း (Rain Guard) ဖြင့် အစေးလှီးနိုင်သည်။ အစေးလှီး ရက်များ ပိုမိုရရှိပြီး အထွက်ပေါင်များ တိုးတက်လာခြင်းကြောင့် ခြံရှင်များ၊ တောင်သူများ ဝင်ငွေပိုမိုရရှိစေရန် ရည်ရွယ်၍ မိုးကာအစေးလှီးနည်းစနစ် လက်တွေ့ ပညာပေးသရုပ်ပြပွဲကို ပြုလုပ်ရခြင်းဖြစ်သည်။ အဆိုပါ သရုပ်ပြပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက အဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ ရော်ဘာခြံရှင်များနှင့် တောင်သူများ စုစုပေါင်း ၈၀ တက်ရောက်သည်။



သရုပ်ပြပွဲတွင် ခရိုင်စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးမှူး (Rain Guard) စနစ်ဖြင့် အစေးလှီးခြင်းသည် ရော်ဘာထုတ်လုပ်မှု တိုးတက်မြင့်မားပြီး ရော်ဘာ စိုက်ပျိုးသူခြံရှင်များ၊ တောင်သူများ ဝင်ငွေတိုးတက်စေနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများကို မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားသည်။

**(၁၈၅)**

# ဇောင်ဂျမ်းကုန်းကျေးရွာတွင် အဝီစိတွင်းတူးဖော်ပြီးစီး

**ပုလဲ ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ကျေးလက်ရေရရှိရေးအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၀ သိန်းဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ပုလဲမြို့နယ် ဇောင်ဂျမ်းကုန်းကျေးရွာ၌ အနက်ပေ ၃၇၀ ရှိသည့် မြေအောက်ရေအဝီစိတွင်းကို တူးဖော်ပေးကြောင်း သိရသည်။

ပုလဲမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးပုဇဂမ့်က "ဌာနအနေနဲ့စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားလောင်စာများတိုးမြှင့်သုံးစွဲရေးဆောင်ရွက်ခြင်းနဲ့ရေရရှိရေးအကောင်အထည်ဖော်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကျေးလက်ရေရရှိရေး အစီအစဉ်နဲ့ခွင့်ပြုရန်ပုံငွေကျပ် ၂၀ သိန်းနဲ့ ဇောင်ဂျမ်းကုန်းကျေးရွာမှာ အနက်ပေ ၃၇၀ ရှိတဲ့ မြေအောက်ရေအဝီစိတွင်းကို တူးဖော်ပေးခဲ့သလို အလျား ၆ပေ၊ အနံ ၅ ပေ၊ အမြင့် ၆ ပေရှိတဲ့ အုတ်ရေကန် တစ်လုံးနဲ့ အလျား ၉ ပေ၊ အနံ ၉ ပေ၊ အမြင့် ၁၂ ပေရှိတဲ့ ရေစက်ရုံကိုလည်း မေလကုန်မှာ တည်ဆောက် ပေးခဲ့ပြီးဖြစ်ပါတယ်" ဟု ပြောကြားသည်။

ပုလဲမြို့နယ် ဇောင်ဂျမ်းကုန်းကျေးရွာသည် ယခင်နှစ်များက သောက်သုံးရေလုံ လောက်မှုမရှိခဲ့သော်လည်း ယခုအခါ မြေအောက်ရေအဝီစိတွင်း တူးဖော်ပေးခဲ့ရာ တစ်နာရီလျှင် ရေထွက်နှုန်း ၃၆၀ ဂါလန်ရရှိသဖြင့် သောက်သုံးရေကို လုံလောက်စွာ ရရှိခဲ့သောကြောင့် ကျေးရွာနေပြည်သူများက ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# ပုန်းဟုန်ရွာရေဘေးသင့်ပြောင်းရွှေ့အိမ်ခြေများ လျှပ်စစ်ဓာတ်အား ပုံမှန်သုံးစွဲလျက်ရှိ

**မော်လူး ဇူလိုင် ၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ ပုန်းဟုန်ကျေးရွာတွင် ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၈ ရက်က ရေကြီးရေလျှံမှုဖြစ်ခဲ့သဖြင့် ပုန်းဟုန်ချောင်းကမ်းဘေးနေ အိမ်ခြေ ၄၆ အိမ် ရေဘေးသင့်ခဲ့သည်။ ထိုရေဘေးသင့်အိမ်များသည် ရေလမ်းကြောင်းထိပ်တိုက်ကျသည့်နေရာတွင် ဆက်လက်မနေဝံ့တော့သဖြင့် ပုန်းဟုန်ရွာ အရှေ့မြောက်ဘက် မြေလွတ်လွင်ပြင်များသို့ ရွှေ့ပြောင်းခဲ့ကြသည်ဟု သိရသည်။

ထိုရေဘေးသင့်အိမ်ခြေ ၄၆ အိမ်အနက် ပြောင်းရွှေ့ပြီး အိမ်ခြေ ၃၀ ခန့်ရှိကြောင်း၊ အဆိုပါအိမ်များ ၂၄ နာရီပြည့် မီးလင်းနိုင်ရေးကိုရည်ရွယ်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မော်လူးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးမောင်မောင်ငြိမ်းကြီးကြပ်၍ လျှပ်စစ်ဝန်ထမ်းများက ဗို့ ၄၀၀ ဓာတ်အားလိုင်းကို ပုန်းဟုန်မီးလင်းရေးကော်မတီ၏ ကွန်ကရစ်မီးတိုင် ၁၅ တိုင် အပါအဝင် လျှပ်စစ်ဌာနမှ လိုအပ်သောသစ်သားတိုင်များ၊ ACSR ကြိုးများ၊ ဆက်စပ်ပစ္စည်းများကို အသုံးပြုကာ အခကြေးငွေမယူဘဲ လုပ်အားစိုက်ကူညီပံ့ပိုးပေးခဲ့သဖြင့် ရေဘေးသင့် ပြောင်းရွှေ့အိမ်ခြေ ၃၀ ခန့် လျှပ်စစ်ဓာတ်အားများ သုံးစွဲလျက်ရှိပြီဖြစ်ကြောင်း သိရသည်။

**ညိုမင်းထက်(မြန်မာစာ)**

# ဟိုပုံးမြို့၌ အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲကျင်းပ

**ဟိုပုံး ဇူလိုင် ၄**

ကျန်းမာရေး ဝန်ကြီးဌာနနှင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်သုံးမျိုး ရန်ပုံငွေ (3MDG) အဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲကို ဇွန်လစတုတ္ထပတ်က မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မင်းကိုနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်သိန်းတို့က အမှာစကားပြောကြားသည်။

ထို့နောက်သင်တန်းတွင် ထူးချွန်သူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




ဆက်လက်၍ အရန်သားဖွားသင်တန်းဆင်းလက်မှတ်နှင့် Kit ပုံများကို မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်နန်းထားထားဆွေနှင့် တာဝန်ရှိသူတို့က ပေးအပ်ရာ ကျေးရွာ ၂၃ ရွာမှ သင်တန်းသူများက လက်ခံကြပြီး သင်တန်းကာလမှာ ခြောက်လကြာ သင်တန်းဖြစ်ကြောင်း သိရသည်။

**နန်းဦးခမ်း(ဟိုပုံး)**

# ကွန်ကာကာ့ဖ်ရွှေဖလား အုပ်စုပွဲစဉ်တွေလာပြီ

*၂၀၁၅ ကွန်ကာကာ့ဖ်ရွှေဖလား ဘောလုံးပြိုင်ပွဲရဲ့ အုပ်စုပွဲစဉ်တွေကို ဇူလိုင် ၇ ရက်မှာ စတင်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဇူလိုင် ၇ ရက်မှာ အုပ်စု(A)က ပနားမားနဲ့ ဟောတီ၊ အမေရိကန်နဲ့ ဟွန်ဒူးရပ်စ်တို့ ကစားကြမှာဖြစ်ပြီး ဇူလိုင် ၈ ရက်မှာတော့ အုပ်စု(B)က ကော်စတာရီကာနဲ့ ဂျမေကာ၊ အယ်လ်ဆာဗေဒိုနဲ့ ကနေဒါတို့ ဆင်နွှဲကြမှာဖြစ်ပါတယ်။*



**ပနားမားနှင့် ဟောတီ**

ပနားမားအသင်းဟာ အခုလို နောက်ဆုံးဗိုလ်လုပွဲစဉ်တွေအထိ ခုနစ်ကြိမ်တက်ရောက်နိုင်ခဲ့သလို ဟောတီတို့ကလည်း ခြောက်ကြိမ်တက်ရောက်ခဲ့ဖူးပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်ရွှေဖလားပြိုင်ပွဲမှာ အမေရိကန်ကို ရှုံးပြီး ဒုတိယနဲ့ကျေနပ်ခဲ့ရတဲ့ ပနားမားအသင်းဟာ အခုနှစ်မှာတော့ ဖလားရယူရေးပြင်ဆင်ထားပြီး ပွဲတိုင်းခြေကုန်ထုတ်ပါလိမ့်မယ်။ ပနားမားရဲ့ နောက်ဆုံးငါးပွဲကစားခဲ့တဲ့ရလဒ်ကို ကြည့်ရင် ကော်စတာရီကာနဲ့ ထရီနီဒက်အသင်းတွေကို အနိုင်ကစားပြီး အီကွေဒေါကို သရေပွဲဖြစ်ကာ အမေရိကန်ကို ရှုံးထားပါတယ်။ အီကွေဒေါကို ဒုတိယပွဲမှာတော့ ရှုံးထားတာမို့ လက်ရှိခြေစွမ်းက အတက်အကျရှိနေပါတယ်။ ပနားမားတိုက်စစ်မှူးတွေ ဖြစ်တဲ့ ဂါဘရီတောရစ်၊ ရော်လန်ဒို၊ တီဂျာဒါတို့က ဂိုးသွင်းနိုင်တဲ့သူတွေဖြစ်ပါတယ်။ ဟောတီတို့ကတော့ ၁၉၇၃ ခုနှစ်မှာ ရွှေဖလားရယူနိုင်ခဲ့ပြီးနောက်ပိုင်း ခြေစွမ်းကျဆင်းခဲ့ပြီး အုပ်စုအဆင့်က ထွက်ခဲ့ရတာများပါတယ်။ နောက်ဆုံး ကစားခဲ့တဲ့နှစ်ပွဲမှာ ကျူးဘားနဲ့ တရုတ်အသင်းတွေကို တစ်ပွဲနိုင်၊ တစ်ပွဲ သရေကစားထားနိုင်ခဲ့တာမို့ လက်ရှိခြေစွမ်းအရ ပနားမားကို အနိုင်ရဖို့ မလွယ်ပါဘူး။ ပနားမားတို့ နိုင်ပွဲရပါလိမ့်မယ်။

**အမေရိကန်နှင့် ဟွန်ဒူးရပ်စ်**

လက်ရှိချန်ပီယံ အမေရိကန်အသင်းဟာ အုပ်စု(A)မှာတော့ အုပ်စုဗိုလ်နဲ့ နောက်တစ်ဆင့်တက်ဖို့ ရေပန်းစားနေပါတယ်။ ၁၉၉၁၊ ၂၀၀၂၊ ၂၀၀၅၊ ၂၀၀၇၊ ၂၀၁၃ ခုနှစ်တွေမှာ ကွန်ကာကာ့ဖ်ရွှေဖလား ရယူထားတဲ့သမိုင်းကြောင်းရှိထားတဲ့အပြင် ကွင်းလယ်ကစားသမား ဖက်ဒစ်ကီရပ်၊ တိုက်စစ်မှူး ဒမ့်ပဆေး၊ အယ်တီဒိုရီ၊ ဝမ်ဒိုလောစကီတို့က ထက်မြက်တဲ့တိုက်စစ်ကို ဖော်ဆောင်နိုင်သူတွေဖြစ်ပါတယ်။ ဂျာမနီ၊ မက္ကဆီကိုအသင်းတွေကို အနိုင်ကစားထားတဲ့ အမေရိကန်ရဲ့ ခြေစွမ်းက ဟွန်ဒူးရပ်စ်ကို အခက်တွေ့စေမှာ အမှန်ပါပဲ။ ဟွန်ဒူးရပ်စ်ရဲ့ လက်ရှိခြေစွမ်းက နောက်ဆုံးငါးပွဲကစားထားတဲ့ရလဒ်ကို ကြည့်ရင် ပွဲတိုင်းရှုံးထားတာမို့ အခုပွဲမှာ ဂိုးမပြတ်အောင်ကလွဲပြီး အမှတ်ရဖို့ မလွယ်တဲ့ အနေအထားပါပဲ။

**ကော်စတာရီကာနဲ့ ဂျမေကာ**

ကော်စတာရီကာ အသင်းဟာ ၁၉၆၃၊ ၁၉၆၉၊ ၁၉၈၉ ခုနှစ်ပြိုင်ပွဲတွေမှာ ချန်ပီယံဖြစ်ခဲ့ဖူးတာမို့ အစဉ်အလာရှိတဲ့အသင်း ဖြစ်ပါတယ်။ ကော်စတာရီကာရဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် သုံးပွဲရှုံး၊ နှစ်ပွဲသရေဖြစ်ထားတာမို့ ဒီပွဲမှာ အမာခံကစားသမားတွေဖြစ်တဲ့ ဘော်ဂယ်စ်၊ ကူဘီရို၊ ဗီနီဂတ်စ်၊ ဘရန်ရှဒ်၊ ဂျိုးလ်ကမ်ဘဲလ်တို့ ပါဝင်ကစားရင်တော့ နိုင်ပွဲရယူနိုင်ပါတယ်။ တိုက်စစ်မှာ ဆာဘိုရီရိုလို အတွေ့အကြုံရှိတဲ့သူတွေနဲ့ ဖွဲ့စည်းထားတဲ့အတွက် ဂျမေကာတို့ ခံစစ်ကြောင်း လုံခြုံအောင် ထိန်းသိမ်းရပါလိမ့်မယ်။ ဂျမေကာတို့ကတော့ အုပ်စု(B)မှာ အင်အားအနည်းဆုံးအသင်းဖြစ်ပြီး နောက်ဆုံးသုံးပွဲကစားခဲ့ရာမှာ ပွဲတိုင်းရှုံးထားပါတယ်။ ဒါပေမယ့် အသက် ၂၂ နှစ်သာရှိသေးတဲ့ တိုက်စစ်မှူး ဒါရင်မက်တော့စ်က ဂိုးသွင်းကောင်းသူဖြစ်တာမို့ ကော်စတာရီကာတို့ သတိထားရပါလိမ့်မယ်။ ကော်စတာရီကာတို့ ဖိဖိစီးစီးကစားရင် အမှတ်ပြည့်ရယူနိုင်မယ့်ပွဲ ဖြစ်ပါတယ်။

**အယ်ဆာဗေဒိုနှင့် ကနေဒါ**

၁၉၈၅ နဲ့ ၂၀၀၀ ပြည့်နှစ်တွေက ချန်ပီယံဖြစ်ခဲ့ဖူးတဲ့ ကနေဒါအသင်းနဲ့ ၂၀၀၂၊ ၂၀၀၃၊ ၂၀၁၁ နဲ့ ၂၀၁၃ ခုနှစ်တွေမှာ ကွာတားဖိုင်နယ်အထိ တက်ရောက်ခဲ့ဖူးတဲ့ အယ်လ်ဆာဗေဒိုတို့ရဲ့ပွဲကတော့ အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်ကြမယ့်ပွဲပါပဲ။ အယ်လ်ဆာဗေဒိုအသင်းရဲ့ လောလောဆယ် နောက်ဆုံးငါးပွဲကစားခဲ့တဲ့ ရလဒ်ကိုကြည့်ရင် တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံးထားတာမို့ ခြေစွမ်းပိုင်းကတော့ အားရစရာမရှိပါဘူး။ အယ်လ်ဆာဗေဒိုတိုက်စစ်မှာ ရာဖေးလ်ဘာရို့စ်၊ နယ်ဆင်ဘိုနီယာနဲ့ ဟာရီရာတို့က လျင်လျင်မြန်မြန်နဲ့ ထိုးဖောက်ဂိုးသွင်းနိုင်သူတွေဖြစ်ပါတယ်။ ကနေဒါတို့က နောက်ဆုံးလေးပွဲကစားခဲ့ရာမှာ နိုင်ပွဲတွေချည်းရရှိထားတာမို့ အောင်ပွဲခံစိတ်ဓာတ် ဆူဝေနေပါတယ်။ ကနေဒါတိုက်စစ်မှာ အသက် ၂၇ နှစ်အရွယ်ရှိ ရစ်ကက်စ်နဲ့ အသက် ၂၈ နှစ်အရွယ် ဂျက်ဆင်တို့က ဂိုးရအောင် စွမ်းဆောင်နိုင်သူတွေဖြစ်တာမို့ အယ်လ်ဆာဗေဒို ခံစစ်မှူးတွေ သတိထားရမယ့် အနေအထားရှိပါတယ်။ လက်ရှိခြေစွမ်းအရ ရှေ့လယ်၊ နောက် ဟန်ချက်ညီနေတဲ့ ကနေဒါတို့ပဲ နိုင်ပွဲရသွားဖို့ အခွင့်အရေးများနေပါတယ်။ ။

**မိုးမြင့်လင်းလက်**

---

## မန်ယူကို ကျောခိုင်းတော့မယ့် နာနီ

မန်ယူတောင်ပံတိုက်စစ်မှူး နာနီဟာ မန်ယူအသင်းနဲ့အတူ အောင်မြင်ခဲ့တဲ့ ကစားသမားတစ်ဦးပါ။ သို့ပေမယ့် မန်ယူကို ကျောခိုင်းတော့မှာပါ။ တူရကီကလပ် ဖီနာဖာချီက သူ့ကို ပေါင် ၄ ဒသမ ၂၅ သန်းနဲ့ ခေါ်ယူလိုက်ပါပြီ။ မကြာမီ တူရကီကို ဆေးစစ်မှုခံယူဖို့ အိုးထရက်ဖို့ဒ်မှ ထွက်ခွာရတော့မှာပါ။ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ နာနီဟာ ပေါ်တူဂီလက်ရွေးစင်ကစားသမားဖြစ်ပြီး ၂၀၀၇ ခုနှစ်က စပို့တင်းလစ္စဘွန်းမှ မန်ယူကို ပြောင်းလာခဲ့တာဖြစ်ပါတယ်။ နာနီဟာ မန်ယူမှာ ကစားနေစဉ်အတွင်း ပရီမီယာလိဂ်ဖလားလေးလုံးနဲ့ ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့ပါတယ်။ နာနီကို ပြီးခဲ့တဲ့နှစ်က ဖီနာဖာချီကို အငှားချထားခဲ့ရာမှာ ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့တယ်လို့ ဆိုပါတယ်။ နာနီကို မန်ယူက ၂၀၁၃ ခုနှစ် စက်တင်ဘာလမှာ ငါးနှစ်စာချုပ်ချုပ်ဆိုထားတာဖြစ်ပါတယ်။ နည်းပြ ဗန်ဟားလ်ရဲ့ လက်ထက်မှာ အငှားချထားခဲ့ရတဲ့ နာနီဟာ အိုးထရက်ဖို့ဒ်ကို ကျောခိုင်းသွားခဲ့ပြီဖြစ်ပါတယ်။




## ဝင်ဘယ်ဒန်ရွှေရောင်နေ့ရက်တွေ ကုန်ဆုံးပြီဆိုတဲ့ နာဒယ်



ရာဖေးလ်နာဒယ်ဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲမှာ အောင်မြင်ခဲ့တဲ့ ကမ္ဘာ့ကျော်တင်းနစ်ကစားသမားတစ်ဦးပါ။ သို့ပေမယ့် ယခုနှစ် ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲမှာတော့ ဂျာမန်တင်းနစ်ကစားသမား ဒတ်စတင်ဘရောင်းကို ရှုံးနိမ့်ပြီးနောက် ဝင်ဘယ်ဒန်ရွှေရောင်နေ့ရက်တွေ ကုန်ဆုံးသွားခဲ့ပြီလို့ ရာဖေးလ်နာဒယ်က ပြောဆိုလိုက်ပါတယ်။ အနာဂတ်မှာ ဝင်ဘယ်ဒန်ဖလားပြိုင်ပွဲအနိုင်ရဖို့ သံသယတွေဖြစ်မိတယ်လို့ သူကဆိုပါတယ်။ ဂရင်းဆလမ်ဖလား ၁၄ လုံး ဆွတ်ခူးနိုင်ခဲ့တဲ့ ရာဖေးလ်နာဒယ်ဟာ ယခုအခါမှာတော့ ကမ္ဘာ့နံပါတ်(၁၀) သို့ ရောက်ရှိသွားပါပြီ။ အသက် ၂၉ နှစ်အရွယ်ရှိတဲ့ တင်းနစ်အကျော် ရာဖေးလ်နာဒယ်ဟာ လွန်ခဲ့တဲ့ လေးပွဲကစားရာမှာ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အဆင့်(၁၀၀) အပြင်ဘက်က ကစားသမားတွေကို ရှုံးနိမ့်ခဲ့ရပါတယ်လို့ ဆိုပါတယ်။ ရာဖေးလ်နာဒယ်ရဲ့ တင်းနစ်ကစားစွမ်းရည်ဟာ သိသိသာသာ ကျဆင်းသွားတဲ့အနေအထားပါ။ ကျွန်တော်ဟာ ၂၀၀၈၊ ၂၀၁၀ ခုနှစ်တုန်းက အနေအထားကို ပြန်မရနိုင်တော့ဘူးလို့ ဝင်ဘယ်ဒန်နှစ်ကြိမ်ရ ရာဖေးလ်နာဒယ်က ဆိုပါတယ်။ သူဟာ ယခုနှစ် ဩစတြေးလျနဲ့ ပြင်သစ်အိုးပင်းမှာလည်း ကွာတားဖိုင်နယ် အဆင့်အထိသာ တက်နိုင်ခဲ့ပါတယ်။

## ဘိုင်ယန်မြူးနစ်မှာသာနေလိုတဲ့ ရှဝိန့်စတိန်ဂါ



မန်ယူကခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် ဘိုင်ယန်မြူးနစ်မှာသာ ဆက်လက်ကစားလိုတယ်လို့ ကွင်းလယ်ကစားသမား ရှဝိန့်စတိန်ဂါက ဆိုပါတယ်။ သူ့အနေနဲ့ ဘိုင်ယန်မြူးနစ်မှာသာနေဖို့ ဆုံးဖြတ်လိမ့်မယ်လို့ နည်းပြ ဂွာဒီယိုလာက ဆိုပါတယ်။ အသက် ၃၀ အရွယ်ရှိတဲ့ ရှဝိန့်စတိန်ဂါကို မန်ယူနည်းပြ ဗန်ဟားလ်က ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ ရှဝိန့်စတိန်ဂါက ဒီမှာပဲ နေလိုပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းနဲ့ပဲ အန်ဝင်ခွင်ကျရှိပါတယ်လို့ ဂွာဒီယိုလာက ဆိုပါတယ်။ ရှဝိန့်စတိန်ဂါဟာ ဘိုင်ယန်မြူးနစ် အသင်းနဲ့အတူ ၁၃ နှစ်ကြာ ကစားခဲ့တဲ့ ကွင်းလယ်ကစားသမား ဖြစ်ပါတယ်။ ဘိုင်ယန်မြူးနစ် အသင်းနဲ့အတူ ဘွန်ဒက်စ်လီဂါဖလားရှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# ရေးမြို့ မြို့ပေါ်ရပ်ကွက်များ နှစ်စဉ် မိုးရာသီတွင် ရေကြီးနစ်မြုပ်မှုမှကင်းဝေး



**ရေး ဇူလိုင် ၄**

ယခုနှစ်မိုးသည်းထန်စွာရွာသွန်းနေသော်လည်း ရေးမြို့ မြို့ပေါ် ရပ်ကွက်များ ရေကြီးနစ်မြုပ်ဒဏ်မှ ကင်းလွတ်သွားနိုင်ကြ၍ ဒေသခံများက ဝမ်းမြောက်လျက်ရှိကြောင်းသိရသည်။

အဆိုပါ ရေကြီးနစ်မြုပ်ဒဏ်မှ လွတ်ကင်းအောင် မြစ်ချောင်းများအား ရေစီးရေလာကောင်းမွန်စေရေး မြို့ပေါ်ရပ်ကွက်ရှိ တိမ်ကောလျက်ရှိသော ကျုံသိုက်ချောင်းကြီး ပြန်လည်တူးဖော်နိုင်ရန် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၅၆ သိန်းဖြင့် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူကာ စက်ယန္တရားကြီးများဖြင့် ပြန်လည်တူးဖော်နိုင်ခဲ့သည်။

အဆိုပါရေးမြစ်အတွင်းမှ ချောင်းတောင်ကျေးရွာ တောင်ဘက်ကမ်းအထိ အရှည်ပေ ၇၂၀ အနက် ၁၅ ပေ မျက်နှာပြင်အကျယ် ပေ ၆၀ နှင့် အောက်ပိုင်း အကျယ် ပေ ၃၀ ရှိ မြစ်ရေလွှဲတူးမြောင်းကို ပြည်နယ်ရေအရင်းအမြစ် ဖွံ့ဖြိုးရေးဦးစီးဌာနက ခွင့်ပြုရန်ပုံငွေကျပ် ၅၉၆ သိန်းဖြင့် တူးဖော်ပေးနိုင်ခဲ့သည်။

အဆိုပါ ရေလွှဲတူးမြောင်းကို ဒေသခံများအလွယ်တကူ အချိန်အခါမရွေး ဖြတ်သန်းသွားလာနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၇၄ သန်းကျော်ဖြင့်အရှည်ပေ ၁၃၀ ရှိရေလွှဲသံကူကွန်ကရစ်တံတားတစ်စင်းကို တည်ဆောက်ပေးခဲ့ခြင်းကြောင့် ယနေ့လက်ရှိ အချိန်မိုးရာသီတွင် ဒေသအတွင်း မိုးသည်းထန်စွာရွာသွန်းနေသော်လည်း မြစ်ချောင်းများမှာမူ မြစ်ရေလျှံခြင်း၊ ရေကြီးနစ်မြုပ်ခြင်း မရှိသည့်အတွက် ဒေသခံအများအပြားမှာ နှစ်စဉ်ရင်ဆိုင်ကြုံတွေ့နေရသည့် ရေကြီးနစ်မြုပ်မှုဒဏ်မှ ကင်းလွတ်သွားခဲ့ပြီဖြစ်သည်။ **နေမျိုးထွန်း(ရေး)**

## ကျေးရွာမြေများတွင် မြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၄**

ကြာအင်းဆိပ်ကြီးမြို့နယ် ကြာအင်းရွှေဒိုးကျေးရွာအုပ်စု ရွှေဒိုးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ရွှေဒိုးကျေးရွာပြည်သူများကို ကျေးလက်နေပြည်သူများ ပိုင်ဆိုင်နေထိုင်သည့် အိမ်ခြံမြေကွက်များကို မြေငှားဂရန်ထုတ်ပေးနိုင်ရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့်အဖွဲ့သည် ဇူလိုင် ၁ ရက်က တရားဝင်အထောက်အထားမြေငှားဂရန် ထုတ်ပေးနိုင်ရန် နယ်မြေကွင်းဆင်းဆောင်ရွက်မည့် အခြေအနေကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးမင်းဦး**

## ဝဏ္ဏကျော်ထင် သီရိပျံချီစာရေးဆရာကြီးဇေယျ(ဦးယော) ၁၁၅ နှစ်ပြည့် မွေးနေ့ဂုဏ်ပြုအထိမ်းအမှတ် စည်ကားစွာကျင်းပ

**ဇီးကုန်း ဇူလိုင် ၄**

ဇီးကုန်းဇာတိဖွား ဝဏ္ဏကျော်ထင် သီရိပျံချီ စာရေးဆရာကြီး ဇေယျ(ဦးယော)၏ (၁၁၅)နှစ်ပြည့် မွေးနေ့ဂုဏ်ပြုအထိမ်းအမှတ်အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ ဘိုးဘွားရိပ်သာ မင်္ဂလာခန်းမ၌ ဇီးကုန်းမြို့နယ်စာရေးဆရာအသင်းမှ ဦးဆောင်၍ ဇူလိုင် ၁ ရက် နံနက် ၉ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း၊ မြို့နယ်ဂီတအစည်းအရုံး၊ ဆရာကြီးအား ဂုဏ်ပြုထုတ်ဝေခဲ့သော ဇေယျတံခွန်မဂ္ဂဇင်း၌ ပါဝင်ရေးသားခဲ့ကြသော ကလောင်ရှင်များက ဆရာကြီး ဇေယျနှင့်ပတ်သက်သော အမှတ်တရဂုဏ်ပြုစကားများ ပြောကြားခဲ့သည်။ ယင်းနောက် တက်ရောက်လာသူများထဲမှ ဦးမြဝင်း၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)-မြဝင်း (ဒဿန) က ဆရာကြီးဇေယျ၏ ဘဝနှင့် ရသစာပေအကြောင်း ဟောပြောပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ရန်ကုန်မြို့ ပါမောက္ခ ဒေါ်တင်တင်ထွန်း ဒဿနိက ဗေဒဌာန(ငြိမ်း)နှင့် ဆရာကြီး ဇေယျ၏သမီး ဒေါ်မြမြအေးတို့က ဇီးကုန်းမြို့ မြန်မာ့မျက်ပွင့် E-Library စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ အုပ် ၉၀ နှင့် ငွေကျပ် တစ်သိန်းခွဲတို့ကို လှူဒါန်းခဲ့သည်။

ဆရာကြီး ဦးဇေယျသည် ဝတ္ထု၊ ပြဇာတ်၊ ကဗျာ၊ ဆောင်းပါး ပုဒ်ရေ ၂၀၀၀ ကျော်ရေးသားခဲ့ပြီး မြန်မာနိုင်ငံ စာဆိုတော်နေ့ စတင်ဖြစ်ပေါ်လာရေးအတွက်လည်းကောင်း၊ မြန်မာ့လွတ်လပ်ရေးကျောက်တိုင်၌ သမိုင်းကမ္ပည်းမော်ကွန်းတွင်စေမည့် သမိုင်းဝင်ကမ္ပည်းမော်ကွန်းကျောက်စာရေးထိုးရာတွင် အဓိက အခန်းကဏ္ဍ၌ ဦးဆောင်ပါဝင်ခဲ့သည်။

ဇူလိုင် ၁ ရက်က ကျရောက်သော ဆရာကြီး၏ (၁၁၅)နှစ် ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် သံဃာတော်များအား ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်း၊ ကဗျာနှင့်ရတုပိုဒ်စုံများ ဖတ်ကြားခြင်း၊ ဆရာကြီးအတွက် ဂုဏ်ပြု တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အမှတ်တရလက်ကမ်းစာစောင်များ၊ ဘောလ်ပင်များ၊ စာအုပ်များ ဝေငှလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

# ကျန်းမာရေးအာမခံစနစ် တာချီလိတ်ခရိုင်အတွင်း စတင်ဆောင်ရွက်

**တာချီလိတ် ဇူလိုင် ၄**

မြန်မာ့အာမခံလုပ်ငန်းသည် ပြည်သူများကျန်းမာရေးအာမခံထားရှိခြင်းဖြင့် ဆေးကုသမှုကုန်ကျစရိတ်ကို အတိုင်းအတာတစ်ရပ်အထိ သက်သာစေရေးကို ရည်ရွယ်လျက် ကျန်းမာရေးအာမခံစနစ်ကို မြန်မာနိုင်ငံတစ်နံတစ်လျားတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါကျန်းမာရေးအာမခံစနစ်အား တာချီလိတ်ခရိုင်အတွင်း ဇူလိုင် ၁ ရက်မှ စတင်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ကျန်းမာရေးအာမခံစနစ်ကို မြန်မာနိုင်ငံသားတွေသာမက မြန်မာနိုင်ငံအတွင်း နေထိုင်ခွင့်ရှိသူတွေ အကြောင်းအမျိုးမျိုးနဲ့ မြန်မာနိုင်ငံကို လာရောက်ကြတဲ့ နိုင်ငံခြားသားတွေပါ အာမခံထားရှိလို့ရပါတယ်။ အသက်အရွယ်အားဖြင့် ခြောက်နှစ်မှ (၆၅) နှစ်အတွင်းထားရှိလို့ရပြီး ခြောက်နှစ်မှ (၁၈) နှစ်အတွင်း ကလေးသူငယ်အရွယ်တွေကိုတော့ မိဘအုပ်ထိန်းသူက ထားရှိပေးရမှာ ဖြစ်ပါတယ်။ ဒီလိုအာမခံထားရှိခြင်းဖြင့် ဆေးရုံတက်ဆေးကုရခြင်းကြောင့် ကုန်ကျမယ့်ဆေးကုသစရိတ်ကို အထိုက်အလျောက် အကာအကွယ်ရရှိပါမယ်။ အာမခံထားရှိလိုသူဟာ ဘဏ္ဍာရေးနှစ်တစ်နှစ်စာ ငါးယူနစ်အထိ ဝယ်ယူလို့ရပါတယ်။

"တစ်ယူနစ်ကို ငွေကျပ်ငါးသောင်းကျသင့်ပြီး အကယ်၍အာမခံသက်တမ်းအတွင်း ဆေးရုံတက်ရောက်ကုသပါက တစ်ရက်ကို ငွေကျပ် တစ်သောင်းခွဲ ခံစားခွင့်ရရှိမှာဖြစ်ပါတယ်။ ဒီလိုဆေးရုံတက်ရောက်မှုအတွက် ဆေးရုံတက်ရက်အများဆုံးရက် ၃၀ ထိ ခံစားခွင့်ရှိပါတယ်၊ အလားတူ အာမခံကာလအတွင်း မတော်တဆ ထိခိုက်မှုကြောင့် သေဆုံးခဲ့ရင်လည်း အာမခံတစ်ယူနစ်ကို




ငွေကျပ် ၁၀ သိန်း ခံစားခွင့်ရရှိမှာဖြစ်ပါတယ်"ဟု တာချီလိတ်ခရိုင် မြန်မာ့အာမခံလုပ်ငန်းတာဝန်ခံ ဦးအောင်ဟိန်းကျော်က ရှင်းပြသည်။

မြန်မာ့အာမခံလုပ်ငန်းမှ တာချီလိတ်ခရိုင်အတွင်း ဇူလိုင် ၁ ရက်မှ စတင်ကာ ဆောင်ရွက်နေပြီဖြစ်သည့် ကျန်းမာရေး အာမခံစီမံချက်နှင့်ပတ်သက်ပြီး သိရှိလိုပါက မြန်မာ့အာမခံလုပ်ငန်း (တာချီလိတ်ခရိုင်ရုံး) ဆေခမ်းရပ်ကွက် တာချီလိတ်မြို့(ရုံးခန်း) ဖုန်း -၀၈၄-၅၁၈၅၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်နှင့်အခမ်းအနားကျင်းပ

**တန့်ယန်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပခဲ့သော အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မင်းလွင်ဦး**

**ဘားအံ**

မြန်မာအမျိုးသမီးများနေ့ကို ဇူလိုင် ၃ ရက်က ကရင်ပြည်နယ် ဘားအံမြို့ဇွဲကပင်ခန်းမ၌ကျင်းပသည်။ ရှေးဦးစွာ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ခင်မော်က အမှာစကားပြောကြားသည်။ ထို့နောက်ကရင်ပြည်နယ်ရှိ ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ရာ နာယကနှင့် ပြည်နယ်အမျိုးရေးရာအဖွဲ့ဝင်များက ချီးမြှင့်ပေးကြပြီး ဘားအံပြည်သူ့ဆေးရုံကြီးတွင် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ဘားအံ)**

**ဟိုပင်**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဟိုပင်မြို့ သစ်တောဦးစီးဌာနမှ ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက အမက တကွင်းတောရကျောင်း၌ ကျင်းပရာ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ စုစုပေါင်း အပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**နမ့်ဆန်**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး(နတလ) ကျောင်း၌ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ထင်းရှူးပင် ၁၀၀၊ ရေသင်းဝင်ပင် ၁၀၀ နှင့် ချယ်ရီပင် ၁၀၀ စုစုပေါင်းသစ်ပင် ၃၀၀ ကို ဇူလိုင် ၃ ရက်နံနက် ၉ နာရီက အဆိုပါ(နတလ)ကျောင်း၏ မြေလွတ်ကွင်းပြင်နေရာ၌ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ရှာင်**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၃ ရက်က ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့ ရွာမရပ်ကွက်ရှိ ရွှေပွင့်လင်းဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။ အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ခါတော်မှီ၊ ယူကလစ်၊ ကျွန်းနှင့် ထင်းရှူးပင်ပေါင်း ၁၄၅၀ စိုက်ပျိုးခဲ့ပြီး ၂၀၁၅ ခုနှစ် မိုးရာသီတွင် ပျိုးပင်စုံ ၃၄၀၀၀ ကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ရွာငံ)**

**နေပြည်တော်**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇူလိုင်လ စတုတ္ထပတ်က "ရွှေလရောင်" ပရဟိတအသင်း(နေပြည်တော်) မှ အသင်းဥက္ကဋ္ဌ ဦးနေလင်းအောင်နှင့် အမှုဆောင် ဦးမင်းမင်းလတ်တို့ပါဝင်သော အသင်းဝင် ၃၅ ဦးက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ မစိုးရိမ်တိုက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း/အပြင်ကို ဇူလိုင်လစတုတ္ထပတ်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

**မုံရွာ**

ဖောင်းပြင်မြို့နယ် သစ်တောဦးစီးဌာနမှ မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၂ ရက် နံနက်က ဖောင်းပြင်မြို့နယ် အင်းဒေါင့်စွယ်သစ်ဆိပ်၊ သက္ကယ်ကျင်း-ဟုမ္မလင်း ဗျူဟာကားလမ်းဘေး၌ကျင်းပခဲ့ပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စုစုပေါင်း ၇၀၀ ကိုစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

**မလှိုင်**

မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက်က မလှိုင်မြို့ခရိုင်ချင်းဆက်လမ်းအမှတ်(၁)ဘေးရှိ ဆင်မကြပ်ဘုရား အနီးကုန်းမြေ၌ကျင်းပခဲ့သည်။ သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတို့က မန်းကျည်း၊ တမာ၊ ကုက္ကို၊ ယူကလစ်အပင် ၁၅၀ နှင့် ကျွန်းပင် ၅၀ တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

**သံတောင်ကြီး**

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက သံတောင်ကြီးမြို့နယ် ပျားစခန်းကျေးရွာ အမက သူဌေးကုန်း (သစ်)ကျောင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျွန်းပင် ၇၀၊ မဟော်ဂနီပင် ၄၀၊ ယူကလစ်ပင် ၅၀၊ သစ်မွှေးပင် ငါးပင်၊ အဘောဂပင် ၂၀၊ ကျောက်ပန်းပင် ၁၀ပင်၊ ကံကော်ပင် ၁၀ပင်၊ ယမနေပင် ၁၀ပင်၊ စိန်ပန်းကြီးပင် ၁၀ပင် စုစုပေါင်း ၂၂၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စောမင်းသား (ပြန်/ဆက်)**

# အသည်းရောင်အသားဝါ "စီ" ရောဂါပိုးသေဆေး စားဆေး DAA ဆေးတွေနဲ့ ထူးခြားတဲ့ရောဂါအခြေအနေရှိတဲ့ စီပိုးရောဂါသည်တွေကို ကုမယ်ဆိုရင်

ပါမောက္ခ ခင်မောင်ဝင်း (အသည်း)

DAA စီပိုးသေဆေး စားဆေးတွေ ပေါ်လာတဲ့အခါမှာ စီပိုးရှိတာအပြင် တခြားရောဂါတွေရှိနေတဲ့ ထူးခြားတဲ့ ရောဂါအခြေအနေရှိသူတွေကို စီပိုး သေအောင် ကုတာမှာ ကုသမှုနည်းစနစ်တွေ ပြောင်းကုန်ပါတယ်။ ဘယ်လိုပြောင်းလဲမှုတွေ ဖြစ်ကုန်လဲဆိုတော့

(က) စီပိုးရောဂါရှိပြီး ထူးခြားတဲ့ ရောဂါအခြေအနေတွေရှိလို့ အရင်က စီပိုးသေဆေးနဲ့ သုံးပြီး ကုလို့မရတဲ့သူတွေကို DAA စီပိုးသေဆေးအသစ်တွေပေါ်လာတဲ့အခါမှာ ကုလို့ရနေပါပြီ။

(ခ) ထူးခြားတဲ့ ရောဂါအခြေအနေရှိတဲ့ လူတွေကို DAA စီပိုးသေဆေးနဲ့ ကုတဲ့အခါမှာ စီပိုးပျောက်တဲ့နှုန်းတွေ အတော်ကို တိုးတက်ကောင်းမွန်လာပါတယ်။ စီပိုးပျောက်နှုန်းဟာ ၈၀ ရာခိုင်နှုန်းအထက် ပျောက်တဲ့အခြေအနေအထိ ရောက်နေပါပြီ။

အဲဒီလို စီပိုးရှိတာအပြင် ထူးခြားတဲ့ရောဂါ အခြေအနေရှိတဲ့သူတွေဟာ ဘယ်လိုရောဂါအခြေအနေတွေလဲဆိုတာကို ပထမဆုံး ပြောပြချင်ပါတယ်။

၁။ အရင်တုန်းက စီပိုးကုပြီး မပျောက်တဲ့သူတွေ
၂။ အသည်းခြောက်နေတဲ့ သူတွေ
၃။ အသည်းရောင်အသားဝါ ဘီပိုးနဲ့ စီပိုး တွဲရှိတာ
၄။ အသည်းရောင်အသားဝါ စီပိုးနဲ့ HIV ပိုး တွဲရှိတာ
၅။ အသည်းအစားမထိုးခင်
၆။ အသည်းအစားထိုးပြီးနောက်
၇။ ကျောက်ကပ်ပျက်နေတဲ့သူတွေ

အဲလို စီပိုးရှိတာအပြင် ထူးခြားတဲ့ ရောဂါအခြေအနေရှိသူတွေကို စီပိုးသေအောင် ကုတာဟာ ရိုးရိုးစီပိုးရှိတဲ့လူမှာ ကုတာနဲ့ ဘယ်လိုကွာခြား ထူးခြားချက်တွေရှိတယ်ဆိုတာ ပြောပြချင်ပါတယ်။ အခုပြောမယ့် ကုသမှုလမ်းစဉ်တွေကတော့ ယနေ့လက်ရှိအခြေအနေ မြန်မာပြည်မှာ DAA တစ်မျိုးဖြစ်တဲ့ Sofosbuvir ဆိုဖော့စ်ဘူဗီယာတစ်မျိုးတည်းရှိနေသေးတဲ့ အခြေအနေမှာ ကုသရမယ့် နည်းစနစ်တွေပါ။

### ၁။ အရင်တုန်းက စီပိုးကုပြီး မပျောက်တဲ့သူတွေ

စီပိုးကို ပက်ခ် PEG IFN ထိုးဆေးနဲ့ ရိုင်ဘာဗရင်း သောက်ဆေးတွဲကုပြီး စီပိုးမပျောက်တဲ့သူတွေ ရှိပါတယ်။ အဲဒီလူတွေကို စီပိုးသေအောင် ပြန်ကုတဲ့အခါမှာ ဒီပက်ခ် PEG IFN ထိုးဆေးနဲ့ ရိုင်ဘာဗရင်းစားဆေးကိုပဲ ပြန်သုံးပြီးကုလေ့ရှိပါတယ်။ အဲလို ပက်ခ်ထိုးဆေးနဲ့ မပျောက်တဲ့သူတွေကို ပက်ခ်ထိုးဆေးနဲ့ပဲ ပြန်ကုတဲ့အခါမှာ စီပိုးပျောက်တဲ့နှုန်းက ၂၀ ရာခိုင်နှုန်းလောက်ပဲရှိတာပါ။ ပြောရမယ်ဆိုရင် ပြန်ကုတာမှာ မပျောက်သလောက်ဘဲပေါ့။ အဲတော့ ဆိုလိုတာက စီပိုးသေဆေးထိုးပြီး မပျောက်တဲ့သူတွေကို ဘာနဲ့မှ ကုစရာမရှိဘဲနဲ့ ဒီအတိုင်းထိုင်ကြည့်နေယုံပဲပေါ့။

အခုအခါမှာတော့ DAA ပေါ်လာတော့ အဲဒီလို စီပိုးကို ထိုးဆေးနဲ့ကုပြီး မပျောက်တဲ့သူတွေအတွက် စီပိုးပျောက်ဖို့ မျှော်လင့်ချက်ရောင်ခြည် အပြည့်ပေါ်လာပါပြီ။ အဲလို စီပိုးသေဆေးထိုးဆေးနဲ့ ကုပြီး မပျောက်တဲ့ သူတွေကို စီပိုးသေဆေးအသစ် DAA တွေထဲက ဆိုဖော့စ်ဘူဗီယာ (Sofosbuvir) နဲ့ ကုမယ်ဆိုရင် ၈၆ ရာခိုင်နှုန်း (လူ ၁၀၀ ကုရင် ၈၆ ယောက်ပျောက်မယ်) ဆိုတဲ့ အခြေအနေတွေဖြစ်နေပါပြီ။

### စီပိုးကုပြီး မပျောက်တဲ့သူတွေကို DAA ဆေးအသစ်နဲ့ ဘယ်လိုကုမှာလဲ

လက်ရှိမြန်မာနိုင်ငံမှာ Sofosbuvir ဆေး တစ်ခုတည်းပဲရှိတဲ့အခြေအနေမှာ ဘယ်လိုဂျီနိုတိုက်မဆို စီပိုးသေဆေး ထိုးဆေးနဲ့ကုပြီး မပျောက်တဲ့သူတွေကို အောက်မှာ ရေးထားတဲ့အတိုင်း ကုရမှာပါ။

(က) PEG IFN ထိုးဆေးဒဏ်ခံနိုင်တဲ့သူတွေ
- PEG IFN ထိုးဆေး + ရိုင်ဘာဗရင်း စားဆေး + SOF စားဆေး = ၁၂ ပတ်

(ခ) PEG IFN ထိုးဆေးဒဏ်မခံနိုင်တဲ့သူတွေ
- ရိုင်ဘာဗရင်းစားဆေး + SOF စားဆေးကို ၂၄ ပတ် ကုရမှာပါ။

အရင်က စီပိုးသေဆေးထိုးဆေးနဲ့ မပျောက်တဲ့သူတွေကို အဲဒီလို ကုတဲ့အခါမှာ ပိုးပျောက်နှုန်း ၈၆ ရာခိုင်နှုန်းလောက် ရှိပါတယ်။


**အနှစ်ချုပ်**

စီပိုးသေဆေး ထိုးထားပြီး စီပိုးမပျောက်လို့ စိတ်ပျက်နေတဲ့သူတွေအတွက် တော်တော်ကို ဝမ်းသာစရာကောင်းတဲ့ သတင်းပါ။ ဆေးထိုးပြီး မပျောက်တဲ့သူတွေ အခု DAA နဲ့ ကုလို့ရပါပြီလို့ ပြောလိုက်ချင်ပါတယ်။


## စီပိုးကြောင့် နာတာရှည် အသည်းရောဂါအဆင့်ဆင့်

အသည်းကောင်း → အသည်းခြောက် → အသည်းကင်ဆာ

အသည်းကောင်း



အသည်းခြောက်



အသည်းကင်ဆာ



### ၂။ အသည်းခြောက်နေတဲ့သူတွေ

- **အသည်းခြောက်ပြီး အသည်းကောင်းနေတဲ့သူတွေ**

စီပိုးကို ကုမယ်ဆိုရင်တော့ သာမန်အသည်းကောင်းတဲ့သူတွေမှာ ကုတဲ့အတိုင်း ကုလို့ရပါတယ်။

- **အသည်းခြောက်အသည်းပျက်နေတဲ့သူတွေ**

စီပိုးကြောင့် အသည်းခြောက်ပြီး အသည်းက အလုပ်မလုပ်တော့တဲ့အခါမှာ မျက်လုံးတွေ ဝါမယ်၊ ရေဖျဉ်းစွဲတယ်ဆိုတဲ့ အသည်းပျက်တဲ့ လက္ခဏာပေါ်နေတဲ့သူတွေမှာတော့ အရင်ဆုံးက ပက်ခ်ထိုးဆေးနဲ့ ရိုင်ဘာတွဲကုတဲ့ ကာလမှာတုန်းကတော့ ထိုးဆေးပြင်းလွန်းလို့ အသည်းခြောက် အသည်းပျက်တာကို လုံးဝကုလို့ မရပါဘူး။ အဲတော့ ဒီလူတွေ စီပိုးကို မသတ်နိုင်ဘဲ ဒီအတိုင်းပဲ ထားရပါတယ်။

အခုလို DAA တွေ ပေါ်လာတဲ့ ကာလမှာတော့ အဲလို အသည်းခြောက် အသည်းပျက် လူနာတွေကို ကုလို့ရနေပါပြီ။

**အနှစ်ချုပ်**

အရင်က ကုလို့မရတဲ့ အသည်းခြောက် အသည်းပျက် လူနာတွေကို အခု SOF နဲ့ ကုလို့ ရပါပြီ။ စီပိုးအကောင်ရေတွေ လျော့သွားတော့ ခြောက်နေတဲ့ အသည်းပြန်ကောင်းလာတာပေါ့။

### အသည်းခြောက် အသည်းပျက်နေတဲ့လူတွေကို ဘယ်လိုကုမှာလဲ

အသည်းခြောက် အသည်းပျက် A,B,C ဆိုပြီး အဆင့်သုံးဆင့်ရှိတဲ့အထဲက ဆိုးဝါးတဲ့ နောက်ဆုံးအဆင့် နှစ်ခုဖြစ်တဲ့ B နဲ့ C လူနာတွေကို အရင်တုန်းက ကုလို့ မရပါဘူး။ အခုအခါမှာတော့ ခေတ်ပေါ် DAA ဆေးတွေနဲ့ ကုလို့ရနေပါပြီ။

အသည်းခြောက်ပြီး ရေဖျဉ်းစွဲလို့၊ မျက်လုံးတွေဝါနေလို့ စီပိုးကို ကုမရတော့ဘူးလို့ မထင်ကြပါနဲ့။ အဲလို အသည်းခြောက် နောက်ဆုံးအဆင့်ရောက်နေတဲ့ လူနာတွေကို အခုခေတ်မှာ ကုလို့ရနေပါပြီ။ ဘယ်လို ကုရမလဲဆိုတာ ပြောပြပါမယ်။

- SOF+ LAD+ RIBA သုံးမျိုးပေါင်း ဟာဗိုနီဆေးနဲ့ ၁၂ ပတ်ကနေ ၂၄ ပတ် ကုရမှာပါ။
- ဟာဗိုနီမရှိတဲ့ မြန်မာနိုင်ငံမှာတော့ လက်ရှိအခြေအနေမှာ SOF နဲ့ RIBA နှစ်မျိုးတွဲပြီး တစ်နှစ် ကုရမှာပါ။

ကိုယ်တွေ့ပြောရမယ်ဆိုရင် အသည်းပျက် နောက်ဆုံးအဆင့်ရောက်ပြီး ရေဖျဉ်းကို ဘယ်လိုမှကုလို့မရတဲ့ လူနာတစ်ယောက်ကို အသည်းအစားထိုး ကုသဖို့ပြင်ထားပါတယ်။ အဲဒီလူနာကို SOF+RIBA ဆေးတွဲပြီး ကုလိုက်တော့ ရေဖျဉ်းလည်း ချက်ချင်းပဲလျော့သွားပြီး တစ်လလောက်အတွင်းမှာ လုံးဝကိုကောင်းသွားပါတယ်။ တကယ့်ကို အံ့မခန်းစရာကောင်းလောက်အောင် ထိရောက်တဲ့ DAA SOF စားဆေးပါ။

### ၃။ အသည်းရောင်အသားဝါ ဘီပိုးနဲ့ စီပိုးတွဲရှိရင်

အသည်းရောင်အသားဝါ ဘီပိုးနဲ့ စီပိုး တွဲရှိတဲ့အခါမှာ များသောအားဖြင့် စီပိုးက လွှမ်းမိုးပြီး ဘီပိုးက သိပ်မပွားနိုင်ပါဘူး။

ဒါပေမယ့် ဘီပိုးနဲ့ စီပိုး တွဲပြီး ပိုးရှိတာနဲ့ ပိုးကောင်ရေတွေကို စစ်ကြည့်ရပါမယ်။ စီပိုးက ပိုပြီး လွှမ်းမိုးတဲ့ အကောင်အရေအတွက် ရှိတယ်ဆိုရင် ပုံမှန် စီပိုးကုသလိုပဲ ကုပါ။ ဘီပိုးရော စီပိုးရော တွဲရှိတယ်ဆိုရင် ဘီပိုးသေဆေးလည်းတိုက်ပြီး စီပိုးသေဆေးတွေကိုလည်း ပုံမှန်ပဲပေးပြီး ကုရပါလိမ့်မယ်။

**အနှစ်ချုပ်**

ဘီပိုးနဲ့ စီပိုး တွဲပြီးရှိလို့ဆိုပြီး စိတ်ညစ်စရာမလိုပါ။ စီပိုးကို ပုံမှန်ကုရင် ပုံမှန်ပျောက်နှုန်းနဲ့ပဲ ပျောက်ပါလိမ့်မယ်။

### ၄။ အသည်းရောင်အသားဝါ စီပိုးနဲ့ HIV ပိုးတွဲရှိရင်

HIV ပိုးနဲ့ စီပိုး တွဲရှိတဲ့အခါမှာ စီပိုးကို ပုံမှန်ကုတဲ့အတိုင်း ကုလို့ရပါတယ်။ ဒါပေမယ့် အရေးကြီးဆုံးကတော့ စီပိုးသေဆေး DAA တွေနဲ့ HIV ကုတဲ့ဆေးတွေ ဆေးခြင်းမတည့်တာ ဖြစ်နိုင်ပါတယ်။ ဒါကြောင့်မို့လို့ HIV နဲ့ စီပိုးတွဲကုမယ်ဆိုရင် DAA ဆေးတွေအကြောင်းကို နားလည်ပြီး အတွေ့အကြုံရှိတဲ့ ဌာနတွေမှာပဲ ကုသမှုခံယူသင့်ပါတယ်။

ယနေ့လက်ရှိ မြန်မာနိုင်ငံ အခြေအနေနဲ့ DAA တွေထဲက SOF တစ်မျိုးတည်းပဲရနေတဲ့ အခြေအနေမှာတော့ သိပ်ပြဿနာမရှိသေးပါဘူး။ ဘာလို့တုန်းဆိုတော့ SOF နဲ့ HIV ဆေးတွေဟာ ဆေးချင်းသိပ်ပြီးအန္တရာယ်မရှိလှပါဘူး။

- SOF + RIBA + PEG INF ထိုးဆေး သုံးမျိုးပေါင်းပြီး ၁၂ ပတ်ကနေ ကုရမှာပါ။
- တကယ်လို့ ပက်ခ်ဒဏ်မခံနိုင်ရင် SOF + RIBA နှစ်မျိုးနဲ့ ၂၄ ပတ် ကုရမှာပါ။

**အနှစ်ချုပ်**

စီပိုးနဲ့ HIV ပိုး တွဲရှိရင် ဂရုစိုက်ရမှာက စီပိုးသေဆေး DAA တွေနဲ့ HIV ပိုး သေဆေးတွေ မတည့်မှာနဲ့ ဘေးထွက်ဆိုးကျိုးတွေ ဖြစ်တတ်ပါတယ်။

### ၅။ အသည်းအစားမထိုးခင်

စီပိုးရှိပြီး အသည်းခြောက်အသည်းပျက်လို့ ဒါမှမဟုတ် အသည်းကင်ဆာဖြစ်လို့ အသည်းအစားထိုးဖို့ စဉ်းစားပြီး ပြင်ဆင်နေတဲ့ကာလမှာ စီပိုးကို တတ်နိုင်သရွေ့ စောစောစီးစီး ကုထားသင့်ပါတယ်။

အဲဒီလို အသည်းအစားထိုးဖို့ ပြင်ဆင်နေတဲ့အချိန်မှာ စီပိုးကို ကုထားခြင်းအားဖြင့် စီပိုးအကောင်ရေ လျော့သွားပြီး အသည်းထိခိုက်မှု သက်သာသွားပါတယ်။ အဲဒီအခါမှာ အဝါခာတ်တွေ လျော့လာမယ်။ ရေဖျဉ်းတွေလျော့သွားမယ်။ အသည်းအလုပ် လုပ်ဆောင်မှုတွေလည်း ကောင်းလာမယ်။ အဲဒီလို အသည်းအခြေအနေကောင်းလာတော့ အသည်းအစားထိုးရတာလည်း ပိုပြီး လွယ်လာတယ်။ အသည်းအစားထိုးပြီးတော့လည်း အစားထိုးလိုက်တဲ့ အသည်းအသစ်ကို စီပိုးမဝင်တော့ဘူးပေါ့။ ရေရှည်မှာ အသည်းအခြေအနေကောင်းပြီး သက်တမ်းပိုရှည်ပါတယ်။

**အနှစ်ချုပ်**

အသည်းအစားထိုးမှာပဲ အစားထိုးပြီးမှ စီပိုးကို ကုရင်လည်းရတာပဲဆိုတာဟာ မှားပါတယ်။ ဖြစ်နိုင်ရင် အသည်းအစားမထိုးခင်ကာလမှာ စီပိုးသေအောင် ကုပါ။ အသည်းကင်ဆာ ဖြစ်နေရင်တောင် စီပိုးသေဆေးတွေနဲ့ ကုပါ။ ယခုခေတ်မှာ DAA စီပိုးသေဆေးတွေနဲ့ အသည်းအစားမထိုးခင်မှာပဲ စကုရမှာပါ။

### ၆။ အသည်းအစားထိုးပြီးနောက်

စီပိုးကြောင့် အသည်းပျက်လို့ အသည်းအစားထိုး ကုသလိုက်တဲ့လူတိုင်းမှာ အသည်းအစားထိုးပြီး ၂၄ နာရီအတွင်းမှာ အသည်းအသစ်ထဲကို စီပိုးကဝင်ပြီး သားဖြစ်သွားပါပြီ။

အဲလို အသည်းအစားထိုးပြီး စီပိုးပြန်ဝင်သွားတဲ့ လူနာတွေကို မကုပဲထားရင် အသည်းဟာ ပြန်ပြီး ခြောက်သွားမှာပေါ့။

ဒါကြောင့်မလို့ အသည်းအစားထိုးပြီး စီပိုးပြန်ဝင်တဲ့လူတွေကို စီပိုးသေဆေးနဲ့ ကုပေးရမှာပါ။

အသည်းအစားထိုးပြီးသားလူကို စီပိုးသေဆေးနဲ့ ကုတဲ့အခါမှာ ပက်ခ် (PEG) ထိုးဆေးနဲ့ ကုလို့မရပါဘူး။ စီပိုးသေဆေး စားဆေး (DAA) ဆေးသစ်တွေနဲ့ RIBA စားဆေးတွေ တွဲပြီး ကုရမှာပါ။ အဲလို ကုတဲ့အခါမှာ စီပိုးပျောက်နှုန်းကတော့ ၈၀ ရာခိုင်နှုန်းအထက်မှာ ရှိပါတယ်။

**အနှစ်ချုပ်**

အသည်းအစားမထိုးခင်က စီပိုးကို သတ်မထားဘူးဆိုရင် အသည်းအစားထိုးပြီးနောက်မှာ လူတိုင်းမှာ စီပိုး ပြန်ဝင်ပါတယ်။ အဲဒီလူနာတွေမှာ DAA ဆေးတွေကိုသုံးပြီး စီပိုးသေအောင် ကုပါ။ မကုဘူးဆိုရင် အစားထိုးထားတဲ့ အသည်းဟာ ပြန်ခြောက်သွားပါလိမ့်မယ်။

### ၇။ ကျောက်ကပ်ပျက်နေတဲ့သူတွေ

ကျောက်ကပ်ပျက်ပြီး ကျောက်ကပ် အစားထိုးဖို့ စဉ်းစားထားတဲ့သူတွေ၊ အထူးသဖြင့် ကျောက်ကပ်စက်လှည့်နေတဲ့သူတွေမှာ စီပိုးရှိတယ်ဆိုရင် ကျောက်ကပ်အစားမထိုးခင်မှာ စီပိုးသေဆေးနဲ့ ကုဖို့လိုပါမယ်။

ဘာလို့လဲဆိုတော့ ကျောက်ကပ်အစားထိုးပြီးရင် သုံးတဲ့ ကိုယ်ခံအားကို လျော့အောင်လုပ်တဲ့ဆေးတွေ (Immunosuppressant ) တွေကို သုံးမယ်ဆိုရင် ကျောက်ကပ်အစားထိုးပြီးနောက်မှာ စီပိုးပွားနှုန်းများလာပြီး အသည်းလုံးဝ ပျက်စီးသွားနိုင်ပါတယ်။

ဒီလို ကျောက်ကပ်မကောင်းတဲ့သူတွေကို စီပိုးသေဆေးနဲ့ ကုတဲ့အခါမှာ ပက်ခ် (PEG INF) ထိုးဆေးကို လုံးဝမသုံးရပါဘူး။ RIBA နဲ့ DAA တွေ တွဲပြီးကုရပါမယ်။ ဖြစ်နိုင်ရင် RIBA မပါဘဲ ကုရင် အကောင်းဆုံးပါ။

DAA စီပိုးသေဆေးတွေကို ဒီလို ကျောက်ကပ်ပျက်နေတဲ့သူတွေမှာ ကုမယ်ဆိုရင် အထူးကျွမ်းကျင်ပြီးဝါရင့် ဌာနတွေမှာပဲ ကုသင့်ပါတယ်။

**အနှစ်ချုပ်**

ကျောက်ကပ်ပျက်လို့ ကျောက်ကပ်ဆေးနေရတဲ့သူတွေမှာ ကျောက်ကပ်အစားမထိုးခင်မှာ စီပိုးကိုသေအောင် DAA ဆေးတွေနဲ့ ကုရပါမယ်။

### စီပိုးရှိပြီး ထူးခြားတဲ့ အခြေအနေတွေမှာ စီပိုးကုတဲ့ အကြောင်း နိဂုံး

စီပိုးရှိပြီး ထူးခြားတဲ့ အခြေအနေရှိတဲ့သူတွေ အများစုဟာ အရင်တုန်းကတော့ စီပိုးသေဆေးနဲ့ ကုလို့မရတဲ့သူတွေပါ။ အဲလိုလူနာတွေဟာ ဘာမှကုစရာဆေးမရှိဘဲ အသည်းခြောက် အသည်းပျက်သွားတာကို ထိုင်စောင့်ရတဲ့ အခြေအနေမျိုးပါ။

အခုတော့ DAA စားဆေးတွေ ပေါ်လာပြီး အဲဒီလို ကုလို့မရဘူးဆိုတဲ့ စီပိုးလူနာတွေကို ကုလို့ရနေပါပြီ။ စီပိုးရှိပြီး ကုမရဘူးဆိုပြီး စိတ်မပျက်ကြပါနဲ့တော့။

အခုခေတ်မှာ DAA တွေရဲ့ စွမ်းပကားကြောင့် စီပိုးရှိတဲ့ လူတိုင်းကို ကုလို့ရပြီလို့ အကြမ်းပြောနိုင်ပါပြီလို့ သတင်းကောင်းပါးလိုက်ပါရစေ။

# တစ်နှစ်အတွင်း ဒေါ်လာသန်း ၃၀၀ ကျော် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်ရန် UOB ဘဏ် ဆောင်ရွက်မည်




**ရန်ကုန် ဇူလိုင် ၄**

မြန်မာနိုင်ငံတွင် နိုင်ငံခြားဘဏ်ခွဲဖွင့်ခွင့်ရရှိခဲ့ပြီး ယနေ့ရုံးခွဲစတင်ဖွင့်လှစ်သည့် UOB ဘဏ်မှ ဖွံ့ဖြိုးတိုးတက်လာသော မြို့ပြစနစ်နှင့် စက်မှုကဏ္ဍတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော်ရှိ ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာရန် UOB ဘဏ်မှ ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားမှ သိရှိရသည်။

ဟောင်ကောင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံအပါအဝင် အာရှနှင့် ဥရောပနိုင်ငံများတွင် အခြေစိုက်သည့် လုပ်ငန်းများမှ စက်ရုံ၊ ဟိုတယ်နှင့် စီးပွားရေးအခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်းများကို ပြည်တွင်းသို့ ဝင်ရောက်လုပ်ကိုင်နိုင်ရန် လိုအပ်သော အရင်းအနှီးနှင့် ချေးငွေများ ကူညီပံ့ပိုးပေးရန်ရှိကြောင်း UOB ဘဏ်၏ မန်နေးဂျင်းဒါရိုက်တာ မစ္စတာ အန်ဝန်းက ပြောကြားသည်။

"လွန်ခဲ့တဲ့သုံးနှစ်က မြန်မာ့စီးပွားရေး ဖွံ့ဖြိုးလာချိန်ကတည်းက ကျွန်တော်တို့ရဲ့ စီးပွားရေးလုပ်ဖော်ကိုင်ဖက်တွေဟာ မြန်မာနိုင်ငံကို ဝင်ရောက်လာဖို့ စိုင်းပြင်းနေကြတာပါ။ အဲဒီကတည်းက ဘယ်လိုလုပ်ငန်းတွေကို လုပ်ဆောင်သင့်တယ်ဆိုတဲ့ အကြံဉာဏ်တွေ ကျွန်တော်တို့ ကူညီပေးခဲ့ပါတယ်။ အခုနောက်ပိုင်းမှာ အနာဂတ်စီးပွားရေးအလားအလာကို ယုံကြည်မှုရှိပြီး ရေရှည်ရင်းနှီးမြှုပ်နှံမှုတွေလုပ်ကြဖို့ စိတ်အားထက်သန်နေတဲ့အတွက် ကျွန်တော်တို့ဘဏ်ကနေ ငွေကြေးပိုင်းဆိုင်ရာ အကူအညီတွေ ပေးအပ်သွားဖို့ရှိတယ်" ဟု ၄င်းက ပြောကြားသည်။

ပြည်တွင်းစီးပွားရေး အသွင်ကူးပြောင်းမှု၊ ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေးဆိုင်ရာမူဝါဒများကို ယုံကြည်စိတ်ချလာကြသည့် စီးပွားရေးလုပ်ငန်းများမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသွင်ဖြင့် အမေရိကန်ဒေါ်လာ ၁၆၃ ဘီလီယံခန့်ကို ၁၅နှစ်ကာလအတွင်း ပေးအပ်နိုင်မည်ဟု မစ္စတာ အန်ဝန်းက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် အဓိကနယ်ပယ်များဖြစ်သည့် အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း၊ ကုန်ထုတ်လုပ်မှုနှင့် ခရီးသွားလာမှု လုပ်ငန်းကဏ္ဍများတွင် ရေရှည်ရင်းနှီးမြှုပ်နှံလိုသူများကို ကူညီပေးမည်ဖြစ်ပြီး ရန်ကုန်ရုံးခွဲမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ဘဏ်လုပ်ငန်းဝန်ဆောင်မှုကိုလည်း လုပ်ဆောင်သွားရန်ရှိသည်။

ထို့အတူ ပြည်တွင်းတွင် လေ့လာဆန်းစစ်ချက်များအရ ၂၀၁၉ ခုနှစ်သို့ ရောက်ရှိပါက ကားအစီးရေ ၈၆ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ဖွယ်ရှိပြီး နှစ်စဉ်ကားအစီးရေ ၇ ဒသမ ၈ ရာခိုင်နှုန်းထက် မြင့်တက်လာနိုင်ကြောင်း ယင်းဘဏ်က ခန့်မှန်းပြီး ခရီးသွားလာရေးတွင်လည်း ၂၀၂၀ ခုနှစ်တွင် ခရီးသည်ဝင်ရောက်မှု ၇ ဒသမ ၅ သန်းအထိ တိုးမြှင့်လာနိုင်ကြောင်းခန့်မှန်းထားသဖြင့် ပထမဆုံးခြေလှမ်းအဖြစ် ရည်ရွယ်ကာ မော်တော်ကား ပြုပြင်ထိန်းသိမ်းရေးနှင့် အလုပ်ရုံနှစ်ရုံ ဖွင့်လှစ်မည့် Cycle and Carrige Automobile Myanmar နှင့် Summit Parkview ဟိုတယ်တို့ကိုလည်း ချေးငွေနှင့် ငွေကြေးဆိုင်ရာ ပံ့ပိုးမှုများပြုလုပ်သွားရန် သဘောတူညီမှု လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ အခမ်းအနားကို ရန်ကုန်မြို့ ပတ်ခ်ရွိုင်ရယ်ဟိုတယ်၌ ဇူလိုင် ၂ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်နှင့် စင်ကာပူနိုင်ငံဆိုင်ရာ သံအမတ်ကြီး မစ္စတာ ရောဘတ်ချူတို့အပါအဝင် တာဝန်ရှိသူများ တက်ရောက်ကာ UOB ဘဏ်ဖွင့်လှစ်ခြင်းနှင့် လုပ်ငန်းများအား ငွေကြေးပံ့ပိုးမှုဆိုင်ရာ သဘောတူ လက်မှတ်ထိုးခြင်းများ ပြုလုပ်ကြသည်။

**သတင်း-ခင်ရတနာ၊**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# အခြေခံငါးမွေးမြူရေးနှင့် ငါးသားပေါက်လုပ်ငန်း သင်တန်းဆင်းပွဲကျင်းပ

**တောင်ငူ ဇူလိုင် ၄**

ငါးသယံဇာတထိန်းသိမ်းရေး၊ ငါးမျိုးမပြုန်းတီးရေးနှင့် စဉ်ဆက်မပြတ် ငါးများကို တိုးတက်ထုတ်လုပ်နိုင်ရေးတို့အတွက် ဖွင့်လှစ်ခဲ့သော အခြေခံငါးမွေးမြူရေးနှင့် ငါးသားပေါက်လုပ်ငန်း သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် မွန်းတည့် ၁၂ နာရီက တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပဲခူးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးတင်စိုး၊ ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး၊ သနပ်ပင်မြို့နယ် ငါးလုပ်ငန်းစခန်းတာဝန်ခံ၊ ပဲခူးငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်၊ ထန်းတပင်မြို့နယ်များမှ ငါးမွေးတောင်သူ သင် တန်းသား ၃၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဝန်ထမ်း သင်တန်းသား ၁၁ ဦး စုစုပေါင်းသင်တန်းသား ၄၁ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးတို့က သင်တန်းဆင်းဂုဏ်ပြုအမှာစကားပြောကြားကြပြီး သင်တန်းဆင်းလက်မှတ်များကိုတာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**



# သားအဖသုံးဦး အဆိပ်သောက်သေဆုံးမှု ရမည်းသင်းမြို့၌ ဖြစ်ပွား

**ရမည်းသင်း ဇူလိုင် ၄**

ရမည်းသင်းမြို့နယ် အရှေ့ဘက် ၁၅မိုင်ခန့်အကွာ အင်တိုင်းအုပ်စု သပြေပင်ကျေးရွာ တိုက်ပိလုပ်ကွက်ဟောင်းတွင် အမျိုးသားတစ်ဦးနှင့် ကလေးနှစ်ဦး အဆိပ်သောက် သေဆုံးမှု ဇူလိုင် ၂ရက် ညနေပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အင်တိုင်းကျေးရွာအုပ်စု သပြေပင်ကျေးရွာ တိုက်ပိလုပ်ကွက်ဟောင်းတွင် အမျိုးသားတစ်ဦး၊ ကလေးနှစ်ဦး အဆိပ်သောက်သေဆုံးကြောင်း သတင်းအရ ရမည်းသင်းမြို့မ ရဲစခန်းမှ ဒုရဲအုပ်သန်းဇော်ထွေးနှင့် တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ သပြေပင်ကျေးရွာ တိုက်ပိလုပ်ကွက်ဟောင်းတွင် မြေစိုက်တဲအတွင်း ဇော်မင်းဌေး ( ၄၂ နှစ်)၊ အေးဇော်နိုင် (၁၁နှစ်)၊ မစန္ဒာဝင်းထွန်း (ခုနစ်နှစ်)တို့သည် ဖခင်ဖြစ်သူ ဇော်မင်းဌေးမှာ သေရည်သေရက်များ သောက်စားမူးယစ်ပြီး အဖေနောက်လိုက်ကြရမည်ဟု ပြောဆိုကာ ရွှေချက်ရာတွင် အသုံးပြုသော ဆာရာနိုက်ဆေးအား အရည်ဖျော်၍ သောက်ခဲ့ကြရာမှ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိဘဲ တဲပေါ်၌ သေဆုံးနေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ရဲဆေးစာဖြင့် ရမည်းသင်း ဆေးရုံသို့ ပို့အပ်ခဲ့သည်။

အဆိုပါ သေဆုံးမှု ဖြစ်စဉ်နှင့်ပတ်သက်၍ ရမည်းသင်း မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(၀၁၁)**

# တမူးမြို့နယ်၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာများဖြန့်ဝေ

**တမူး ဇူလိုင် ၄**

တမူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှဖွင့်လှစ်သော ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းကို ဇူလိုင် ၁ ရက် နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တမူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးကျော်သူက လွှတ်တော်သုံးရပ်ဖွဲ့စည်းပုံ၊ အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုလည်းကောင်း၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇော်မိုးမြင့်က ကော်မရှင်၏လုပ်ပိုင်ခွင့်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာပြစ်မှုနှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်နိုင်က ရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်းနှင့် ကြိုတင်ဆန္ဒမဲပေးခြင်း အကြောင်းကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင် ၁၀၀ ကျော် တက်ရောက်ကြပြီး သင်တန်းကိုနှစ်ရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ ကျေးရွာ ၁၁ရွာအတွက် သန့်စင်ခန်းများတည်ဆောက်

**သုံးခွ ဇူလိုင် ၄**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၌ ကျေးရွာပေါင်း ၁၁ ရွာတွင် အများသုံးသန့်စင်ခန်း(ကျေးလက်အိမ်သာ) များကို တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကတုံးပေါ်အထက်ကျေးရွာ၊ မကျီးပေါက်ကန်ကျေးရွာ၊ အဇန်းတောစွန်းကျေးရွာ၊ ကြုံကြိတ်ကျေးရွာတို့တွင် ငါးခန်းတွဲ သန့်စင်ခန်း တစ်လုံးစီနှင့် ရွာသစ်ကျေးရွာ၊ သမစိတ္တကျေးရွာ၊ ညောင်နီကျေးရွာနှင့် ကျောင်းစုပတုပ်ကျေးရွာ၊ အဖောင်ကျေးရွာ၊ အိဿယျကျေးရွာနှင့် အနောက်တံခွန်တိုင်ကျေးရွာတို့တွင် နှစ်ခန်းတွဲ တစ်လုံးစီ စုစုပေါင်း သန့်စင်ခန်း ၁၁လုံးကို တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ယင်လုံအိမ်သာ သုံးစွဲခြင်းဖြင့် ကျေးလက်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြှင့်တင်ရာရောက်သည့်အပြင် ယင်လုံအိမ်သာ သုံးစွဲခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အခြားကူးစက်ရောဂါများကို ကာကွယ်ပေးနိုင်သဖြင့် ရည်ရွယ်တည်ဆောက်ရခြင်းဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။

သန့်စင်ခန်း ၁၁ လုံးကို နဝရတ်သစ္စာကုမ္ပဏီမှ တာဝန်ယူတည်ဆောက်မည်ဖြစ်ကာ ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်တည်ဆောက်ပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ကိုယ့်အားကိုယ်ကိုး ကျေးရွာမြေသားလမ်းဖောက်လုပ်

**ကနီ ဇူလိုင် ၄**

ကနီမြို့နယ် ချင်းတွင်းမြစ်မြောက်ဘက်ခြမ်းရှိ ထူးပေါက်ကျေးရွာအုပ်စုဝင် ကျေးရွာများသည် ချင်းတွင်းမြစ်ကမ်းဘေးတွင် တည်ရှိသော်လည်း နွေအခါ ချင်းတွင်းမြစ်ရေကျချိန်တွင် သောင်ထွန်းနေခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများစွာ ရှိခဲ့ရသည်။

ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေရန် ရည်ရွယ်ကာ လက်ပံစု-ဝင်မနားလမ်းနှင့် ဆက်သွယ်သည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာမြေသားလမ်းများကို ကျေးရွာအတွင်းမှ ဘုန်းတော်ကြီးများ၊ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသားများစုပေါင်းကာ ဖောက်လုပ်လျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့အနေနဲ့ ကိုယ့်အားကိုယ်ကိုး မြေသားလမ်းမှာ လက်ပံစု-ဝင်မနားလမ်းအထိ ပေပေါင်း ၁၀၅၀၀ ကျော်ရှိပါတယ်။ "အခု ၂၂ပေကျယ်တဲ့ မြေသားလမ်းကို ဖောက်လုပ်နေပါတယ်။ ကျေးရွာမှာ သီတင်းသုံးတဲ့ ဆရာတော် ဦးနန္ဒာသီရိ၊ ဦးဩဘာသနှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများက ဦးစီးလို့ ပြည်သူများထည့်ဝင်ငွေတွေနဲ့ ဖောက်လုပ်တာဖြစ်ပါတယ်။ မြို့နယ်တာဝန်ရှိသူတွေက စက်ယန္တရားတွေ အသုံးပြုနိုင်အောင် ကူညီပေးပါတယ်"ဟု ကျေးရွာလမ်းဖောက်လုပ်ရေးကော်မတီဝင်တစ်ဦးက ပြောသည်။

ကျေးရွာပေါင်းကူး မြေသားလမ်းများ ပြီးစီးပါက ဂျင်းမြေခင်းခြင်းများ ဆက်လက်လုပ်ဆောင်ရန်ရှိပြီး လမ်းပြီးစီးပါက ဝင်မနား-တပုန်း-ပျဉ်တောလမ်းမှတစ်ဆင့် မုံရွာမြို့သို့ မော်တော်ကားဖြင့် သွားလာနိုင်တော့မည်ဖြစ်ကာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုကို အခြေခံကာ လူနေမှုဘဝများလည်း တိုးတက်လာတော့မည်ဖြစ်သည်။

**သန်းဌေးအောင်(ကနီ)**



## သတင်းတိုများ

### အမျိုးသမီးများနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုး

ကလေးမြို့ နည်းပညာတက္ကသိုလ် အနီး နတ်ချောင်းလမ်းဘေး ဝဲယာ တစ်လျှောက်တွင် ၂၀၁၅ ခုနှစ် မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အဖြစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုး ပွဲကို ဇူလိုင် ၁ ရက်က ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နှင့် ကော်မတီဝင်များ၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာ ကော်မတီဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မီး သတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးနှင့် ပြည်သူများ၊ နည်းပညာ တက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကျွန်း ပျိုးပင် ၄၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ သည်။ **ဂျူနိုင်း**

### မိတ္ထီလာတက္ကသိုလ်အနုပညာအသင်း ပန်းချီသင်တန်းဖွင့်လှစ်

မိတ္ထီလာတက္ကသိုလ် အနုပညာ အသင်းက ကြီးမှူးဖွင့်လှစ်သည့် ပန်းချီသင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ ရက် က တက္ကသိုလ် သင်ကြားရေးခန်းမ၌ ကျင်းပခဲ့ရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကိုကိုကျော်စိုးက အမှာ စကားပြောကြားပြီး တက္ကသိုလ် အနု ပညာအသင်းဥက္ကဋ္ဌ ဒေါက်တာလှလှ တင်က မြန်မာ့ရိုးရာပန်းဆယ်မျိုးတွင် ပန်းချီသည် လေ့လာသင်ယူသူများ၏ စိတ်ကူးစိတ်သန်းများကို ထူးခြား ဆန်းသစ်စေကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စိတ်ကူး စိတ်သန်းကောင်းမွန်ပြီး ဦးနှောက် ဉာဏ်ရည်ဉာဏ်သွေးများ မြင့်မားစေ ရန် သင်တန်းကို ဖွင့်လှစ်ပေးခြင်း ဖြစ် ကြောင်း ပြောကြားသည်။ ပန်းချီပညာ ရှင် ဆရာဦးနှင်းမိုးက သင်ကြားပေး လျက်ရှိပြီး ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူ သင်တန်း သား ၁၈၀ ကို ဇူလိုင် ၂၂ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

# ဗုဒ္ဓရောင်ခြည် ဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပွဲ ဖားကန့်၌ကျင်းပ

**ဖားကန့် ဇူလိုင် ၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ မရှိကထောင်ရပ်ကွက်ရှိ မြစိမ်း တောင်ထွတ်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော ဗုဒ္ဓရောင်ခြည်ဆုတောင်း ပြည့်စေတီတော်မြတ်ကြီးအား ရွှေထီးတော်တင်လှူပွဲ အခမ်းအနားကို စေတီ တော်ရင်ပြင် ဘုရားဝင်းအတွင်း၌ ဇူလိုင် ၁ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားကို နမောတဿ (၃)ကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ် ကြပြီး ကြွရောက်လာကြသော အလှူရှင်များနှင့် ဧည့်သည်တော်များက ဖားကန့် မြို့ သီရိမင်္ဂလာမဏိဇေယျံပရိယတ္တိစာသင်တိုက် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝါယမထံ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဂျန်ကာ ဆရာတော်ကြီးက နတ်ဒေဝါများ ပင့်ဖိတ်ကာ အလှူရှင်များက ရတနာစိန်ဖူး တော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ဆရာတော်ကြီး များအား ဆက်ကပ်ကြသည်။

ထို့နောက် ကြွရောက်လာကြသော ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

ဆရာတော် သံဃာတော်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့် ဦးစီး၍ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး "ရတနာ" ရထားပျံ ဖြင့် ရွှေထီးတော်ဘုံအဆင့်ဆင့်ကို တင်လှူပူဇော်ခဲ့ကြကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**



# ဖွံ့ဖြိုးရေးဒီဂရီကောလိပ် မိုးရာသီဘောလုံးပြိုင်ပွဲဆင်နွှဲ

**ရန်ကုန် ဇူလိုင် ၄**

ပြည်ထောင်စုတိုင်းရင်းသား လူ ငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်(ရန်ကုန်)တွင် မိုးရာသီ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂ ရက်က ဒီဂရီကောလိပ် ဘောလုံးကွင်း၌ကျင်းပရာ ဘာသာ ရပ်အလိုက်ပါဝင်ယှဉ်ပြိုင်မည့်ကျောင်း သားများ တက်ရောက်ကြသည်။

ကျောင်းအုပ်ဆရာကြီး ဒေါက်တာ မင်းသန့်က အမှာစကားပြောကြား ပြီး ဒုတိယကျောင်းအုပ်ကြီး ပါမောက္ခ ဦးတင်ဝက ဘောလုံးအားကစား စိတ်ဓာတ်နှင့် စည်းကမ်းများကို ပြော ကြားသည်။



အဆိုပါ ဘာသာရပ်အလိုက် မိုးရာသီဘောလုံးပြိုင်ပွဲတွင် ထူးချွန်သူ များကို ပထမဒိုင်းဆု၊ ဒုတိယဆု၊ တတိယဆုအပြင် ဂိုးသွင်းအများဆုံး ဆု၊ အကောင်းဆုံးဂိုးသမားဆုနှင့် အရှေ့တန်း၊ အလယ်တန်း၊ နောက် တန်း ဆုများကိုပါ ချီးမြှင့်မည်ဖြစ် သည်။

ပြည်ထောင်စု တိုင်းရင်းသားလူ ငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်(ရန်ကုန်)၏ ဘာသာရပ် အလိုက် မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ကျောင်းအုပ်ဆရာ ကြီး၊ ဒုတိယကျောင်းအုပ်ဆရာကြီးနှင့် ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသားများ တက်ရောက်ခဲ့ပြီး အသင်းအုပ်ချုပ် သူများအဖြစ် သက်ဆိုင်ရာဘာသာ ရပ်ဌာနများမှ ဆရာ ဆရာမများက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရ သည်။ **(ခရိုင် ပြန်/ဆက်)**

# ကံသာကျေးရွာ မူလတန်းလွန်ကျောင်းအဆင့်တိုးမြှင့်

**တောင်တွင်းကြီး ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကံသာအုပ်စု ကံသာကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာမူလတန်းလွန်ကျောင်း အဖြစ် အဆင့်တိုးမြှင့်ခြင်းကို ဇူလိုင် ၂ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကြည်သိန်း၊ လက်ထောက်မြို့နယ် ပညာရေးမှူး ဦးမျိုးကျော်အောင်၊ မြို့နယ်စိုက်ပျိုးရေး အရာရှိ ဦးထွန်းမြင့်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများကို အဆင့်မြှင့်တင်ပေးလျက်ရှိရာ စာသင်ကျောင်း အဆင့်တိုးမြှင့်လိုက်ခြင်းကြောင့် သူငယ်တန်းမှ သတ္တမတန်းအထိ ကျေးရွာ၌ ပင် ပညာသင်ယူနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ထားဝယ်တက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး

**ထားဝယ် ဇူလိုင် ၄**

ထားဝယ်မြို့ရှိထားဝယ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁ ရက်က ကျင်းပရာ တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဘဟန်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမှတ်(၈)ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲ(တနင်္သာရီ)မှ ရဲမှူး စိုးဝင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြား သည်။ အဆိုပါဟောပြောပွဲသို့ ထားဝယ်တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**


**အမည်ပြောင်း**

ဦးသိန်းဇော်၏သမီး မော်လမြိုင်မြို့၊ မူလွန်မျှော်လင့် ဒုတိယတန်းမှ မအဉ္ဇလီလှိုင်အား မမိုးဟန်ချို့ဟု ပြောင်းလဲခေါ်ပါရန်။

**မမိုးဟန်ချို**

**အမည်ပြောင်း**

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ (၆)၊ ရွာလယ်လမ်း၊ အမှတ် (၀မ/၅၂) နေ ဦးမောင်မောင်မြင့်၏သား မောင်မြတ်သူ ဖေဝင်းအား ယနေ့မှစ၍ မောင်မျိုးနိုင်ဝင်း ၁၃/တကန(နိုင်)၂၄၅၆၉၃ ဟု ပြောင်းလဲခေါ် ပါရန်။ **မောင်မျိုးနိုင်ဝင်း**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်စံရဲထွန်း CDC No. 96488 ၏ Basic Safety Traing (BSC 4 Ticket) သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၀၄၁၀၂၄

**MICO**
ကမ္ဘာတည်သရွေ့
အလှူမင်္ဂလာ၊လက်ဆောင်...ဘယ်မှာသုံးသုံးအကောင်းဆုံး
T-SHIRT= 650Ks
ကွန်ပျူတာ ပန်းထိုး၊ တံဆိပ်ရိုက်လုပ်ငန်း
09-5043007,09-5141086,09-8645550,09-73244061

**ပျောက်ဆုံးကြောင်း**

ဦးခင်မောင်ဝင်း ၁၂/ရကန(နိုင်)၀၆၂၅၂၀ အမည်ဖြင့် ထုတ်သွင်းကုန် ID-795508, 16-11-12 စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉၈၂ သို့ ဆက်သွယ်ပါရန်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဃ/၁၂၇၆ Honda Insight, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချယ်ရီကု ၁၃/ကတန(နိုင်)၀၆၆၂၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**






UAB
United Amara Bank

ယူနိုက်တက်အမရဘဏ်၏ Teenagers Account တွင် ပါဝင်ဖွင့်လှစ်ခဲ့ကြသည့်
(၂၀၁၄/၂၀၁၅)ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌
**ဂုဏ်ထူးရ ကျောင်းသား/ကျောင်းသူ (၅၆၈)ဦး**အား တစ်ဦးလျှင်
ဂုဏ်ပြု**ဆုငွေကျပ်(ငါးသိန်း)**နှင့် အတူ

# မှတ်တမ်းတင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

United Amara Bank ၏ Teenagers Account တွင် ပါဝင်ဖွင့်လှစ်ခဲ့ကြသည့် (၂၀၁၄-၂၀၁၅)ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး(၅)ဘာသာနှင့်အထက် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား/ကျောင်းသူများအား United Amara Bank **(UAB)**မှ ဂုဏ်ပြုငွေကျပ်(၅၀၀,၀၀၀/-) (ငါးသိန်း တိတိ)အား ဂုဏ်ယူစွာဖြင့် ချီးမြှင့်ပေးအပ်ပါသည်။

ကျောင်းသား/ကျောင်းသူများ၏ ပညာရေးကို ထူးချွန်စေရန် တစ်ဖက်တစ်လမ်းမှ တွန်းအားပေးနေသော **UAB** ၏ အစီအစဉ်တွင် ပါဝင်ဆင်နွှဲခဲ့သော **မအိရတနာနိုင်** (မြန်မာတစ်နိုင်ငံလုံးအဆင့်(၁)ရဂုဏ်ထူးရှင်)နှင့်အတူ -

(က) ခြောက်ဘာသာဂုဏ်ထူးရှင် - (၂၂၉) ဦး
(ခ) ငါးဘာသာဂုဏ်ထူးရှင် - (၃၃၉) ဦး
စုစုပေါင်းဂုဏ်ထူးရှင် - **(၅၆၈)ဦး** တို့အား

ယူနိုက်တက်အမရဘဏ်မိသားစုမှ ဆွေမျိုးမိဘများနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။




**"လုံခြုံစိတ်ချ၊ အားထားယုံကြည် UAB"**

## ဆုကြေးငွေကျပ် (ငါးသိန်းတိတိ) ရရှိသည့် ဂုဏ်ထူးရှင်များ စာရင်း

[illegible]

Call Center
01 8603305


MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
ခရီးချင်းငွေဖြည့်ပြီး
အပိုဆု
၅၀%
အထိ ရယူကြပါစို့
၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၅) ရက် မှ (၇) ရက်တွင်း
ငွေဖြည့်ခြင်းဖြင့် အပိုဆုငွေ ရယူလိုက်ပါ။

| ငွေဖြည့်ကဒ်တန်ဖိုး (ကျပ်) | အပိုဆုငွေ (%) | ရရှိမည့်အပိုဆုငွေ (ကျပ်) |
|---|---|---|
| ၃၀၀၀၀ | ၅၀% | ၁၅၀၀၀ |
| ၂၀၀၀၀ | ၅၀% | ၁၀၀၀၀ |
| ၁၀၀၀၀ | ၅၀% | ၅၀၀၀ |
| ၅၀၀၀ | ၃၀% | ၁၅၀၀ |
| ၃၀၀၀ | ၂၀% | ၆၀၀ |

• အပိုဆုငွေအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နံပါတ်အားလုံးသို့ ဖုန်းခေါ်ဆိုခြင်း နှင့် အင်တာနက်အသုံးပြုခြင်းအတွက် သုံးစွဲနိုင်ပါသည်။
• အပိုဆုငွေသည် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် သက်တမ်း ကုန်ဆုံးပါမည်။
• GSM / WCDMA သုံးစွဲသူများအတွက် ခဲခြစ်ကဒ်၊ E-top-up၊ ဘဏ်မှတဆင့်ငွေဖြည့်ခြင်း နှင့် Myanmar Mobile Money စနစ် စသည့်နည်းအားလုံးဖြင့် ငွေဖြည့်နိုင်ပါသည်။
• CDMA သုံးစွဲသူများအတွက် Myanmar Mobile Money စနစ်ဖြင့် ငွေဖြည့်ခြင်း မှလွဲ၍ ကျန်ငွေဖြည့်နည်းများဖြင့် ငွေဖြည့်နိုင်ပါသည်။
• ဤအပိုဆုငွေသည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း မိုဘိုင်း နံပါတ်အားလုံးအတွက် အကျုံးဝင်ပါသည်။
အသေးစိတ် သိရှိလိုပါက www.mpt.com.mm ကိုဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
CALL CENTER 106
free hotline, 24 hours everyday

## စက်မှုဝန်ကြီးဌာန
## အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းပိုင် ရွှေမြေနှင့် ကြိန်တလီရေယာဉ်(၂)စင်းအား ငှားရမ်းလိုပါသည်။

၂။ တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များအား ၆-၇-၂၀၁၅ ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါများ နောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၅-၈-၂၀၁၅ရက် ၁၆း၀၀ နာရီဖြစ်ပါသည်။

**အရည်အသွေးထိန်းသိမ်းရေးဌာန၊**
**အမှတ် (၂)အကြီးစားစက်မှုလုပ်ငန်း၊**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၄၁)နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၃၆၀**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာန၊ နေပြည်တော်သို့ရေပေးလွှတ်သော ငလိုက်ချောင်းရေတင်စက်ပြင်ဆင်ခြင်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၅-၇-၂၀၁၅ ရက် ညနေ ၁၅း၀၀ နာရီ နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပါသည်။

**မြေတိုင်းဦးစီးဌာန**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၃၅၈၈**

## မြန်မာ့ဆက်သွယ်ရေးကွန်ရက် အများပိုင်ကုမ္ပဏီလီမိတက် ကုမ္ပဏီလိပ်စာပြောင်းလဲကြောင်း အကြောင်းကြားခြင်း

ကမာရွတ်မြို့နယ် Junction Square Complex ရှိ မြန်မာ့ဆက်သွယ်ရေးကွန်ရက် အများပိုင်ကုမ္ပဏီလီမိတက် (Myanmar Telecommunication Network Public Co, Ltd- MTN)သည် ၁-၄-၂၀၁၅ ရက်မှစတင်၍ အောက်ပါလိပ်စာသို့ ပြောင်းရွှေ့ဖွင့်လှစ်ပါကြောင်း ရှယ်ယာရှင်များ၊ မိတ်ဟောင်းမိတ်သစ်အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်-

**မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းအဆောက်အအုံ (MWEA Tower)၊ အမှတ် ၂၈၈/၂၉၀၊ အခန်းအမှတ် ၇၀၂၊ သတ္တမထပ်၊ ရွှေတိဂုံဘုရားလမ်း (ယောမင်းကြီးလမ်းထောင့်)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း/ဖက်စ်- +၉၅ ၁၃၇၉၈၂၂၊ +၉၅ ၁၃၇၉၂၇၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊
စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊
ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)

၁။ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)အတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းကြရန်ဖိတ်ခေါ်ပါသည်။

| စဉ် | အမျိုးအမည် |
|---|---|
| 1 | Aircon |
| 2 | Fax (Canon) |
| 3 | Copier (Canon) |
| 4 | Stabilizer |
| 5 | Physics Lab Accessories |
| 6 | ဖုန်စုပ်စက် |
| 7 | စာကူးစက် |
| 8 | Media Converter , Path Cond Wired FESC type , ADSL Moden TP Link Config |
| 9 | Computer Maintanance သုံးပစ္စည်းများ (RAM,Mother Board,VGA,Hard Disk) |
| 10 | Hardware လက်တွေ့ခန်းသုံးပစ္စည်းများ (M51-02,M85-02,KMS-603,KMS-606,KMS-608,KMS-608, Dtk -01A) |
| 11 | Crimping Tools |
| 12 | DC Power Supply |
| 13 | UBIQUITI Nano Station LOCO M2 Acesspoint |
| 14 | Unmanaged Switch 16 ports Giga Bits |
| 15 | UPS (Power Tree) |
| 16 | Desktop Computer (Dell) |
| 17 | Computer Table |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ( ၂၄ . ၇ . ၂၀၁၅)ရက် ၁၆ း ၀၀ နာရီ နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ် ( ဟသ်ာတ ) သို့ လာရောက်ပေး သွင်းရန်ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)
ဖုန်း - ၀၄၄ - ၂၂၂၅၊ ၂၁၉၄၂

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားစနစ်ဌာန၊ ဓာတ်အားကွပ်ကဲရေးဌာန (နေပြည်တော်)တွင် တပ်ဆင်ထားသော SCADA/EMS စနစ်နှင့် ချိတ်ဆက်ရန် ပင်မဓာတ်အားခွဲရုံ (၁၅)ရုံအတွက် Substation Automation System (SAS) စနစ်ကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၆-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၄-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ရုံးချုပ်မော်တော်ယာဉ်ဌာနအတွက် လိုအပ်သော တာယာ (၃၅၅)လုံးနှင့် ဘက်ထရီ (၂၂၁)လုံးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၇-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၆-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၆/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများကို တင်ဒါခေါ်ယူလိုပါသည်-

**မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း**

(က) **စက်နှင့်စက်အရန်ပစ္စည်းများ** - REF 542 Plus (HMI) Unit with Control Program Installer, Variable Frequency Drive(VFD),Main Control Unit (FM-801), High Voltage Cable.

**မြန်မာကျပ်ငွေဖြင့် လုပ်ငန်းဆောင်ရွက်ခြင်း**

(က) Urea Auto Clave သယ်ယူရန် Transporter ငှားရမ်းခြင်း

**နိုင်ငံခြားငွေဖြင့် ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ** - Fluorescent Indicator Dyed Gel

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ** - Spare Parts for Synthesis Gas Compressor,Spare Parts for Urea Hydrolyzer Feed Pump & Diaphragm Disc Pack, Level Transmitter, Temperature Element & Low Voltage Manager (BDM-100) for Plant Control, Spare Parts for Ammonia Feed Pump, Flushing Pump, Absorber Feed Pump and Hydrolyzer Feed Pump, Level Transmitter (LT 3202,LT 3404,LT 3505), Differential Pressure Transmitter (PDT 8112), Control Valve (Temperature Valve TV 4001), Controller (F 701 C Weighting Controller) and Solenoid

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၃-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၇-၂၀၁၅ ရက် ၁၂း၀၀ နာရီ Urea Auto Clave သယ်ယူရန် Transporter ငှားရမ်းခြင်း
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၇-၂၀၁၅ ရက် ၁၂း၀၀ နာရီ၊ အခြား Tender များ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၄၄၃၄ ပါမစ်မြေကွက်၏ အမည်ပေါက် ဦးဘိုရွှေ(ဘ)ဦးဖိုးခသည် ၁၆-၅-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် တရားဝင်ဇနီး ဒေါ်သိန်း ၉/ပမန(နိုင်)၂၂၇၄၁၇ (ဘ)ဦးထွန်းအေးမှ မြေကွက်အမှတ် ပ-၄၄၃၄၏ မြေပေးမိန့် (မြေချပါမစ်)အား ၎င်းအမည်ဖြင့် အမည်ပေါက်ပြောင်းလဲထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာနလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့
## အင်းလေးဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ

အင်းလေးဒေသဟိုတယ်ဇုန် ၆၆/၃၃/၁၁ကေဗွီ ဟိုတယ်ဇုန်ဓာတ်အားခွဲရုံတွင် လိုအပ်သော ခွဲရုံထိန်း/ပြင်(နေ့စား)ဝန်ထမ်း(၈)ဦး ခန့်အပ်သွားမည်ဖြစ်ပါသဖြင့် အောက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

(က) ဒေသခံအမျိုးသားဖြစ်ရမည်။
(ခ) အသက်(၃၀) ထက်မကြီးရ။
(ဂ) အနည်းဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
(ဃ) AGTI(EP), BTech(EP), BE(EP) ရရှိပြီးသူများဦးစားပေးမည်။
(င) ဟိုတယ်ဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ခန့်ထားခြင်းဖြစ်ပြီး လစာကို နိုင်ငံ့ဝန်ထမ်းများရရှိခံစားနေသော လစာနှုန်းအတိုင်းခံစားခွင့်ပြုမည်။
(စ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ဝန်ထမ်းအဖြစ် သွပ်သွင်းခန့်ထားနိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်ပေးမည်။
(ဆ) လျှောက်ထားသူသည် ကိုယ်တိုင်ရေးလျှောက်လွှာ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဘွဲ့၊ ဒီပလိုမာ၊ အခြေခံပညာအထက်တန်းအောင်မြင်ကြောင်းလက်မှတ်မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့ စီမံခန့်ခွဲရေးဌာနတွင် ရုံးချိန်အတွင်းလာရောက် လျှောက်ထားနိုင်ပါသည်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်တိုက်ကြီးမြို့နယ်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ကျောက်တန်းမြို့နယ်၊ ထန်းတပင်မြို့နယ်နှင့် တွံတေးမြို့နယ်များအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချခြင်း** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ သီတာဆိပ်လမ်းသွယ်၊ ပုဇွန်တောင်မြို့နယ်

**တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်မည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အောက်ပုဇွန်တောင်လမ်းမကြီး၊ သီတာဆိပ်လမ်းသွယ်၊ ပုဇွန်တောင်မြို့နယ်

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၆-၇-၂၀၁၅ရက်
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၀-၇-၂၀၁၅ရက်၊ ၁၂း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်၊ အချိန်** - ၂၀-၇-၂၀၁၅ရက်၊ ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၁)၊ ရန်ကုန်တိုင်းဒေသကြီးရုံး ဖုန်း-၀၁-၂၀၂၁၇၁၊ ၀၁-၉၀၀၀၉၁၂တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၃

| ဒေါ်အိအိမော် | နှင့် | ဒေါ်ခင်စောဦး |
|---|---|---|
| **တရားလို** | | **တရားပြိုင်** |

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဗိုလ်ဗစိုးလမ်း၊ အမှတ် ၄၁၄ နေ ဒေါ်ခင်စောဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်ပေါ်၌ တရားလိုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ဗစိုးလမ်း၊ မြေကွက်အမှတ် ၄၇၄၊ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား တရားလိုပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇူလိုင် ၁၀ ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၉ရက်) နံနက်၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရီရီခင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်၊ လူနေရပ်ကွက်အမှတ် မင်္ဂလာဒီပ၊မြေကွက် ပ/၂၃၃၇၉ ဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ အကျယ် (၈၀'×၆၀') နှစ်၃၀ဂရန်မြေပေါ်ရှိ အမှတ် ပ/၂၃၃၇၉၊ ချင်းတွင်းလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အမည်ပေါက်ပိုင်ရှင် ဦးဝင်းမြင့် ၁၂/ရကန(နိုင်)၀၂၃၁၁၀ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်းကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဦးဟိန်းသူကောင်း** | **ဦးသန့်ဇော်** |
|---|---|
| **အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)** |

**အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၁၇၆၇)၊ ဧရိယာ ၀ဒသမ၁၄၆ ဧက ဦးဘုန်းမြင့် အမည်ပေါက် နှစ် ၃၀ အငှားဂရန် မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၇၄/၂၀၁၅ (၁၇-၆-၂၀၁၅) ဖြင့်ဝယ်ယူထားသူ ဒေါ်မြို့မကြည် ၉/ပဘန(နိုင်)၁၅၁၀၇၃ (ဘ)ဦးသောင်းမှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင် လုံစွာတင်ပြ၍နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး) ပထမနှစ်ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ပညာသင်နှစ်အတွက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်၊ မန္တလေး)ပထမနှစ်သင်တန်းများသို့ တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

(က) တက္ကသိုလ်ဝင်စာမေးပွဲအား မည်သည့်ဘာသာတွဲဖြင့်မဆို အောင်မြင်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်ပြီး သက်ဆိုင်ရာအထူးပြုဘာသာရပ်နှင့်ကိုက်ညီသော ကိုယ်အင်္ဂါကျန်းမာသန်စွမ်းသူဖြစ်ရမည်။

( ဂ ) အနုပညာဝါသနာပါသူဖြစ်ရမည်။

၂။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် သင်ကြားမည့်အထူးပြုဘာသာရပ်အလိုက် အောက်ပါအတိုင်း ဘွဲ့အပ်နှင်းမည်ဖြစ်ပြီး မိမိတို့သင်ယူလိုသည့် အထူးပြုဘာသာရပ်ကို မိမိတို့ဝါသနာပါသည့်အတိုင်း ဦးစားပေးလျှောက်ထားနိုင်သည်-

| အထူးပြုဘာသာ | သင်တန်းကာလ | ဘွဲ့အမည် |
|---|---|---|
| (က) ဂီတပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ဂီတ) |
| ( ခ ) သဘင်ပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(သဘင်) |
| ( ဂ ) ပန်းချီပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ပန်းချီ) |
| (ဃ) ပန်းပုပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ပန်းပု) |
| ( င ) ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု | (၄)နှစ် | ဝိဇ္ဇာဘွဲ့(ရုပ်ရှင်နှင့်ပြဇာတ်) |

(ရုပ်ရှင်နှင့် ပြဇာတ်ပညာအထူးပြု တက်ရောက်လိုသူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၌သာ တက်ရောက်ရမည်ဖြစ်သည်)

၃။ ဂုဏ်ထူးတန်းတက်ရောက်ရန် သတ်မှတ်အရည်အချင်းပြည့်မီပါက စုစုပေါင်းသင်တန်းကာလ(၅)နှစ် တက်ရောက်ရမည်ဖြစ်ပြီး ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့များ အပ်နှင်းသွားမည်ဖြစ်သည်။

၄။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)သို့လည်းကောင်း လျှောက်ထားတက်ရောက်ကြရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၁/ဈ၊ အောင်ဇေယျလမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၌လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၌လည်းကောင်း ဝယ်ယူ၍လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်လွှာပုံစံနှင့်အတူ တက္ကသိုလ်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံချက်အမှတ်စာရင်းမူရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ ထောက်ခံချက်မူရင်း၊ ကျန်းမာကြောင်းထောက်ခံချက်၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၅)ပုံတို့နှင့် ပူးတွဲလျက် **၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၃ ရက် နောက်ဆုံးထား၍** အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)သို့ တိုက်ရိုက်ပေးပို့လျှောက်ထားကြရမည်ဖြစ်ပြီး၊ အလားတူလျှောက်လွှာပုံစံများကို ယဉ်ကျေးမှုဝန်ကြီးဌာန Website.www.culture.gov.mm နှင့် www.facebook.com/ministryofculture. culturemyanmar, www. facebook.com/ministry ofculturemyanmar တို့တွင် Download ရယူပြီး တက္ကသိုလ်သို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၆ရက်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကိုသိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ဖုန်း-၀၁-၅၉၀၂၅၂၊ ၀၁-၅၉၀၂၅၄ သို့လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) ဖုန်း-၀၈၅-၄၀၁၈၄သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**(ဓော်ဦး)**
**မော်ကွန်းထိန်း**
**အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)**

# မြန်မာ့ဆက်သွယ်ရေးကွန်ရက် အများပိုင်ကုမ္ပဏီလီမိတက် ဒုတိယအကြိမ်မြောက် ရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

မြန်မာ့ဆက်သွယ်ရေးကွန်ရက် အများပိုင်ကုမ္ပဏီလီမိတက်၏ ဒုတိယအကြိမ်မြောက် ရှယ်ယာရှင်များ နှစ်ပတ်လည် အထွေထွေအစည်းအဝေးအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါကြောင်းနှင့် ရှယ်ယာရှင်များအားလုံးထံသို့ စာတိုက်မှတစ်ဆင့် ဖိတ်စာများပေးပို့မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ အစည်းအဝေးသို့ ဖိတ်စာနှင့်တကွ ကြွရောက်ချီးမြှင့်ပေးနိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၈-၇-၂၀၁၅ ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
**ကျင်းပမည့်နေရာ** - ဇမ္ဗူရစ်ရွှေစင်ခန်းမ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ ရန်ကင်းစင်တာအနောက်ဘက်၊ စက်မှု ၁ လမ်း၊ ရန်ကင်းမြို့နယ်

**မြန်မာ့ဆက်သွယ်ရေးကွန်ရက် အများပိုင်ကုမ္ပဏီလီမိတက်**

# ချင်းပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ချင်းပြည်နယ်၊ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးလက်အောက်ရှိ စီမံကိန်းအထူးအဖွဲ့များနှင့် ခရိုင်အဖွဲ့များမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကတ္တရာခင်းခြင်းလုပ်ငန်းများအတွက် လိုအပ်သော ကတ္တရာများအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များကို အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး ဖုန်း- ၀၇၀-၂၀၀၃၃၊ ၀၇၀-၂၂၃၅၈တို့အား ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၃-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၇-၇-၂၀၁၅ ရက်၊ ၁၂း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၈-၇-၂၀၁၅ ရက်

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ချင်းပြည်နယ်၊ လမ်းဦးစီးဌာန**

# တောင်ပေါ်ရှုခင်းသာဟိုတယ်(ကလော) မိုးရာသီအထူးလျှော့ဈေး

- Hill Top Villa Hotel (Kalaw) Rainy Season Special discount မေ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက် ၂၀၁၅ခုနှစ်ထိ၊ မိုးရာသီ ၅လအတွင်း အခန်းခများအား ၃၀% ဈေးလျှော့ပေးထားပါသဖြင့် ခေါင်မိုးနီနီနဲ့ သစ်လုံးအိမ်လှလှလေးတွေမှာ လာရောက်အနားယူအပန်းဖြေကြပါရန် သတင်းကောင်းပါး၍ လေးစားစွာဖိတ်ကြားအပ်ပါသည်။

**ဟိုတယ် Booking လုပ်ရန်-**

- ရန်ကုန် ဖုန်း-၀၁-၂၄၂၆၇၁၊ ၀၁-၂၅၀၆၀၂၊ ၀၉-၄၃၁၀၄၁၉၉၊ ၀၉-၄၂၁၁၄၈၆၉၆
- ကလော ဖုန်း-၀၈၁-၅၀၃၄၆၊ ၀၈၁-၅၀၃၄၇၊ ၀၉-၄၂၈၃၁၂၁၀၈၊ ၀၉-၄၂၈၃၂၇၂၃၉
- Email: < hilltopvillayangon@gmail.com >
- Email: < hilltopvillakalaw@gmail.com >
- Online: < www.hilltopvillakalaw.com >

# ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၃၇**

ဒေါ်အာရှခါတူး **နှင့်** ၁။ ဦးကျော်မြင့်
၂။ ဒေါ်သန်းသန်းအေး

**တရားလို** **တရားပြိုင်များ**

အမှတ် ၁၆၃၊ ရတနာမဏ္ဍာလမ်း၊ (ဆ/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)နေ (၁)တရားပြိုင် ဦးကျော်မြင့် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်ပျက်ကွက်၍ နစ်နာကြေးနှင့် တိုက်ခန်းတန်ဖိုးနှစ်ဆ စုစုပေါင်း ကျပ်သိန်း(၁၉၀) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၇ ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# ပြောင်းလဲခေါ်ဆိုပါရန်

လားရှိုးမြို့၊ ရပ်ကွက်၅၊ နယ်မြေ ၁၉၊ နမ့်စံလမ်း၊ အိမ်အမှတ် ၂၆၉နေ ဦးဇော်မင်းဌေးအား ဦးနေဝင်းဇော် ၁၃/လရန(နိုင်)၁၆၈၄၉၁ဟု ပြောင်းလဲခေါ်ဆိုပါရန်။

# တစ်ဦးတည်းဖြစ်ကြောင်း

ဝန်းသိုမြို့နယ်၊ အာမခံကျေးရွာအုပ်စု၊ ဩဂကျေးရွာနေ ဦးကျော်ဇံ၏သား ဦးတင်မောင်ဌေး ၁/မကန(နိုင်)၀၁၁၀၅၉ နှင့် ဦးနှင်းဦးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်မောင်ဌေး(ခ)ဦးနှင်းဦး**

# ဖခင်အမည်မှန်

တန့်ဆည်မြို့နယ်၊ ရွာရှည်(မ) အထက၊ အဌမတန်း(A)မှ မောင်ဟန်မင်းဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်းသန်းဦး ၅/တဆန(နိုင်)၀၉၃၈၀၅ ဖြစ်ပါသည်။

# တိုက်ခန်းရောင်းရန်ရှိသည်

မရမ်းကုန်းမြို့နယ်၊ ရဲဘော်ဟောင်း (၈)မိုင်၊ တိုက်ခန်းမြေညီထပ်ရောင်းရန်ရှိသည်။

**ဈေးနှုန်း ကျပ်သိန်း ၅၅၀၊**
**ဆက်သွယ်ရန်ဖုန်း-**
**၀၉-၅၁၅၃၈၄၇၊**
**၀၉-၂၆၃၃၃၁၅၁၃**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၌**
**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၀၁**
**ကွယ်လွန်သူ ဒေါ်ခင်မူမူသန်း၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဒေါ်ခင်စိုးမိုးသန်း **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၂ရပ်ကွက်၊ ကင်းဝန်လမ်း၊ အမှတ် ၁၂၄၁ နေ ဒေါ်ခင်စိုးမိုးသန်းက ကွယ်လွန်သူ ဒေါ်ခင်မူမူသန်း၏ ညီမဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူ ဒေါ်ခင်မူမူသန်းမှာကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုထောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်ခင်မူမူသန်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူပုဂ္ဂိုလ်သမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၁ရက်၊ ၁၀း၀၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ခင်စိုးမိုးသန်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇွန် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နှင်းသီတာ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၀၁**
**(ကွယ်လွန်သူ ဦးအောင်ကြည် ကျန်ရှိရစ်သောပစ္စည်းအကြောင်း)**

ဦးဉာဏ်ဝင်း **လျှောက်ထားသူ**
အမှတ် (၃၈)၊ ၎ဝါလမ်း၊ စောရန်ပိုင်
(တောင်)ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဦးဉာဏ်ဝင်းက ကွယ်လွန်သူ ဦးအောင်ကြည်၏ ညီဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးအောင်ကြည်၏ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကိုထောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ကြားသိစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအောင်ကြည်၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူပုဂ္ဂိုလ်သမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဇူလိုင် ၁၅ ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၄ရက်) နံနက် ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးဉာဏ်ဝင်း၏ လျှောက်ချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စန္ဒာခင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

---

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၉၉**
**ကွယ်လွန်သူ ဦးဘုန်းဆိုင်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဒေါ်နွဲ့နွဲ့ဝင်း **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဖောခိရိပ်သာလမ်း၊ အမှတ် ၃၈-အေနေ ဒေါ်နွဲ့နွဲ့ဝင်းက ကွယ်လွန်သူ ဒေါက်တာဘုန်းဆိုင်၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်သည်ဟူ၍လည်းကောင်း ကွယ်လွန်သူ ဒေါက်တာဘုန်းဆိုင် ဖွင့်လှစ်ခဲ့သည့် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၏ငွေစာရင်း၌ စုဆောင်းငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀၁၃၁မ၀၅ (အမေရိကန်ဒေါ်လာတစ်သောင်း ၁၃၁မ၀၅ ဒေါ်လာ)ကို ထုတ်ယူနိုင်ရန်နှင့် CB ဘဏ် ဝိဇယဘဏ်ခွဲရှိ ကျန်ရစ်ရှိသောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း။ ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါက်တာဘုန်းဆိုင်မှာ ကျန်ရစ်သော ပစ္စည်းများ အပေါ်၌ ရရန်ရှိသူပုဂ္ဂိုလ်သမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဇူလိုင် ၂၄ ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ရက်)နံနက် ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် အထက်အမည်ပါ လျှောက်ထားသူ၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မရသင့်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

**(ကြည်ကြည်စိန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး**

---

## ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စရပ် ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ အလုံလမ်းရှိ Orchid Condominium Room No.92 (9th Floor)၊ အကျယ်အဝန်း ၂၄၀၀ စ/ပေ ရှိ အသင့်နေထိုင်နိုင်သော တိုက်ခန်းအား ပိုင်ရှင်ဖြစ်သူ ဦးဝင်းမြင့် ၁၂/ဗတထ(နိုင်)၀၃၁၅၃၆၊ ဒေါက်တာ ဒေါ်ချိုချိုသန့် ၁၂/ဗတထ(နိုင်)၀၀၈၃၈၃ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်သူ၏ညွှန်ကြားချက်အရ-**
**ဦးအောင်မြတ်ထွဋ် H.G.P, LL.B, D.A, D.O.S, B.D.S, WIPO (Switz)**
**တရားလွှတ်တော်ရှေ့နေ (စဥ်-၄၃၇၆/၈၇)**
**ဒေါ်စန်းစန်းတင့် LL.B, WIPO (Switzerland)**
**အထက်တန်းရှေ့နေ (စဥ်-၂၆၄၁၉/၀၇)**
**ရုံး-တိုက်-၉/၁၁ (ပထမထပ်)၊ အခန်း ၁၀၄(ဒီ)၊ ၃၆ လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၉၂၂၈၁၄၆၊ ၀၉-၂၅၀၂၈၄၇၂၂**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊သန်လျင်-ကျောက်တန်းမြို့နယ်၊ သီလဝါစက်မှုဇုန်၊ မြေကွက်အမှတ် ၆၇၊ ဧရိယာ ၁ဒသမ၈၃၆ ဧကကို အမည်ပေါက် ဦးစိုးမြင့် ၁၀/မဒန(နိုင်)၀၁၂၅၇၄ထံမှ ဒေါ်နုနုရီ ၁၂/လမတ (နိုင်)၀၂၃၅၃၂ က စာချုပ်စာတမ်းဖြင့် ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဒေါ်နုနုရီ အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် (၄၆၁/ခ)၊မြေကွက်တည်နေရာအမှတ် (၄၆၁/ခ)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးကံမြင့် ၁၂/သဃက (နိုင်)၀၅၇၉၈၅ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကံမြင့်ထံမှ ၂၇-၃-၂၀၀၀ ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဝင်းအောင် ၁၂/သဃက(နိုင်) ၁၂၇၁၅၀က ဂရန်သစ်လျှောက်ထားလာရာတွင် တင်ပြထားသည့် ပါမစ်မစုံလင်သဖြင့် ခိုင်လုံသောအထောက်အထားဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# အထူးကျေးဇူးတင်ရှိခြင်း

၂၁-၆-၂၀၁၅ ရက်တွင် ကွယ်လွန်သွားသော ဦးမိုးဦးအား ၂၄-၁-၂၀၀၃ရက် ကကျောက်ကပ်လှူဒါန်းခဲ့သော ဦးမိုးဦး၏ အစ်မကြီးဒေါ်မို့မို့အားလည်းကောင်း၊ ကျောက်ကပ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဦးခင်မောင်သန်းအားလည်းကောင်း၊ အထွေထွေအထူးကုဆရာဝန်ကြီး ဒေါ်သန္တာချိုအားလည်းကောင်း ၂၆-၁-၂၀၀၄ရက်တွင် နှလုံးသွေးကြောအတွင်း Stent ထည့်ခြင်းအား ကူညီခဲ့ပြီး ယခုအချိန်ထိ အနီးကပ်ကူညီခဲ့ကြသော ဦးမိုးဦး၏အချစ်ဆုံး သူငယ်ချင်း (၂) ဦးတို့အားလည်းကောင်း၊ ဦးမိုးဦး၏ ဘဝသက်တမ်းတစ်လျှောက်ပျော်ရွှင်စွာ ချစ်ခင်ပေါင်းသင်းခဲ့ကြသော Regional College Hlaing Campus(RC2)Yangon မှ သူငယ်ချင်းများ၊ Singapore မှသူငယ်ချင်းများအားလည်းကောင်း၊ ဦးမိုးဦး၏နာရေးမှစ၍ ရက်လည်ဆွမ်းကျွေးထိကူညီခဲ့ကြသော Singapore မှထူးကုမ္ပဏီဝန်ထမ်းများ၊ Yangon Airport Group အဖွဲ့၊ Mingalardon Cargo Services Public Co.,Ltd. အားလည်းကောင်း၊ အရိုးပြာအား မြစ်ထဲမျှောစဥ်ကူညီပေးခဲ့သော ထူးကုမ္ပဏီများအုပ်စုအားလည်းကောင်း၊ ဝမ်းနည်းလွှာပေးပို့သော ထူးကုမ္ပဏီများအုပ်စုဥက္ကဋ္ဌနှင့်ဝန်ထမ်းများ၊ TTC မှဆရာကြီးဆရာမကြီးများ၊ ငယ်သူငယ်ချင်းများ EC အစ်ကိုအစ်မများ၊ Yangon Airport Group, Mingalardon Cargo Services Public Co.,Ltd., Asian Wing Airways,Air Myanmar Aviation Academy Co.,Ltd., Asia Green Development BanK,Air Myanmar Aviation Services တို့အားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်အားပေးခဲ့ကြသော ဆရာ၊ဆရာမများ၊ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေ သူငယ်ချင်း၊ ဆွေမျိုးများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် အားပေးနှစ်သိမ့်ခဲ့ကြသော သူငယ်ချင်းဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၈၊ မြေကွက်အမှတ် ၆၅၆၊ အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် အမည် ပေါက်ပိုင်ဆိုင်သူ ဒေါ်ပါပါး S/OKA-၁၂၉၂၄၃ထံမှ အရောင်းအဝယ်စာချုပ်စာတမ်း အဆက်ဆက် ဖြင့် ကျွန်မဒေါ်မြတ်မြတ် ၁၂/အစန(နိုင်)၁၀၅၀၆၃မှ ဝယ်ယူပိုင်ဆိုင်ထားပြီး သက်ဆိုင်ရာဌာနတွင် ကျွန်မ၏အမည်ပေါက်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်းစုံလင်စွာဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်။

**အိမ်အမှတ် ၃/၁၀၁၊ အင်ကြင်းမြိုင်အိမ်ရာ၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၀၉-၄၂၅၃၁၉၉၈၇၊ ၀၉-၅၁၈၉၆၂၈**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးချစ်စံ(ခ)နိုင်ချစ်ဆိုင် အသက်(၈၁)နှစ်
**ရွာလွတ်ရွာ၊ ဘီလူးကျွန်း၊ ကျိုက်သီမွန်ကျောင်းဒါယကာကြီး**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် ၇၇/၇၉နေ(ဦးပန်းယုံ-ဒေါ်သဲနု)တို့၏သား၊ ဒေါ်မိအုန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ မင်းကျော်ညွန့်-မိသူဇာလှိုင်၊ မင်းဟံသာထော-မိမြမြသန်း၊ ဗညား ကောနန်-မနွယ်နွယ်ဝင်း၊ မိမြစန္ဒာ၊ ဗညားထောသွန်တို့၏ ချစ်လှစွာသောဖခင်၊ မင်းသိုက်ဆန်း၊ မိဇာခြည်မွန်၊ မိဇွန်ပါသွန်း၊ ဗညားအုပ်စိုးပိုင်၊ ဗညားအောင်ထက်ပိုင်တို့၏ ဘိုးဘိုး၊ ဗိုလ်မှူးကြီးအောင်ငြိမ်း(ငြိမ်း)-ဒေါ် မိခင်သန်း၊ နိုင်ဘစန်း-ဒေါ်မိမြင့်ကြည်၊ ဒေါ်မိခင်လှတင်(ငြိမ်း)၊ ဦးမင်းတင်ရွှေ(ငြိမ်း)-ဒေါ်မိမြင့်မြင့်သောင်းတို့၏ အစ်ကိုသည် ၂-၇-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက်၄း၃၀နာရီတွင် ရန်ကုန်မြို့ (ခုတင်-၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

---

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ခရေ(၃)လမ်း၊ တိုက် ၁၈၊ အခန်း အမှတ် ၁၀၃ဟု ခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ခင်ခိုင် ၁၂/မရက(နိုင်)၀၀၀၉၀၄ထံမှ ကျွန်ုပ်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်သူများအနေဖြင့် ကန့်ကွက်လိုပါလျှင် ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်ခင်မိမိ**
**၁၂/ကမတ(နိုင်)၀၀၁၂၁၃**
**တိုက် ၁၆၊ အခန်း ၄၀၂၊ ခရေ ၃ လမ်း၊ (၅)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊ ဖုန်း-၀၉-၂၅၀၁၅၄၀၆၆**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးကြီးမြင့်
**အသက်(၆၈)နှစ်**

(ဦးဖိုးပိန်-ဒေါ်လှငွေး)တို့၏သား၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ အမှတ် ၁၂ နေ ဒေါ်လှသန်း၏ခင်ပွန်း၊ မခင်မာဦး၏ဖခင်၊ ကိုစောရာဇာဝင်း-မမီမီမြတ်စိုး၊ ကိုအောင်ဇော်ဟိန်း၊ မောင်ဇော်ဝေယံထက်တို့၏အဘိုးသည် ၃-၇-၂၀၁၅ ရက်(သောကြာနေ့) မွန်းလွဲ ၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်ုပ်၏အမှုသည် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ တိုက်အမှတ် ၈၅၈၊ အခန်း ၂၀၁ နေ ဦးဇော်ဝင်း ၁၂/ဒပန(နိုင်)၀၃၂၉၈၅ သည် ဒေါ်ထွေးသန်း(ခ)ကရင်မ(ဘ)ဦးကုလား၏ တရားဝင်ခင်ပွန်းအဖြစ်မှ ကြော်ငြာပါသည့်ရက်မှစ၍ လုံးဝမသက်ဆိုင်တော့ပါကြောင်း ဦးဇော်ဝင်းပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများနှင့် လုံးဝမသက်ဆိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကာယကံရှင် ဦးဇော်ဝင်း၏လွှဲပြောင်းတာဝန်ပေးချက်အရ-**

**ဒေါ်အေးသန္တာ**
**အထက်တန်းရှေ့နေ**
**(စဥ်-၃၉၂၆၃)**

---

**ဦးမျိုးသန့်**
**ကုန်သွယ်လယ်ယာ(ငြိမ်း)**
**အသက် (၆၀)**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၈) ရပ်ကွက်၊ မြတ်မင်္ဂလာလမ်း၊ အမှတ် ၅၆၉နေ ဒေါ်တင်တင်အုံး၏ခင်ပွန်း၊ ဦးလှတင်သိန်း(ဆားဖျော် ခရိုင်မန်နေဂျာ-ငြိမ်း)-ဒေါ်စန်းစန်း တို့၏သား၊ ဒေါက်တာဦးဝင်းမြင့်(ဇီဝကဆေးခန်း၊ တာမွေ)-ဒေါ်လှမျိုးနိုင်တို့၏ညီ၊ ဒေါ်ချိုချိုသိန်း-ဦးအောင်မင်းတို့၏အစ်ကို၊ မောင်ဝေယံမျိုးသန့်၊ မောင်အာကာမျိုးသန့်၊ မောင်ဇင်မျိုးသန့်တို့၏ ချစ်လှစွာသောဖခင်သည် ၃-၇-၂၀၁၅ရက် (သောကြာနေ့) နံနက် ၁း၄၅နာရီတွင် သဃ်္ဃန်းကျွန်းစံပြဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၄ ကံဘဲ့၊ မြေကွက်အမှတ် ၇/ဃ၊ မြေကွက်တည်နေရာအမှတ် ၃၈၉၊ ဝါယာလက် ၃ လမ်း၊ ၉ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးဇာနည်အောင် LONT HSUNG) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်များ ကိုယ်တိုင်မှ နှစ် ၆၀ မြေငှားစာချုပ်/ဂရန်မှာ ခြကိုက်ပျက်စီးသွားပါသဖြင့် အသစ်ထပ်မံထုတ်ပေးပါရန် အမည်ပေါက်သည့် နှစ် ၆၀ မြေငှားစာချုပ် (ဂရန်)မူရင်းမိတ္တူ၊ ပိုင်ဆိုင်ကြောင်း စာချုပ်-၁၃၂၁/၂၀၁၃(၂၈-၃-၂၀၁၃)၊ အရောင်းအဝယ်စာချုပ်အမှတ် ၁၃၁၀/၂၀၁၅ (၁၈-၂-၂၀၁၅) တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/အနော်မာ)၊ မြေကွက်အမှတ်(၄၇၆/က)၊ မြေကွက်တည်နေရာအမှတ်(၄၇၆/က)၊ အနော်မာအရှေ့ ၁၁လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ (၁)ဦးမာမက်ကရင်၊ (၂)ဦးမာမက်အာလံ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူဦးမာမက်ကရင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအတွက် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်စိန် ၁၂/သကတ(နိုင်)၁၁၇၀၅၃ မှ ကျန်အမည်ပေါက် ဦးအာမက်အာလံ ၁၂/ပဇတ(နိုင်)၀၂၆၂၄၉ နှင့် ပူးတွဲလျက် သေစာရင်း၊ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ရရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့်ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

# အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**
**ဦးသန့်ဇင်(ကန်တော်လေး)(UNITEAM MARINE)**
**အသက်(၅၂)နှစ်**

ရန်ကုန်မြို့၊ အမှတ်၅၇၊ ဒေါ်သိန်းတင်လမ်း၊ ရစ်လွှာ(B)၊ ကန်တော်လေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဖခင်ကြီး ဦးသန့်ဇင် နာမကျန်းဖြစ်စဉ်ကာလ၌ ကူညီစောင့်ရှောက်ပေးခဲ့ကြသော UNITEAM MARINE (YANGON)Co.,Ltd. မှ အကြီးအကဲများ၊ ဆရာများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ စိတ်ရောကိုယ်ပါ မိသားစုစိတ်ဓာတ်အပြည့်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသူများနှင့် သင်္ကန်း လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းကြသည့် တော်ဝင်မိသားစုနှင့် မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိသားစုဝင်များ အားလည်းကောင်း၊ နောက်ဆုံးခရီးထိလိုက်ပါပို့ဆောင်ပေးကြသူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးချစ်စံ(ခ)နိုင်ချစ်ဆိုင်
**(ရွာလွတ်ရွာ၊ဘီလူးကျွန်း/ရန်ကုန် ကျိုက်သီမွန်ကျောင်းဒါယကာကြီး)**
**အသက်(၈၁)နှစ်**

၂-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ရန်ကုန်မြို့၊ ကျိုက်သီမွန်ကျောင်းဝေယျာဝစ္စအဖွဲ့**

# မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သောရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျနှင့် မိုးရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သော ရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။
- (က) ဝမ်းပျက် ဝမ်းလျှောနှင့် ကာလဝမ်းရောဂါ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင် အသားဝါ ရောဂါနှင့် သံကောင်၊ တုပ်ကောင်ရောဂါများ
- (ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ
- (ဂ) တုပ်ကွေး၊ နှာစေး၊ ချောင်းဆိုးနှင့် အဆုတ်အအေးမိ ရောဂါ

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းများမှာ
- (က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီးစသည့် သစ်သီးဝလံများ၏ အခွံအစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ ယင်ပေါ များခြင်း၊
- (ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊
- (ဂ) မိုးရွာပြီးရေတင်ရေဝပ်သဖြင့် ရေအိုင် ရေဗွက်ဖြစ်၍ ရေမြောင်း ပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း၊
- (ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊
- (င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊
- (စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါ ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- (က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးကို စည်းကမ်းမဲ့စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။
- (ဃ) မိမိတို့မိသားစုတွင် ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊
- (င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊
- (စ) ရေကိုကျိုချက်၍သောက်ပါ၊
- (ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေးချက်ပြုတ်စားသုံးပါ၊
- (ဇ) ရာသီဥတုအပူအအေး အပြောင်းအလဲကို သတိရှိပါ၊
- (ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင်နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊
- (ည) ရောဂါတစ်မျိုးမျိုးဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ပါ၊
- (ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသ စစ်ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

**ဝမ်းနည်းကြေကွဲခြင်း**
## ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်ကျော်ဝင်း (ငြိမ်း)
**ဒုတိယဝန်ကြီး(ငြိမ်း)**
**အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**ကြည်း-၁၁၃၈၀၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၀)**
**အသက်(၆၈)နှစ်**

ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း)သည် ၃၀-၆-၂၀၁၅ရက် (အင်္ဂါနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဦးဖေညာဏ်**
**စန္ဒကူးမြိုင်သာသနာ့ရိပ်သာ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း)
**ဒု-ဝန်ကြီး(ငြိမ်း)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန**
**ကြည်း-၁၁၃၈၀၊ စစ်တက္ကသိုလ်အမှတ်စဉ်(၁၀)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ အမှတ်(၂၁၃)၊ ၄ဝါလမ်း၊ (၃၀)ရပ်ကွက်၊ သုဝဏ္ဏတွင်နေထိုင်သော ဦးလေးဖြစ်သူသည် ၃၀-၆-၂၀၁၅ရက် ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် အလွန်ဝမ်းနည်းကြေကွဲရပါကြောင်း။

**တူ+တူမ**
**ဦးအောင်သွင်(TOTAL-Myanmar)-**
**ဒေါက်တာစံပယ်လှိုင် မိသားစု**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဝဏ္ဏကျော်ထင် ဗိုလ်မှူးချုပ်ကျော်ဝင်း (ငြိမ်း)
**ဒုတိယဝန်ကြီး(ငြိမ်း)**
**စက်မှု(၁)ဝန်ကြီးဌာန**
**အသက်(၆၈)နှစ်**

ဦးမြတ်ထွန်းကျော်(ညွှန်ကြားရေးမှူး၊ ကညန)-ဒေါ်မျိုးဖြူစင်တို့၏ဖခင် ဗိုလ်မှူးချုပ်ကျော်ဝင်း(ငြိမ်း)သည် ၃၀-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်မူယာရှိန်၊ တိုင်းဒေသကြီး ဦးစီးမှူး**
**ဧရာဝတီတိုင်းဒေသကြီး၊ (ကညန-ကလ)နှင့်**
**ခရိုင်ဦးစီးမှူးများ၊ ဝန်ထမ်းမိသားစုများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးချုပ်ချိုမောင်စိုး
**ကြည်း-၂၀၈၀၇၊ OTS 75**

ဒေါ်ဝင်းမြတ်ခိုင်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးချုပ်ချိုမောင်စိုး (ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုအရာရှိချုပ်ရုံး)သည် ၁-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးတိုးလွင်**
**ဒေါက်တာမာလာညို**

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်မှူးချုပ်ချိုမောင်စိုး
**ကြည်း-၂၀၈၀၇၊ OTS-75**
**B.E Mechanical (85 Batch)**
**အသက်(၅၄)နှစ်**

နေပြည်တော်၊ ၄ဝါရိပ်သာနေ ဒေါ်ဝင်းမြတ်ခိုင်၏ခင်ပွန်း၊ မောင်ကျော်ခန့်၊ မခိုင်လဲ့ရည်နွယ်တို့၏ဖခင် ဗိုလ်မှူးချုပ်ချိုမောင်စိုးသည် ၁-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁း၀၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ချွန်-ဒေါ်ခိုင်ခိုင်စမ်း**
**အောင်ဇမ္ဗူ ရတနာရွှေဆိုင်**
**အောင်ဇမ္ဗူအဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၊ အထက်မင်းလှမြို့**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ခင်မာငွေး
**S.A.T (ငြိမ်း)၊ ပြည်လမ်း TTC**
**အသက်(၆၇)နှစ်**

ကိုစောလွင်လွင်ဝင်း(Ocean Tankers Pte.,Ltd.)၊ မခင်မိုးလွင်(NLD တိုင်းရုံး)တို့၏ကျေးဇူးရှင်မိခင်ကြီး၊ မောင်ထွန်းအောင်လင်း၏ ချစ်လှစွာသော အဘွားသည် ၂-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုလင်းမောင်ဖြူ၊ ကိုတေဇာလွင်**
**ကိုသိန်းမြင့်၊ မလတ်၊ မစိုး၊ မနီ**

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ခင်မာငွေး
**S.A.T (ငြိမ်း)၊ ပြည်လမ်း TTC**
**အသက်(၆၇)နှစ်**

ကိုစောလွင်လွင်ဝင်း(Ocean Tankers Pte.,Ltd.)၊ မခင်မိုးလွင် (NLD တိုင်းရုံး)တို့၏ကျေးဇူးရှင်မိခင်ကြီး မောင်ထွန်းအောင်လင်း၏ ချစ်လှစွာသော အဘွားသည် ၂-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မငယ်၊ မစု**

## ဒေါ်နီထိန်
**(ကျောက်ဖြူ၊ ရန်ကုန်)**
**အသက်(၈၈)နှစ်**

ကျောက်ဖြူမြို့၊ ရုံးတက်လမ်းနေ (ဦးမောင်ရှိန်)၏ဇနီး၊ ဦးမောင်ဆန်း (မြန်မာ့ဆားလုပ်ငန်း၊ ငြိမ်း) - ဒေါ်သီတာသန်း(မြန်မာ့ဆားလုပ်ငန်း)၊ ဒေါ်နွယ်နွယ်ရှိန်(အထက-၃၊ ဒဂုံ၊ ငြိမ်း)၊ ဦးမောင်ကြည်-ဒေါ်နော်အေးသိန်းတို့၏မိခင်၊ မနွယ်နီရှိန်-ကိုဒေးဗစ်(ခေတ္တ-U.S.A)၊ မချိုလင်းနိုင် (Ooredoo Myanmar Ltd.)၊ မချိုလင်းနိုင် (Final year B.BM)၊ မောင်ကြည်မင်းခန့် (X၊ အထက-၁၊ ဒဂုံ)တို့၏ အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွားကြီးသည် ၄-၇-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁း၅၇နာရီတွင် အမှတ် ၅၂၊ မနော်ဟရီလမ်း၊ ပြည်လမ်းအနောက်ရပ်ကွက်၊ ဒဂုံမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်နီထိန်
**(ကျောက်ဖြူ၊ ရန်ကုန်)**
**အသက်(၈၈)နှစ်**

ကျောက်ဖြူမြို့၊ ရုံးတက်လမ်းနေ (ဦးမောင်ရှိန်)၏ဇနီး၊ ဦးကြင်ဝင်း(ဌာနမှူး၊ ငြိမ်း၊ မြန်မာ့ပုလဲ)-ဒေါ်သာမြိုင်၊ ဦးကျင်မင်း (လက်ထောက်ညွှန်မှူး၊ ငြိမ်း၊ ပြည်သူ့လွှတ်တော်ရုံး)-ဒေါ်ခင်ကျင်၊ (ဒေါ်သောင်း) - ဦးသန်းမြင့်၊ (ဦးလှမြင့်)-ဒေါ်ရွှေမြခိုင်၊ ဒေါ်ခင်ခင်စော၊ ဒေါက်တာလှဖေ(ဦးနှောက်နှင့် အာရုံကြောဆရာဝန်ကြီး၊ ငြိမ်း)-ဒေါ်ဝင်းဝင်းသန်း၊ဦးထွန်းလွင်-ဒေါ်အောင်ကြည်၊ ဦးကျင်ဝါ-Raya တို့၏အစ်မကြီးသည် ၄-၇-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁း၅၇နာရီတွင် ဒဂုံမြို့နယ်၊ ပြည်လမ်း၊ အနောက် ရပ်ကွက်၊ မနော်ဟရီလမ်း၊ အမှတ် ၅၂နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၅ ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဦးပေါ်ဆာထွန်း
**(လဝက၊ ငြိမ်း)**
**အသက်(၈၁)နှစ်**

မန်တုံမြို့နေ (ဦးပေါ်ဆာလရစ်-ဒေါ်ညိမ်ထုန်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးစောဘဲနီ) - ဒေါ်နော်အေးခင်တို့၏ သားသမက်၊ ၁၁လမ်း၊ သမိုင်း၊အမှတ် ၂၇၅နေ ဒေါ်နော်ဟယ်လင်၏ချစ်လှစွာသောခင်ပွန်း၊မြစ်ကြီးနားမြို့နေ ဦးပေါ်ဆာဘရန်မိုင်-ဒေါ်မရမ်ရွယ်ဂျီး၊ မန်တုံမြို့နေ ဦးပေါ်ဆာလဝေါမ်-ဒေါ်လဖိုင်ဂျာတုမ်၊ ဦးမရမ်ဖုန်အောင်လီ-ဒေါ်ပေါ်ဆာထွန်းဂျာနူး၊ ဦးပေါ်ဆာတူးရှန်ဖုန်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ပေါ်ဆာဆွတ်ရိန်ဖုန်း၊ မဆွတ်ဆိုင်းပန်တို့၏အဘိုးသည် ၃-၇-၂၀၁၅ရက် ည ၁၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၆-၇-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးကျော်နိုင်ဦး
**(မန်နေဂျင်းဒါရိုက်တာ)**
**နိုင်ထူးဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**
**အသက်(၄၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရွှေပင်လုံအိမ်ရာ၊ ကျောက်စိမ်းနှင်းဆီလမ်း၊ အမှတ် ၇၀နေ ဦးမြင့်ဆွေ-(ဒေါ်ယဉ်မြင့်)တို့၏သား၊ ဒေါ်မြသီတာဆွေ၊ ဦးဇော်မောင်မောင်ထွေးတို့၏အစ်ကိုကြီး၊ မဖူးသဉ္ဇာကျော်၊ မောင်လင်းထက်ဦးတို့၏ ဖခင်သည် ၄-၇-၂၀၁၅ရက် (စနေနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ထွေး(လက်ပံတန်းမြို့) အသက်(၉၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ မအူကုန်ရပ်ကွက်၊ သီတာလမ်းနေ (ဦးတင်မောင်၊ ငြိမ်း၊ သစ်တောဦးစီးမှူး)၏ဇနီး၊ ဦးလှသိန်း-ဒေါ်ခင်ခင်ဆွေ၊ ဦးမြင့်သိန်း-ဒေါ်စမ်းစမ်းမြင့်၊ ဦးအောင်မြင့်စိန်-ဒေါ်မြမြမူ၊ ဦးမြင့်သွင်-ဒေါ်ရီတင်၊ ဦးတင်လှိုင်-ဒေါ်ခင်ငြိမ်းငွေးတို့၏မိခင်ကြီး၊ မြေး ၁၃ယောက်၊ မြစ်ခုနစ်ယောက်တို့၏ဘွားဘွားကြီးသည် ၃-၇-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄-၇-၂၀၁၅ ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ယုံ (စလင်း)
**အသက်(၉၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အေးရိပ်မွန်အိမ်ရာ၊ စကားဝါလမ်း၊ အမှတ် ၆ နေ (ဦးစိုးမြင့်)၏ဇနီး၊ ဦးကျော်လင်း၊ ဒေါက်တာခင်ဝင်းဦးတို့၏မိခင်ကြီး ဒေါ်ယုံသည် ၁-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ ဦးညွန့်သိန်း**
**ပါမောက္ခ ဒေါ်ဝင်းမင်းသန်း**
**ဒေါက်တာခင်စောသန်း**
**ဒေါက်တာလှိုင်မြဝင်း၊ ဒေါက်တာသန်းဝင်းညွန့်**
**ဒေါက်တာမိုးမိုးဆန်း**

## ဦးစိုးသိန်း (ဘီးလင်း၊ ရွှေလှေ)
**အသက်(၆၄)နှစ်**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ရွှေလှေကျေးရွာနေ (ဦးချစ်လှိုင်-ဒေါ်ငွေကြည်)တို့၏သား၊ (ဦးပန်းမောင်-ဒေါ်အုန်းမြိုင်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ တိုက်အမှတ် ၇၀၊ အခန်း ၅/B နေ ဒေါ်မြင့်ဝင်း၏ခင်ပွန်း၊ ဗိုလ်ကြီးကိုကိုဦး (ငြိမ်း) (ညွှန်ကြားရေးမှူး၊ စီမံ၊ နေပြည်တော်စည်ပင်)-ဒေါ်သက်သက်လွင်၊ ဒေါ်ဖြူဖြူလတ်(ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)၊ ဦးဇော်ဇော် (Operation Manager, Ayarwaddy Legend Travels Co.,Ltd.)-ဒေါ်မြတ်စန္ဒာအေး၊ ဦးကျော်ကျော်(Multigate Co., Ltd.)-ဒေါ်အေးနန်းသူတို့၏ဖခင်၊ မရည်မွန်ဝင့်အောင်၊ မောင်ကောင်းမြတ်ထက်၊ မောင်ထက်နိုင်သူတို့၏အဘိုးသည် ၄-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၁း၂၅နာရီတွင် နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေပြည်တော်စည်ပင်အိမ်ရာမှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင် နေပြည်တော် စည်ပင်အိမ်ရာ၊ တိုက်အမှတ်(အေ-4)၊ အခန်း ၀၄ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်တင်တင်ပိုက်
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ မြရတနာ ၅လမ်း၊ အမှတ် ၇၃၃နေ ဦးပေါ်မြင့်(ဥပဒေအရာရှိ၊ ငြိမ်း၊ ဇေယျ-၅၉/၆၀)၏ချစ်လှစွာသောဇနီး၊ မလဲ့လဲ့မြင့်၏မိခင်သည် ၂-၇-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် တောင်ငူမြို့၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမင်းကျော်နှင့်မိသားစု**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**
## ဦးကျောက်ခဲ(ခ)ဦးစိုးသိန်း
**သိန်းသန်းငွေး အုတ်၊ သဲ၊ ကျောက်ရောင်းဝယ်ရေး**
**အသက်(၆၀)**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၀)ရပ်ကွက်၊ ပုဂံလမ်းမ၊ အမှတ် ၃၈၂နေ ကိုမောင်မောင်မြင့်-မနုနု၊ ကိုမျိုးအောင်-မမြင့်မြင့်သူတို့၏ဖခင်၊ မောင်စစ်လင်းမောင်၊ မောင်လင်းခန့်မောင်၊ မောင်ဥက္ကာသော်၊ မောင်အောင်သူခန့်တို့၏အဘိုး၊ ဒေါ်မြင့်လှ၏ချစ်လှစွာသော ခင်ပွန်းသည် ၃-၇-၂၀၁၅ရက်(သောကြာနေ့)ည ၈း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၇-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးကျော်စိုး
**အသက်(၄၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၈၀၇၊ နော်ခမ်းဦးလမ်းနေ ဦးဝီလျံတင်ဦး-ဒေါ်မူမူအောင်(ခ)ဒေါ်နွဲ့နွဲ့တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်နေ ဦးတင်ရွှေ-ဒေါ်စန်းရီတို့၏သမက်၊ မဝေမာနိုင်၏ခင်ပွန်း၊ မောင်သက်ကိုဇင်၏ဖခင်သည် ၃-၇-၂၀၁၅ရက် (သောကြာနေ့)ညနေ ၃နာရီတွင် ရန်ကုန်မြို့ စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးကျော်နိုင်ဦး
**အသက်(၄၂)နှစ်**

Golden Brother Golfer Group ၏ အသင်းသားဖြစ်သူ ဦးကျော်နိုင်ဦး၊ နိုင်ထူးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၏မန်နေဂျင်းဒါရိုက်တာသည် ၄-၇-၂၀၁၅ရက် (စနေနေ့) နံနက် ၄း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Golden Brother Golfer Group**

# အနည်းဆုံးအခကြေးငွေ အဆိုပြုနှုန်းထား ထုတ်ပြန်ပြီးနောက်ဝယ်...

**ရန်ကုန် ဇူလိုင် ၄**

အလုပ်သမားများကို ဆင်းရဲမှုက လျော့ကျစေရန်၊ လုပ်ငန်းရှင် အချင်းချင်းယှဉ်ပြိုင်မှုကို တရားမျှတစေရန်နှင့် လုပ်ငန်းခွင်အေးချမ်းသာယာစေရန်အတွက် ကမ္ဘာ့နိုင်ငံပေါင်း ၉၀ ရာခိုင်နှုန်းကျော်တွင် အနည်းဆုံးလုပ်ခလစာကို သတ်မှတ်ထားပြီးဖြစ်ကြောင်း ILO မှတစ်ဆင့် သိရှိရသည်။

မြန်မာနိုင်ငံတွင်လည်း အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန် အမျိုးသားကော်မတီအစည်းအဝေး ခြောက်ကြိမ်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ ပါဝင်သည့် သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပွဲ ၃၀ ကျော်ပြုလုပ်ခဲ့ပြီး စစ်တမ်းကောက်ယူမှုအပိုင်းမှာလည်း Myanmar Development Resource Institute (MDRI) နှင့် ILO တို့ပူးပေါင်းကာ ရန်ကုန်၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးများတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန်အတွက် အခြေခံလိုအပ်ချက်များကို ကွင်းဆင်းကောက်ယူခဲ့ကြသည်။

တစ်ဖန် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန် ဇွန် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင်

*စာမျက်နှာ ၁၃ ကော်လံ ၁* ❐

သတင်းဆောင်းပါး - မင်းသစ်

# မကွေးတိုင်းဒေသကြီး၌ ကမ်းပါးပြို ကာကွယ်မှုလုပ်ငန်းများဆောင်ရွက်



**မကွေး ဇူလိုင် ၄**

မကွေးတိုင်းဒေသကြီးအတွင်း စလင်းမြို့နယ်နှင့် ပခုက္ကူမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုများဖြစ်ပေါ်နေ၍ လူနေအိမ်အချို့ ပြောင်းရွှေ့နေရကြောင်း သိရပြီး ပခုက္ကူ၊ စလင်း၊ ကံမ၊ ဂန့်ဂေါ၊ စကုနှင့် မကွေးမြို့နယ်များ၌ ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရကြောင်း တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ❍

## ၂၀၁၆ အိမ်ဖြူတော် ပြေးလမ်းတွင် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကန်တို့အတွက် စိန်ခေါ်မှုများ

နိုင်ငံတကာရေးရာသုံးသပ်ချက်များ စာ-၅

## စစ်ကိုင်းတိုင်းဒေသကြီး ၂၃ မြို့နယ်တွင် သွေးလွန်တုပ်ကွေး ကူးစက်ဖြစ်ပွားနေ ပြည်သူတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်

စာ-၁၂

# MNL အမှတ်ပေးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၄**

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၁) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့သည်။

တန်းဆင်းအန္တရာယ်မှ ရုန်းထွက်နိုင်ရေး အမှတ်လိုအပ်နေသည့် နေပြည်တော်အသင်းနှင့် ရခိုင်အသင်းတို့ နိုင်ပွဲမရှာဖွေနိုင်ဘဲ သရေတစ်မှတ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ နေပြည်တော်အသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း အသာစီး ရယူနိုင်ခြင်းမရှိဘဲ နိုင်ပွဲဆက်မည့်အခွင့်အရေးကို လက်လွတ်ခဲ့ရသည်။

နေပြည်တော်အသင်း အိမ်ကွင်း၌ ကစားရသောကြောင့် ခြေအသာရခဲ့သော်လည်း တိုက်စစ်ကစားပုံမကောင်း၍ အခွင့်အရေးသိပ်မရခဲ့ပေ။ အသစ်ခေါ်ထားသည့်နိုင်ငံခြားသားတိုက်စစ်မှူး အာကူဖို ခြေစွမ်းမပြနိုင်၍ နေပြည်တော်အသင်း ထိရောက်သည့် တိုက်စစ်ဆင်မှု မလုပ်နိုင်ခဲ့ပေ။ ရခိုင်အသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေးများရခဲ့သော်လည်း နေပြည်တော် ဂိုးသမားနိုင်ဇေယျာထွန်း ကာကွယ်နိုင်ခဲ့သဖြင့် ပထမပိုင်းတွင် ဂိုးမရှိ သရေဖြစ်နေသည်။ *စာမျက်နှာ ၁၀ ကော်လံ ၆* ❖



**နေပြည်တော်နှင့် ရခိုင်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။** ဓာတ်ပုံ- ဖိုးသော်ဇင်




ဒေါ်တင်စန္ဒာဝင်း

## မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ

ကျွန်မက ဘိုကလေးပညာရေးကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းမှ ဆရာမတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနေ့စဉ်ကျောင်းသို့သွားတဲ့အခါ နေကအရမ်းပူပြီး ကျောင်းအချိန်မီအောင်သွားရတဲ့အတွက် ထီးဆောင်းဖို့ကို မေ့-မေ့နေပါတယ်။ နေလောင်ဒဏ်ကြောင့် ကျွန်မမျက်နှာမှာ နေလောင်ကွက်နဲ့ မှဲ့ခြောက်တွေထွက်လာပါတယ်။ နေလောင်ခံ Cream တွေဘယ်လောက်သုံးသုံး အဆီတွေပြန်လာပြီး ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုမရှိသလို ခံစားရပါတယ်။ ကျွန်မ မေမေက **ရွှေပြည်နန်းရှင်မတောင်သနပ်ခါး** ဘူးလေး ဝယ်လာလို့လိမ်းကြည့်လိုက်တော့ ရနံ့လေးက သင်းပြီး စိတ်ရောကိုယ်ပါ လန်းဆန်းသွားပါတယ်။ ကြာကြာသုံးစွဲကြည့်လိုက်တော့ မျက်နှာမှာ နေလောင်ကွက်တွေနဲ့ မှဲ့ခြောက်တွေ မရှိတော့ဘဲ ဖြူပြီးဖွေးလာကာ အဆီမပြန်တော့ဘဲ သနပ်ခါးလည်းတင်လာတာကြောင့် ကိုယ့်ကိုကိုယ်လည်း ယုံကြည်မှုရှိလာခဲ့ပါတယ်။ ရွှေပြည်နန်းကုမ္ပဏီကို ကျေးဇူးအများကြီးတင်ရှိပါတယ်။

ဒေါ်တင်စန္ဒာဝင်း (မူလတန်းပြ) လေ့ကျင့်ရေးအလယ်တန်းကျောင်း၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါ်တင်တင်မြင့်(အလယ်တန်းပြ) အမှတ်(၃)၊ စိန်ပန်းလမ်း၊ (၄)ရပ်ကွက်၊ ဘိုကလေးမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)


မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

